# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

■၁၃၇၇ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက် ၂၀၁၅ ခုနှစ်၊ မေ ၂၈ ရက်၊ ကြာသပတေးနေ့၊ အတွဲ [၅၄]၊ အမှတ် [၂၃၅]


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နီပေါနိုင်ငံ အမျိုးသားနေ့သဝဏ်လွှာများပေးပို့

**နေပြည်တော် မေ ၂၈**

၂၀၁၅ ခုနှစ် မေ ၂၈ ရက်တွင် ကျရောက်သော နီပေါနိုင်ငံ၏ အမျိုးသားနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံမှ နီပေါနိုင်ငံ သမ္မတ ဒေါက်တာရမ်ဘာရမ် ရာဒေ့ဗ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

*စာမျက်နှာ ၃ ကော်လံ ၅* ✻

# ဒေသတွင်းအလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိခြင်းဖြင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာပြီး ရွှေ့ပြောင်းအလုပ်သမားများ ပပျောက်ရေးဆွေးနွေး



**နေပြည်တော် မေ ၂၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ ဗီဂျေ နမ်ဘီးယား ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ (အပေါ်ပုံ)

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်း၊ ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်း၊ ဦးအောင်မင်း၊ ဦးခင်ရီ၊ ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတက လေ့စီးဒုက္ခသည်များကိစ္စနှင့် ပတ်သက်၍ မြန်မာနိုင်ငံမှ

*စာမျက်နှာ ၃ ကော်လံ ၁* ◆

## ဘီလူးကျွန်းနှင့် မော်လမြိုင်ကိုဆက်သွယ်မည့် သံလွင်တံတား(ချောင်းဆုံ) တည်ဆောက်နေ



**ရန်ကုန် မေ ၂၇**

မွန်ပြည်နယ် မော်လမြိုင်မြို့နှင့် ဘီလူးကျွန်း(ချောင်းဆုံမြို့နယ်)တို့ကို ဆက်သွယ်ဆောက်လုပ်လျက်ရှိသည့် သံလွင်တံတား (ချောင်းဆုံ)မှာ နှစ်ဖက်ကမ်းခြေတိုင်များနှင့် ရေလယ်တိုင်အချို့တည်နေပြီဖြစ်ရာ ချောင်းဆုံမြို့နယ်ဘက်ခြမ်း ကညော်ကျေးရွာဘက်တွင် တံတားချဉ်းကပ်လမ်းလည်း ပြုလုပ်လျက်ရှိနေပြီဖြစ်သည်။

သတင်း-မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ-ကေဇင်လင်း

မော်လမြိုင်မြို့ ကျိုက်မုပွန်ရပ်ကွက်နှင့် ဘီလူးကျွန်းဘက် ကညော်ကျေးရွာတို့ကို ဆက်သွယ်ကာ သံလွင်မြစ်ကိုဖြတ်ပြီး တည်ဆောက်လျက် ရှိသည့် သံလွင်တံတား(ချောင်းဆုံ)သည် ကျိုက်မုပွန်ဘက်ခြမ်းတွင်

*စာမျက်နှာ ၈ ကော်လံ ၅* ■

### မှတ်သားဖွယ်ရာမိုးရေချိန်များ

၂၇-၅-၂၀၁၅

| | |
|---|---|
| မြိတ်မြို့ | ၃ ဒသမ ၃၅ လက်မ |
| လောင်းလုံမြို့ | ၁ ဒသမ ၉၇ လက်မ |
| ချောင်းဆုံမြို့ | ၁ ဒသမ ၈၁ လက်မ |
| မြောင်းမြမြို့ | ၁ ဒသမ ၆၁ လက်မ |




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# အခမဲ့ပညာရေး

၂၀၁၅-၂၀၁၆ ပညာသင်နှစ်သည်ကား ပညာရေးလောကတွင် ထူးခြားသောသမိုင်းမှတ်တိုင်သစ်ကို စိုက်ထူနိုင်သောနှစ်တစ်နှစ်ဟု ဆိုရမည်သာဖြစ်ပါသည်။ အကြောင်းသည်ကား အခြေခံပညာရေးကျောင်းအားလုံး အခမဲ့ပညာရေးဆောင်ရွက်နိုင်သောနှစ်ဖြစ်ခြင်းကြောင့် ဖြစ်ပါသည်။ ဤသို့အခြေခံပညာရေးကျောင်းအားလုံး အခမဲ့ပညာရေးဆောင်ရွက်နိုင်ခြင်းသည် ကျောင်းတက်ရန်အခက်အခဲဖြစ်နေသော ကျောင်းသားကျောင်းသူများအားလုံးအတွက် အတားအဆီးများကို ကျော်လွှားနိုင်ခြင်းပင် ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် အခမဲ့ပညာရေးစနစ်ကို ၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှစပြီး ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေနိုင်ရန် မသင်မနေရ အခမဲ့မူလတန်းပညာရေးအစီအစဉ်ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် အခမဲ့အလယ်တန်းပညာရေးအစီအစဉ်ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။ ယခုနှစ် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင်မူ အထက်တန်းအခမဲ့ပညာရေးအစီအစဉ်ကိုပါ ဆောင်ရွက်နိုင်ပြီဖြစ်ပါသည်။ အခြေခံပညာရေးအတန်းအားလုံး အခမဲ့ဆောင်ရွက်နိုင်သောနှစ်ဖြစ်ပါသည်။ ပညာရေးလောကတွင် မင်္ဂလာရှိသော သမိုင်းမှတ်တိုင်သစ်ကို စိုက်ထူနိုင်သောနှစ်ဖြစ်ပါသည်။

ဤသို့ အခမဲ့ပညာရေးစနစ်ဆောင်ရွက်နိုင်အောင်လည်း နိုင်ငံတော်အနေဖြင့် တစ်နှစ်ထက်တစ်နှစ် ပညာရေးဘတ်ဂျက်ကို တိုးမြှင့်ပေးလျက်ရှိပါသည်။ ပညာရေးအသုံးစရိတ်တွင် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်၌ ငွေကျပ် ၃၆၉ ဒသမ ၇၁၄ ဘီလီယံသုံးစွဲခဲ့ရာမှ ယခု ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင်မူ ငွေကျပ် ၁၅၁၄ ဒသမ ၇၇ ဘီလီယံအထိ တိုးမြှင့်သုံးစွဲသွားရန် လျာထားဆောင်ရွက်ထားပါသည်။ ဤကိန်းဂဏန်းများအရ ပညာရေးဘတ်ဂျက်ကို လေးဆကျော်သုံးစွဲလာသည်ကို အထင်အရှားတွေ့နိုင်လိမ့်မည် ဖြစ်ပါသည်။

ထိုသို့ အခမဲ့ပညာရေးမဆောင်ရွက်မီက ကျောင်းသားကျောင်းသူတစ်ဦးသည် ကျောင်းဝင်ကြေး၊ မိဘဆရာအသင်းကြေး၊ ကျောင်းအထွေထွေအသုံးစရိတ်၊ ကျောင်းလခနှင့် စာအုပ်စာတန်းကြေးများကောက်ခံရာ ကျောင်းသားတစ်ဦးအနည်းဆုံး ငွေကျပ် ၁၀၀၀၀ ဝန်းကျင်ရှိမှ ကျောင်းအပ်နိုင်ပါသည်။ ယခုထိုငွေကြေးများကို နိုင်ငံတော်က ကျခံပေးလျက်ရှိပါသည်။ အခမဲ့ပညာရေးစနစ်ကြောင့် ကျောင်းသားမိဘများ သက်သာခွင့်ရရှိလာပါသည်။ ယနေ့ ငွေကြေးတန်ဖိုးအရ ထိုမျှလောက်သောငွေကြေးသည် များလွန်းသည်ဟု မဆိုနိုင်သော်လည်း ဆင်းရဲသောမိသားစုများတွင် အရန်သင့်မရှိကြပါ။ မိမိတို့သားသမီးများ ကျောင်းတက်နိုင်ရန် ကြိုတင်ရှာဖွေစုဆောင်းထားကြရပါသည်။ ကျောင်းသားဦးရေ သုံးလေးဦးရှိသော မိသားစုများတွင် ကျောင်းအပ်ချိန် ကျောင်းအပ်နိုင်ရန် ရုန်းကန်ကြိုးစားအလုပ်လုပ်ကြရပါသည်။ ယခုမူ ထိုအပူအပင်သောကများမှ ကင်းဝေးနိုင်ပြီဖြစ်ပါသည်။ ကျောင်းသားမိဘများက နိုင်ငံတော်ကို အထူးကျေးဇူးတင်လျက်ရှိပါသည်။ လက်ရှိနိုင်ငံတော်အစိုးရလက်ထက် ထင်ရှားသော ပညာရေးပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်နိုင်ခြင်းပင် ဖြစ်ပါသည်။

သို့ပါ၍ ဤသို့ အခမဲ့ပညာရေးစနစ် ကောင်းစွာဖြစ်ထွန်းလာမှုနှင့်အတူ အနာဂတ်ပညာရေးစနစ်သည် ပိုမိုတိုးတက်လာတော့မည်ဖြစ်ပါသည်။ ကျောင်းနေရန် အခက်အခဲရှိသော ကျောင်းသား ကျောင်းသူများအတွက် အတားအဆီးအခက်အခဲများကို ကျော်လွှားနိုင်ပြီဖြစ်သည်။ ဤအခမဲ့ပညာရေးစနစ်ကြောင့် ကျောင်းသား ကျောင်းသူအများစု ကျောင်းတက်လာနိုင်ပြီး အနာဂတ် ပညာတတ်လူငယ်လူရွယ်များ ပိုမိုတိုးတက်များပြားလာရေးကို များစွာအထောက်အပံ့ဖြစ်စေလိမ့်မည်ဖြစ်ပါကြောင်း။ ။

# ကောင်းမွန်သောဈေးကွက်စီးပွားရေးစနစ်အတွက် စီးပွားရေးဥပဒေများပြဋ္ဌာန်းရမည်

**နေပြည်တော် မေ ၂၇**

နေပြည်တော် ဟိုတယ်ဇုန်ရှိ The Hotel Royal ACE တွင် မေ ၂၆ ရက်က အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနအောက်ရှိ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ရှိ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနနှင့် အမေရိကန်ပြည်သူများ၏ အကူအညီပေးရေးအဖွဲ့(USAID)တို့ပူးပေါင်း၍ အစိုးရမှ ပစ္စည်းဝယ်ယူခြင်းများဆိုင်ရာ ဥပဒေ(မူကြမ်း) ရေးဆွဲခြင်းနှင့် စပ်လျဉ်းသော အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်နှင့်အတူ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်၊ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီး ဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ တာဝန်ခံညွှန်ကြားရေးမှူးချုပ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များတက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုရှေ့နေချုပ်က အဖွင့်အမှာစကားပြောကြားရာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅ အရ ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်သမ္မတ၏ ညွှန်ကြားချက်အရ ကောင်းမွန်သောဈေးကွက် စီးပွားရေးစနစ်အတွက် ကောင်းမွန်သော စီးပွားရေးဥပဒေများကို ပြဋ္ဌာန်းရမည်ဟု ညွှန်ကြားခဲ့ကြောင်း၊ ယင်းအတွက် Government Procurement သည် အရေးပါသောစီးပွားရေးကဏ္ဍ (Corner Stone) တစ်ခုဖြစ်ကြောင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးသည် နိုင်ငံတော်အစိုးရမှ ဥပဒေများအားလုံးကို စိစစ်အကြံပေးရန် တာဝန်ရှိသည့်အတွက် ယခုအလုပ်ရုံဆွေးနွေးပွဲသည် အချိန်အခါကောင်းဖြစ်ကြောင်း၊ ပထမအနေဖြင့် မိမိတို့နိုင်ငံတွင် ပဋိညာဉ်ဥပဒေ၊ ကုန်စည်ရောင်းချခြင်းဥပဒေနှင့် အခြားသောပြဋ္ဌာန်းဥပဒေများရှိကြောင်း၊ ဒုတိယအနေဖြင့် UNCITRAL model law for Government Procurement နှင့် နိုင်ငံတကာ အတွေ့အကြုံများကိုလည်း လေ့လာရမည်ဖြစ်ကြောင်း၊ ၄င်းအပြင် Tender စနစ်များကိုလည်း လေ့လာရမည်ဖြစ်ကြောင်း၊ ယခု အလုပ်ရုံဆွေးနွေးပွဲမှ ရရှိလာသော အတွေ့အကြုံများအရ နိုင်ငံတကာစံနှုန်းနှင့်အညီ Government Procurement စနစ်တစ်ရပ်ကိုအခြေခံပြီး ဥပဒေတစ်ခုပြဋ္ဌာန်းနိုင်ရန် ရည်ရွယ်ကြောင်း၊ စီးပွားရေးရှုထောင့်ကို လေ့လာသကဲ့သို့ အပြည်ပြည်ဆိုင်ရာဥပဒေရှုထောင့်ကို လေ့လာသင့်ကြောင်း၊ နိုင်ငံတော်မှ အတည်ပြုလက်မှတ်ရေးထိုးထားသော စာချုပ်များကိုလည်း လေ့လာသင့်ကြောင်း၊ မြန်မာနိုင်ငံအတွက် ရေးဆွဲပြဋ္ဌာန်းမည့် Procurement Law သည် အသုံးဝင်သော ဥပဒေတစ်ရပ်ဖြစ်ရမည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

ဆက်လက်၍ USAID မှ Country Director ဖြစ်သူ Mr. Steve Parker က အမှာစကားပြောကြားရာတွင် ၄င်းတို့၏ Projectသည် မြန်မာ့စီးပွားရေး ပြုပြင်ပြောင်းလဲမှုအတွက် အကူအညီပေးရန်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအတွက် ခိုင်မာသော ဥပဒေစနစ်တစ်ရပ် ပေါ်လာမည်ဟုယုံကြည်ကြောင်း၊ ဝန်ကြီးဌာနတိုင်းသည် နောင်လာမည့်ငါးနှစ်မှ ၁၀ နှစ်အတွင်း ၄င်းတို့၏ Procurement လုပ်ငန်းစဉ်ကို ကောင်းမွန်စွာ ဆောင်ရွက်နိုင်ရန် ရည်ရွယ်ကြောင်း၊ စီးပွားရေးနယ်ပယ်တွင် သင့်လျော်သော Government Procurement စနစ်တစ်ရပ်ကို ကျင့်သုံးလာနိုင်လိမ့်မည်ဟု ယုံကြည်မျှော်လင့်ကြောင်းဖြင့် ပြောကြားသည်။

(သတင်းစဉ်)

# ပဲခူးတိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ တွေ့ဆုံရှင်းလင်း

**နတ်တလင်း မေ ၂၇**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ မေလတတိယပတ်က တိုင်းဒေသကြီးရွေးကောက်ပွဲ ကော်မရှင်အဖွဲ့နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ရပ်ကွက်/ကျေးရွာ အုပ်စုရွေးကောက်ပွဲကော်မရှင်များ တွေ့ဆုံဆွေးနွေးပွဲအခမ်းအနားကျင်းပသည်။ အဆိုပါ အခမ်းအနားတွင် တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမောင်က မကြာမီကျင်းပတော့မည့် ရွေးကောက်ပွဲနှင့်ပတ်သက်၍ သိသင့်သိထိုက်သော ဥပဒေများ၊ နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများကို အကျယ်တဝင့်ရှင်းလင်းပြောကြားခြင်း၊ တက်ရောက်လာသူများက သိလိုသည်များ မေးမြန်းခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီးဥပဒေအရာရှိ ဦးဇော်လင်းမောင်က ဥပဒေနှင့်ပတ်သက်ပြီး သိသင့်သိထိုက်သည်များကို တက်ရောက်လာသူများအား ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

တင်မြင့်(နတ်တလင်း)




ထင်သာမြင်သာပြုပြင်စရာ

# ကျိုက်ပိတံတားနှင့် နွားရေကျော်တံတားပျက်စီးနေ၍ သတိဖြင့်မောင်းနှင်ကြရန်လို

မော်လမြိုင်ကျွန်း- မအူပင် မော်တော်ကားလမ်းတွင် ဂဝံရွှံ့စေးမြေကြီးများဖြင့် လမ်းပခုံးချဲ့ထွင်မှုများဆောင်ရွက်နေစဉ် မိုးအဆက်မပြတ်ရွာသွန်းလျက်ရှိသောကြောင့် ကတ္တရာလမ်းပေါ် အချို့နေရာများတွင် လမ်းပခုံးမှရွှံ့စေးမြေများ ပျံ့နှံ့ရောက်ရှိနေသည်။

ယင်းကတ္တရာလမ်းပေါ်ရှိ ရွှံ့စေးမြေကြီးတို့ကြောင့် ယာဉ်အချို့ဘီးချော်ခြင်း၊ ချဲ့ထွင်ထားသော လမ်းပခုံးဖြင့် ပွတ်တိုက်မိခြင်းနှင့် ယာဉ်အချင်းချင်း ရှောင်တိမ်းရပ်တန့်မောင်းနှင်ရခြင်းတို့ကြောင့် ယာဉ်တိုက်မှုများဖြစ်ဖွယ်ရှိနေသည်။

"လမ်းပခုံးချဲ့ထွင်တာတော့ ကောင်းပါတယ်။ မော်ကျွန်း-မအူပင်ကတ္တရာလမ်းက ခင်းပြီးတာမကြာသေးတော့ အခုလိုမိုးရာသီမှာ တန်ပိုယာဉ်တွေဖြတ်သန်းတာ၊ ယာဉ်ရှောင်တိမ်းရင်း လမ်းပခုံးပွတ်တိုက်မိရာက ကတ္တရာလမ်းပွန်းပဲ့ပျက်စီးမှာကို စိုးရိမ်ရပါတယ်။ ကတ္တရာလမ်းသစ်ရေရှည်တည်တံ့ရေးနဲ့ မပျက်စီးရေးတို့အတွက် ဝိုင်းဝန်းတားဆီးထိန်းသိမ်းပေးကြဖို့လိုပါတယ်"ဟု မော်ကျွန်းမြို့မှ ဒေသခံခရီးသွားတစ်ဦးက ပြောသည်။

အဆိုပါ မော်လမြိုင်ကျွန်း-မအူပင် မော်တော်ကားလမ်းတွင် လမ်းပခုံးချဲ့ထွင်ခြင်း၊ မော်လမြိုင်ကျွန်းမြို့နယ် ကျိုက်ပိတံတားနှင့်နွားရေကျော်တံတားတို့သည် တံတားကြံ့ခိုင်မှုယိုယွင်း ပျက်စီးနေခြင်းတို့ကြောင့် မော်လမြိုင်ကျွန်း-မအူပင်-ရန်ကုန် ခရီးသွားပြည်သူများ ဘေးကင်းလုံခြုံမှု ရှိစေရေးအတွက် ယာဉ်အန္တရာယ်မဖြစ်စေရေး သတိပြု မောင်းနှင်ကြရန်လိုအပ်ကြောင်း သိရသည်။

မြင့်အောင်(မော်ကျွန်း)

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၇-၅-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၁၃၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၇၁၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၁၄၃၀၀ |

**စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၉၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၇၃၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၈၃၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၇၃၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၀၀၀-၄၅၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၆၀၀၀-၈၀၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၇၀၀၀-၁၂၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၈၀၀၀-၂၅၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၇၀၀၀-၁၈၀၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၆၀၀၀-၉၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၈၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၀၉၀ |
| ဥရောပ | တစ်ယူရို | ၁၁၈၅.၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၀၈.၄၃ |
| ထိုင်း | တစ်ဘတ် | ၃၂.၃၀၆ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၀၃၃ |
| တရုတ် | တစ်ယွမ် | ၁၇၅.၇၀ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၉.၉၀ |

**ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း**

| | | |
|---|---|---|
| နှမ်းဆန် (အသစ်) | တစ်အိတ် | ၁၈၀၀၀-၁၈၃၀၀ |
| ပေါက်ကျွဲ | တစ်အိတ် | ၂၆၀၀၀-၂၇၅၀၀ |
| ပေါ်ဆန်း (အသစ်) | တစ်အိတ် | ၃၀၀၀၀-၃၅၀၀၀ |
| မြေပဲဆီ | တစ်ပိဿာ | ၅၀၀၀ |
| စားအုန်းဆီ | တစ်ပိဿာ | ၁၄၁၀ |
| ဆိပ်ဖြူကြက်သွန်နီ (အသစ်) | တစ်ပိဿာ | ၃၂၅-၄၅၀ |
| ရှမ်းကြက်သွန်ဖြူ (အသစ်) | တစ်ပိဿာ | ၁၃၀၀-၁၇၀၀ |
| ကြက်သွန်ဖြူ (ကြူကုတ်သစ်) | တစ်ပိဿာ | ၂၀၀၀-၂၁၀၀ |
| အာလူး (ဟဲဟိုး) | တစ်ပိဿာ | ၄၅၀-၆၇၀ |
| ငရုတ်ရှည် (မိုးထောင်) | တစ်ပိဿာ | ၂၉၅၀-၃၁၀၀ |
| ငရုတ်ပွ (မြစ်ဝ) | တစ်ပိဿာ | ၅၀၀၀-၅၅၀၀ |
| သကြား | တစ်ပိဿာ | ၁၀၅၀-၁၀၇၀ |

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-စေ့ငုတင်ပြသည်။

◆ ရှေ့ဖုံးမှ

များစွာစိုးရိမ်လျက်ရှိပါကြောင်း၊ ကုလသမဂ္ဂ၏မူဝါဒနှင့် နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများနှင့်အညီ လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးအပ်ရန် အသင့်ရှိပါကြောင်း။

လတ်တလော မြန်မာနိုင်ငံတွင် ထိန်းသိမ်းစောင့်ရှောက်ထားသည့် တရားမဝင် လူမှောင်ခိုကူးခြင်းခံရသော လှေစီးဒုက္ခသည်များမှာ မိမိတို့နိုင်ငံမှမဟုတ်ဘဲ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှဖြစ်သော်လည်း ၎င်းတို့၏ စားရေး၊ ဝတ်ရေးတို့အတွက် တတ်စွမ်းသမျှ ကူညီပံ့ပိုးပေးလျက်ရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် အဆိုပါပြဿနာများ မဖြစ်ပေါ်စေရေးအတွက် လိုအပ်သောအခြေခံအချက်များဖြစ်သည့် ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိခြင်းဖြင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာပြီး ရွှေ့ပြောင်းအလုပ်သမားများ ပပျောက်ရေး၊ တရားမဝင် လူမှောင်ခိုကူးဂိုဏ်းများပပျောက်သွားစေရန် ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းဖြေရှင်းနိုင်ရေး၊ လုပ်သားလိုအပ်ချက်ရှိသော နိုင်ငံများမှလည်း တရားဝင်အလုပ်သမားများကို ထိုက်တန်သည့်အခကြေးငွေဖြင့် တရားဝင် ငှားရမ်းဆောင်ရွက်ရေးတို့နှင့် မြန်မာနိုင်ငံမှ ဆောင်ရွက်လျက်ရှိနေသည့် ပကတိအခြေအနေမှန်များကို နိုင်ငံတကာမှ ပိုမိုသိရှိစေရန် တိုးမြှင့်ဆောင်ရွက်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

# မြန်မာဘာသာဖြင့် China.com Website စတင်ထုတ်လွှင့်

**ရန်ကုန် မေ ၂၇**

မြန်မာဘာသာဖြင့် China.com Website စတင်ထုတ်လွှင့်ခြင်းအခမ်းအနားကို ယနေ့ည ၇ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ Novotel ဟိုတယ်၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Yang Houlan နှင့် တရုတ်-မြန်မာချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌ Mr. Geng Zhiguan၊ Global CAMG International Media Group မှ ဥက္ကဋ္ဌ မစ္စတာ ကျန်ကျောက်ချင့်နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။




မြန်မာဘာသာဖြင့် China.com Website စတင်ထုတ်လွှင့်ခြင်းအခမ်းအနား ကျင်းပစဉ်။ (သတင်းစဉ်)

အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Yang Houlan နှင့် Global CAMG International Media Group မှ ဥက္ကဋ္ဌ မစ္စတာ ကျန်ကျောက်ချင့်တို့က အမှာစကားပြောကြားကြသည်။

China.com သည် တရုတ်နိုင်ငံ၌ ပထမဆုံးထုတ်လွှင့်သော Website များတွင်ပါဝင်ပြီး ကျယ်ပြန့်သော Website တစ်ခုဖြစ်ရာ မြန်မာဘာသာဖြင့် ထုတ်လွှင့်သော China.com Website ကို လေ့လာခြင်းဖြင့် တရုတ်နိုင်ငံနှင့် နိုင်ငံတကာရေးရာကိစ္စများကို မြန်မာနိုင်ငံသားများအနေဖြင့် မိခင်ဘာသာစကားဖြင့် သိရှိနားလည်စေမည်ဖြစ်သည်။

အဆိုပါ Website တွင် သတင်းကဏ္ဍ၊ ရုပ်ရှင်ကဏ္ဍ၊ "ယနေ့ တရုတ်ပြည်" E-မဂ္ဂဇင်း၊ Made in China နှင့် ကျန်းမာရေးကဏ္ဍဟူ၍ ကဏ္ဍငါးခုပါဝင်ကြောင်း၊ ရုပ်ရှင်ကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာသတင်းများနှင့် မြန်မာနောက်ခံစကားပြော ဇာတ်လမ်းတွဲများကိုလည်း အွန်လိုင်းမှ တိုက်ရိုက်ကြည့်ရှုနိုင်မည်ဖြစ်ကြောင်းနှင့် ယင်း Website ကို ကွန်ပျူတာနှင့်သာမက မိုဘိုင်းဖုန်းများဖြင့်လည်း ကြည့်ရှုနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

# ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပ

**ဖရူဆို မေ ၂၇**

ကျောင်းနေအရွယ် ကလေးများအားလုံး ကျောင်းအပ်နှံရေး ပြည်သူအများ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးဆိုသည်နှင့်အညီ ၂၀၁၅-၂၀၁၆ ပညာသင်နှစ် ဖရူဆိုမြို့နယ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက မာခရောရှေ့ ကျေးရွာအုပ်စု မာခရောရှေ့ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)၌ကျင်းပခဲ့ကြောင်း သိရသည်။



ဆက်လက်၍ ပညာရေးဝန်ကြီးဌာနမှ ကျောင်းသုံးစာအုပ်များ၊ မူလတန်းကျောင်းဝတ်စုံများ၊ ကယားပြည်နယ်အတွင်းရှိ ကုမ္ပဏီ ၁၄ ခုမှ အလှူငွေကျပ် ၁၃ သိန်း ငါးသောင်း၊ သီးခြားအလှူရှင်များက ကျောင်းသုံးဗလာစာအုပ်ဒါဇင် ၇၀ တို့ကို လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူခဲ့သည်။

၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် မူလတန်းမှ အလယ်တန်းအထိ အခမဲ့ပညာ သင်ယူနိုင်ခြင်းရှိခဲ့ပြီး ယခု ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် မူလတန်းမှ တက္ကသိုလ်ဝင်တန်းအထိ အခမဲ့ပညာသင်ကြားခွင့်ရရှိသည်သာမက မူလတန်းကျောင်းသားကျောင်းသူများကို ကျောင်းဝတ်စုံများ ကူညီပံ့ပိုးပေးခဲ့ကြောင်း သိရသည်။

ကိုကျော်(ဖရူဆို)

**လိပ်သို**

ကရင်ပြည်နယ် လိပ်သိုမြို့ အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ မေ ၂၇ ရက် နံနက် ၉ နာရီခွဲက မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ကျင်းပသည်။

ထို့နောက်ပညာရေးဝန်ကြီးဌာန ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖ စေတနာရှင်များက ထောက်ပံ့လှူဒါန်းသော ကျောင်းနေရန်ခက်ခဲသည့် ကျောင်းသားကျောင်းသူ ၄၃ ဦးအတွက် ကျောင်းသုံးစာအုပ်များ၊ ကျောင်းဝတ်စုံများကို တာဝန်ရှိသူများကပေးအပ်ခဲ့ကြောင်းနှင့် ကျောင်းအပ်နှံရေးသီတင်းပတ်အဖြစ် ကျောင်းအပ်နှံခြင်းများဆောင်ရွက်ပေးကြကြောင်း သိရသည်။

လိပ်သို(ပြန်/ဆက်)

**ဝန်းသို**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ်၌ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို မေ ၂၇ ရက်က အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ကျင်းပခဲ့ရာ မြို့နယ်ပညာရေးမှူး ဒေါ်သန်းသန်းနွဲ့က ပညာရေးဝန်ကြီးဌာနမှ ထောက်ပံ့သောပုံနှိပ်စာအုပ်များ၊ ဗလာစာအုပ်များ၊ ကျောင်းဝတ်စုံများကို ကျောင်းသား ကျောင်းသူများထံပေးအပ်ခဲ့သည်။ ထို့နောက် ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဌေးအောင်၊ မြို့နယ်စီမံကိန်းဦးစီးအရာရှိ ဒေါ်လွင်လွင်နုနှင့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့က ဆင်းရဲနွမ်းပါးသော ကျောင်းသား ကျောင်းသူများအတွက် အလှူငွေများ ထောက်ပံ့ပေးအပ်ခဲ့သည်။

လှမျိုးထွန်း(ဝန်းသို)

✻ ရှေ့ဖုံးမှ

အလားတူ ၂၀၁၅ ခုနှစ် မေ ၂၈ ရက်တွင်ကျရောက်သော နီပေါနိုင်ငံ၏ အမျိုးသားနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ နီပေါနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဆူရှီကွိုင်ရာလာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အဇာဘိုင်ဂျန်သမ္မတနိုင်ငံ အမျိုးသားနေ့သဝဏ်လွှာများပေးပို့

**နေပြည်တော် မေ ၂၈**

၂၀၁၅ ခုနှစ် မေ ၂၈ ရက်တွင် ကျရောက်သော အဇာဘိုင်ဂျန်သမ္မတနိုင်ငံ၏အမျိုးသားနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ အဇာဘိုင်ဂျန်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အီလ်ဟမ် အာလီယေ့(ဗ်) ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အလားတူ ၂၀၁၅ ခုနှစ် မေ ၂၈ ရက်တွင်ကျရောက်သော အဇာဘိုင်ဂျန်သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ အဇာဘိုင်ဂျန်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အာတား ရာစီဇတ်(ဒ်) ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် အဇာဘိုင်ဂျန်နိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

**နေပြည်တော် မေ ၂၈**

၂၀၁၅ ခုနှစ် မေ ၂၈ ရက်တွင်ကျရောက်သော အဇာဘိုင်ဂျန်သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ အဇာဘိုင်ဂျန်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အယ်လ်မာမာမတ်ယာရော့ဗ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် နီပေါနိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

**နေပြည်တော် မေ ၂၈**

၂၀၁၅ ခုနှစ် မေ ၂၈ ရက်တွင်ကျရောက်သော နီပေါနိုင်ငံ၏ အမျိုးသားနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ နီပေါနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ မဟိန္ဒရာ ဘဟာဒါပန်ဒေးထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

❋ ကျောဖုံးမှ

အဆိုပါပြိုင်ပွဲကိုနိုင်ငံပေါင်း ၃၀ကျော်မှ ပြိုင်ပွဲဝင်များ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး မြန်မာအလှမယ်က အားလုံးကို ဖြတ်ကျော်ကာ Winner ရရှိခဲ့ကြောင်း စီစဉ်အုပ်ချုပ်သူအဖြစ် လိုက်ပါသွားသူ မလှနုထွန်းထံက သိရသည်။

ဇွန်သံစဉ်အနေဖြင့် ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် ကိုယ်အလေးချိန်လျှော့ချသည့်လေ့ကျင့်ခန်းများကို လုပ်ဆောင်ခဲ့ရကြောင်းသိရသည်။

ခင်ရတနာ

# သန်းခေါင်စာရင်းပင်မအစီရင်ခံစာ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် မေ ၂၇**

၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ပင်မအစီရင်ခံစာ တရားဝင်ထုတ်ပြန်ခြင်းအခမ်းအနားကို မေ လ ၂၉ ရက်နေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပမည်ဖြစ်သည်။ အဆိုပါအခမ်းအနား ကျင်းပပုံများကို MRTV News Channel၊ MRTV Entertainment Channel နှင့် မြန်မာ့အသံရေဒီယိုအစီအစဉ်တို့မှ ယင်းနေ့နံနက် ၉ နာရီ ၁၅ မိနစ်မှစတင်ပြီး တိုက်ရိုက် (Live) ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)



## အာဒိုဂန်သည် တူရကီကို အဓိကအင်အားကြီး ကာကွယ်ရေးအင်အားစုနိုင်ငံအဖြစ် ပြောင်းလဲ

**အန်ကာရာ မေ ၂၇**

အမေရိကန်ပြည်ထောင်စုမှလွဲ၍ တူရကီသည် နေတိုး၏ အင်အားအကြီးဆုံး တပ်မတော်အဖြစ် နှစ်ပေါင်းများစွာ ကြာအောင် ကြွေးကြော်ခဲ့သည်။ ယခုအခါတွင် တူရကီသမ္မတ အာဒိုဂန်သည် အဆိုပါ ကြွေးကြော်မှုနှင့် လိုက်ဖက်အောင် ၎င်း၏ နိုင်ငံတော်ကာကွယ်ရေး အင်အားစုကို အားသစ်လောင်းမှုများ တိုးမြှင့် လုပ်ဆောင်လိုနေသည်။

အေးချမ်းတည်ငြိမ်မှုမရှိသော ဒေသတွင် အရေးကြီးသော အခန်း ကဏ္ဍမှပါဝင်ရန်အတွက် တူရကီနိုင်ငံကို နှစ်အနည်းငယ်အတွင်း ကိုယ်ပိုင်ကာကွယ်ရေး အင်အားစုတိုးမြှင့်လုပ်ဆောင်ရေးနှင့် ကာလရှည်ကြာ မဟာမိတ်ဖြစ်သော အနောက်အုပ်စုကို အမှီအခိုကင်းရေးသည် တူရကီသမ္မတ အာဒိုဂန်၏ အိပ်မက်ဖြစ်သည်။

လာမည့်လတွင်ကျင်းပမည့် ပါလီမန် ရွေးကောက်ပွဲများတွင် လက်ရှိ အာဏာရ အေကေပါတီက ဦးဆောင်မှု ရရှိရန်အတွက် တစ်မျိုးသားလုံး၏ ထောက်ခံမှု ရရှိအောင် အပြင်းအထန် ကြိုးပမ်းလျက်ရှိသည်။

တူရကီသမ္မတ အာဒိုဂန်က ယင်းနိုင်ငံကို ရိုင်ဖယ်သေနတ်မှစပြီး ဂျက်လေယာဉ်ထိ တင်ပို့နိုင်သော အဓိကနိုင်ငံတစ်ခုဖြစ်ရေးအတွက် တိုက်တွန်းခဲ့သည်။

သမ္မတအာဒိုဂန်သည် အခန်းပေါင်း ၁၀၀၀ ပါသော သမ္မတနန်းတော်ကြီးကို တည်ဆောက်ခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် ၎င်း၏ ယှဉ်ပြိုင်ဘက် ခေါင်းဆောင်များက ၎င်းကို ခေတ်သစ်ဆူလ်တန်ဘုရင်အဖြစ် ပြုမူလုပ်ဆောင်နေသည်ဟု စွပ်စွဲခဲ့သည်။

ကမ္ဘာကြီးတွင် ရန်ပြုသူများရှိနေသမျှ ကာလပတ်လုံး မိမိတို့နိုင်ငံတော်ကာကွယ်ရေးကို အမြဲတမ်းအဆင်သင့် ပြုလုပ်ထားရမည်ဟု အစ္စတန်ဘူလ်၌ကျင်းပသော ကာကွယ်ရေးဝန်ကြီး အစည်းအဝေးတွင် သမ္မတ အာဒိုဂန်က ပြောခဲ့သည်။ သမ္မတ အာဒိုဂန်သည် ခေတ်သစ်သမ္မတ တူရကီနိုင်ငံကို တည်ထောင်လိုသည်။

၎င်းတို့၏ ရည်မှန်းချက်မှာ လာမည့် ၂၀၃၀ ပြည့်နှစ်တွင် အမှီအခိုကင်းသော တပ်မတော်ဖြစ်လာရန် လုပ်ဆောင်နေကြောင်း သမ္မတအာဒိုဂန်က ပြောခဲ့သည်။

**(ရိုက်တာ)**

## အစ္စရေးစစ်လေယာဉ်များ ဂါဇာကိုတိုက်ခိုက်

**ဂါဇာ မေ ၂၇**

အစ္စရေးဘက်သို့ ဒုံးကျည်လေးစင်း ပစ်ခတ်ခဲ့မှုအပေါ် လက်တုံ့ပြန်သောအားဖြင့် အစ္စရေးလေယာဉ်များက ဂါဇာကမ်းမြောင်ဒေသရှိ စစ်ဘက်ဆိုင်ရာ လေ့ကျင့်ရေး အဆောက်အအုံများအပေါ် ဗုဒ္ဓဟူးနေ့ အစောပိုင်း၌ ဒုံးကျည်များဖြင့် တိုက်ခိုက်ခဲ့သည်။

အက်ဖ် ၁၆ ဂျက်တိုက် လေယာဉ်များသည် ဟားမားစ်အုပ်ချုပ်သော ကမ်းရိုးတန်းတစ်လျှောက် ဝဲပျံသွားပြီး ဂါဇာကမ်းမြောင်ဒေသတောင်ပိုင်းနှင့် အလယ်ပိုင်းတို့ရှိ နေရာအချို့မှ ပေါက်ကွဲသံများ ကြားကြောင်း မျက်မြင်တွေ့ရှိသူများက ပြောသည်။

ဂါဇာတောင်ပိုင်းရှိ ရာဖာနှင့် ခန်းယူနစ်မြို့များရှိ စစ်ဘက်ဆိုင်ရာ အဆောက်အအုံများကို တိုက်ခိုက်ခဲ့ပြီး ဂါဇာကမ်းမြောင် အလယ်ပိုင်းနှင့် မြောက်ပိုင်းတို့တွင်လည်း တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြောင်း လုံခြုံရေးတာဝန်ရှိသူများက အတည်ပြုပြောကြားသည်။

ယင်း တိုက်ခိုက်မှုကြောင့် ပျက်စီးမှု အနည်းငယ်ရှိခဲ့သော်လည်း ထိခိုက်ဒဏ်ရာရမှု မရှိဟု ဆေးဘက်ဆိုင်ရာ သတင်းရပ်ကွက်များက ဆိုသည်။ အစ္စရေး တို့၏ ယင်းတိုက်ခိုက်မှုသည် နွေရာသီက ပါလက်စတိုင်း ၂၁၄၅ ဦး သေဆုံးခဲ့ရသည့် ရက် ၅၀ မြေပြင်ဝေဟင် စစ်ပွဲအပြီး ပထမဆုံးအကြိမ် တိုက်ခိုက်မှုဖြစ်သည်။ အစ္စရေးတို့က ဟားမားစ်နှင့် ဂျီဟတ်တို့ပိုင်သော စစ်ဘက်လေ့ကျင့်ရေး အဆောက်အအုံများကို တိုက်ခိုက်ခဲ့သည်ဟု ဆိုသည်။

**(ဆင်ဟွာ)**



## ဖီဖာဘောလုံးအရာရှိ ခြောက်ဦးကို လာဘ်စားမှုဖြင့်ဖမ်းဆီး

**ဇူးရစ်ချ် မေ ၂၇**

ဖီဖာ ဘောလုံးအဖွဲ့ကြီး၏ အုပ်ချုပ်ရေးအပိုင်းတွင် အကျင့်ပျက် ခြစားသည်ဟု သံသယရှိသဖြင့် ဗုဒ္ဓဟူးနေ့က ဘောလုံးအဖွဲ့ချုပ် အရာရှိ ခြောက်ဦးကို ဖမ်းဆီး ထိန်းသိမ်းထားပြီး အမှုကို အမေရိကန်သို့ လွှဲပြောင်းစစ်ဆေးမည်ဟု ဗဟိုတရားရုံးချုပ်က ဆိုသည်။

ဖီဖာဘောလုံးအဖွဲ့ချုပ်၏ အကြီးအကဲအဖြစ်အရွေးခံရန် ယခုသီတင်းပတ်မတိုင်မီကတည်းက ဇူးရစ်ချ်ဟိုတယ်၌ရှိနေစဉ် အရာရှိများအား ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။




အရာရှိ ခြောက်ဦးတို့သည် ဒေါ်လာသန်းပေါင်းများစွာ လာဘ်ပေးလာဘ်ယူ ပြုလုပ်ခဲ့ကြောင်း အမေရိကန်မှ စုံစမ်းစစ်ဆေးသူများက သံသယရှိခဲ့သည်ဟု ဆွစ်ဇာလန် ဗဟိုတရားရုံးချုပ်က သတင်းထုတ်ပြန်ခဲ့သည်။

ဖမ်းဆီးထားသူများတွင် ဖီဖာဘောလုံးအဖွဲ့ဥက္ကဋ္ဌ ဆက်ပ်ဘလက်တာမပါဝင်ဟု ဆိုသည်။

သံသယရှိသူ တစ်ဦးချင်းစီအား ၁၉၉၀ ပြည့်နှစ် အစောပိုင်းကာလများမှ လက်ရှိကာလအထိ လာဘ်ပေးလာဘ်ယူ ပြုလုပ်ခဲ့ခြင်း ရှိမရှိကို နယူးယောက် အရှေ့ပိုင်း ပြည်နယ်ရှေ့နေရုံးမှ စုံစမ်းလျက်ရှိသည်ဟု သိရသည်။

**(ရိုက်တာ)**

## အိန္ဒိယတွင် အပူလှိုင်းကျရောက်မှုကြောင့် သေဆုံးသူ ၈၀၀ နီးပါးရှိလာ

**နယူးဒေလီ မေ ၂၇**

အိန္ဒိယနိုင်ငံတစ်ဝန်း အပူလှိုင်း ကျရောက်လျက်ရှိရာ တနင်္လာနေ့က လူပေါင်း ၉၀ ကျော် သေဆုံးသွားခဲ့ပြီး အပူလှိုင်းကြောင့် သေဆုံးသူ ၈၀၀ နီးပါးရှိသွားပြီဖြစ်ကြောင်း တာဝန်ရှိသူများက အင်္ဂါနေ့၌ပြောကြားသည်။

သေဆုံးသူအားလုံးသည် အပူရှပ်ခြင်း၊ အပူနှင့်ဆက်စပ်သော ဖြစ်စဉ်များကြောင့် သေဆုံးခြင်း ဖြစ်ကြောင်း၊ သေဆုံးမှုအများဆုံးမှာ အန်ဒရာပရာဒေ့ရှ်နှင့် တယ်လီဂန်ဒါ ပြည်နယ်များမှ ဖြစ်ပြီး ၅၅၁ ဦးနှင့် ၂၁၅ ဦး သေဆုံးခဲ့ကြောင်း တာဝန်ရှိသူများက ပြောသည်။

အဆိုပါ ပြည်နယ်နှစ်ခု၌ တနင်္လာနေ့က အပူချိန် ၄၅ ဒီဂရီ ဆဲလ်စီးရပ်စ်နှင့် ၄၂ ဒီဂရီ ဆဲလ်စီးရပ်စ်အထိ မြင့်တက်ခဲ့ကြောင်း၊ အင်္ဂါနေ့က မြို့တော်နယူးဒေလီ၌ အပူချိန် ၄၅ ဒီဂရီဆဲလ် စီးရပ်စ်အထိ စံချိန်တင် မြင့်တက်ခဲ့ကြောင်း သိရသည်။

အိန္ဒိယမိုးလေဝသဌာနက လာမည့်ရက်များအတွင်း နိုင်ငံအတွင်းရှိ ဒေသအများစု၌ အပူချိန် ဆက်လက်မြင့်တက်လာနိုင်ကြောင်း သတိပေးကြေညာချက်ထုတ်ပြန်ထားသည်။

**(ဆင်ဟွာ)**

## အိုကလာဟိုးမားနှင့် တက္ကဆက်တွင် မုန်တိုင်းတိုက်ခတ်မှုကြောင့် ၁၇ ဦး သေဆုံး



**ဟူစ်တန် မေ ၂၇**

အိုကလာဟိုးမားနှင့် တက္ကဆက်ပြည်နယ်တို့တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လူ ၁၇ ဦး သေဆုံးခဲ့သည်။ ဟူစ်တန်လမ်းမများပေါ်တွင်လည်း ရေကြီးမှုများဖြစ်ပေါ်ပြီး လူဦးရေ ၁၀၀၀ ခန့် ဒုက္ခရောက်နေကြောင်း အင်္ဂါနေ့က သက်ဆိုင်ရာက ပြောသည်။

အောက်မေ့ဖွယ်နေ့ ရုံးပိတ်ရက်အတွင်း မုန်တိုင်းတိုက်ခတ်ခဲ့ပြီးနောက် တက္ကဆက်ပြည်နယ်၌ ပျောက်ဆုံးလူဦးရေ အရေအတွက်များပြားနေကြောင်း သိရသည်။

အဆိုပါ မုန်တိုင်းကြောင့် ရေကြီးမှုများဖြစ်ပေါ်ပြီး အိမ်ပေါင်းများစွာ၊ တံတားများနှင့် ရေမြောင်းများ ပျက်စီးသွားခဲ့သည်။

မိသားစု အတော်များများမှာ ၎င်းတို့၏ ကားများ ရေထဲမျောပါသွားကြသဖြင့် ကားများကို ထားခဲ့ပြီး ထွက်ပြေးခဲ့ကြရကြောင်း ဟူစ်တန်မြို့တော်ဝန် အန်းနီးစ်ပါကာက သတင်းစာ ရှင်းလင်းပွဲတွင်ပြောသည်။ ဟူစ်တန်တွင် လူနှစ်ဦးမှာ ၎င်းတို့၏ကားများထဲတွင် သေဆုံးနေကြပြီး အခြားနှစ်ဦးမှာ မြစ်အတွင်း သေဆုံးလျက် တွေ့ရသည်။

အိုကလာဟိုးမားပြည်နယ်တွင်မူ ရုံးပိတ်ရက်အပြီး ရာသီဥတုဆိုးရွားစွာ ဖောက်ပြန်မှုကြောင့် လူခြောက်ဦး သေဆုံးခဲ့ကြောင်း ဆေးဘက်ဆိုင်ရာဌာနမှ သိရသည်။

မြို့အတွင်း ပျက်စီးဆုံးရှုံးမှု သိပ်မရှိဟု ပါကာက ပြောသော်လည်း ယာဉ်စီးရေ ၁၀၀၀ ကျော် ရေကြီးမှုတွင် ပျက်စီးခဲ့ရပြီး လူအများသည် ရေလွှမ်းမိုးနေသော လမ်းမများတွင် စက်ဘီးများ၊ အသေးစားလှေများ၊ လှိုင်းစီးပျဉ်ပြားများဖြင့် အစားထိုးသွားလာနေကြရသည်။

ဟူစ်တန် မီးသတ်ဌာနက လူဦးရေ ၅၀၀ ခန့်ကို လှေများဖြင့် ကယ်ဆယ်ခဲ့ရကြောင်း ဒေသတွင်း သတင်းမီဒီယာများတွင် ဖော်ပြထားသည်။

**(ရိုက်တာ)**

# ရုရှားနိုင်ငံ မော်စကိုမြို့၌ မြန်မာထေရဝါဒဗုဒ္ဓစင်တာ ဖွင့်လှစ်မည်

နေပြည်တော် မေ ၂၇

**ရုရှားနိုင်ငံ မော်စကိုမြို့၌ မြန်မာထေရဝါဒဗုဒ္ဓစင်တာ(မော်စကို)ကို ဇူလိုင် ၁ ရက် (ဝါဆိုလပြည့်နေ့)တွင် ကျောင်းရေစက်ချပွဲ အလှူတော်မင်္ဂလာ ပြုလုပ်မည်ဖြစ်ကြောင်း သိရှိရသည်။**

အဆိုပါ ဗုဒ္ဓစင်တာ၏ မတည် အလှူရှင်များမှာ သီတဂူဆရာတော်ကြီး ဒေါက်တာအရှင်ဉာဏိဿရ၊ ဓမ္မဒူတဆရာတော် ဒေါက်တာ အရှင်ဆေကိန္ဒ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့ အမှူးပြုသော တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများ၊ ရုရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးတင်ယုနှင့်ဇနီး အမှူးပြုသော မြန်မာပညာသင် သင်တန်းသားများနှင့် အနယ်နယ် အရပ်ရပ်မှ အလှူရှင်များဖြစ်ကြသည်။

ဗုဒ္ဓစင်တာကို ၂၀၁၃ ခုနှစ် စက်တင်ဘာလမှစတင်၍ ရုရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးစီး ကျောင်းတိုက်ဖြစ်မြောက်ရေး အကျိုးတော်ဆောင်များနှင့် တည်ထောင်ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး ကျောင်းရေစက်ချပွဲ အလှူတော်မင်္ဂလာ အခမ်းအနားသို့ မြန်မာနိုင်ငံမှ သီတဂူဆရာတော်ကြီး အမှူးပြုသော ဆရာတော် သံဃာတော်ရှစ်ပါး၊ အမေရိကန်နိုင်ငံ၊ အင်္ဂလန်နိုင်ငံ၊ ဂျာမနီနိုင်ငံတို့မှ သံဃာတစ်ပါးစီ၊ စင်ကာပူနိုင်ငံမှ သီလရှင်ဆရာကြီး တစ်ပါး၊ ရုရှားနိုင်ငံရှိ ထေရဝါဒဗုဒ္ဓဘာသာဝင် သံဃာတော်များ၊ မဟာယာန ဗုဒ္ဓအဖွဲ့အစည်းများမှ ရဟန်းသံဃာများ၊ လူပုဂ္ဂိုလ်များ တက်ရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

လှူဒါန်းနိုင်သည့် ပစ္စည်းနှင့် စျေးနှုန်းများမှာ ကျောင်းထိုင်သာသနာပြုမည့် သံဃာများနှင့် ကျောင်းတိုက်ကြီး ရေရှည်တည်တံ့ရန်အတွက် ထာဝရငွေပဒေသာပင် တစ်ခုလျှင် အမေရိကန်ဒေါ်လာ ၅၀ နှုန်းဖြင့် ငွေပဒေသာပင် ၂၀၀၊ ပေ ၂၀ × ၁၅ ပေအရွယ်ရှိ ကြိုဆိုဧည့်ခံရေး ကျောင်းတိုက်ငယ်တည်ဆောက်ခြင်းအတွက် အမေရိကန်ဒေါ်လာ နှစ်သောင်း၊ ရေပိုက်စနစ်၊ မိလ္လာကန်စနစ်များ တည်ဆောက်ခြင်းတို့အတွက် အမေရိကန်ဒေါ်လာ ၁၀၀၀၀ တို့အပါအဝင် စေတနာရှင်အလှူရှင်များ သဒ္ဓါတရားရှိသလောက် ပါဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။

မြန်မာ ထေရဝါဒဗုဒ္ဓစင်တာ (မော်စကို) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လိုသူများနှင့် ဆက်လက်ပြုပြင် တည်ဆောက်လျက်ရှိသည့် အဆောက်အအုံများအတွက် ပါဝင်လှူဒါန်းလိုပါက ဦးဆန်းမင်းနိုင် (ပြင်ဦးလွင်) ဖုန်း-၀၉-၃၀၁၂၅၁၇၁ သို့ လည်းကောင်း၊ ဦးကျော်ဇော်ရဲ (ရုရှားနိုင်ငံ)ဖုန်း - +၇၉၀၉၉၄၂၂၇၉၆၊ Kyawzawye85@gmail.com၊ ကျော်မြတ်သူ(ရုရှားနိုင်ငံ) ဖုန်း - +၇၉၂၉၉၆၉၃၁၈၄ နှင့် အခြားနီးစပ်ရာ သင်တန်းသားများထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း ရုရှားနိုင်ငံရှိ မြန်မာထေရဝါဒဗုဒ္ဓစင်တာ (မော်စကို) ဖြစ်မြောက်ရေးကော်မတီမှ သတင်းရရှိသည်။

(သတင်းစဉ်)



## သာစည်မြို့နယ်မှတွေ့ရှိခဲ့သည့် ကျောက်စာချပ် နန်းတွင်းကျောက်စာရုံ၌ ထိန်းသိမ်းစိုက်ထူ

မိတ္ထီလာ မေ ၂၇

မိတ္ထီလာခရိုင် သာစည်မြို့နယ် ဆင်ရွာမှ တူးဖော်တွေ့ရှိခဲ့သည့် ကျောက်စာချပ်ကို မန္တလေးမြို့နန်းတွင်းရှိ ကျောက်စာရုံ၌ မေ ၂၇ ရက်က စိုက်ထူထိန်းသိမ်းထားရှိကြောင်း သိရသည်။

အဆိုပါ ကျောက်စာချပ်ကို ဆင်ရွာနေ တောင်သူ ဦးထူးက ၎င်း၏ ယာခင်းအတွင်းမှ တွေ့ရှိခဲ့ရာ မန္တလေးတိုင်းဒေသကြီး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက သွားရောက်စစ်ဆေးခဲ့ကာ မေ ၂၆ ရက်တွင် မန္တလေးမြို့သို့ သယ်ဆောင်လာခဲ့ကြောင်း သိရသည်။

"ကျောက်စာကို မင်းကူးဆောင်ရွက်ပြီး ဦးစီးဌာနကို တင်ပြထားပါတယ်။ တန်ဖိုးမဖြတ်နိုင်တဲ့ ရှေးဟောင်းအမွေအနှစ်ဖြစ်တဲ့အတွက် ထိန်းသိမ်းစောင့်ရှောက်နိုင်ဖို့ သက်ဆိုင်ရာအုပ်ချုပ်ရေးမှူး၊ သာစည်မြို့နယ် ရဲတပ်ဖွဲ့မှူးတို့ရဲ့ အကူအညီနဲ့ မန္တလေးကိုသယ်လာပြီး နန်းတွင်းကျောက်စာရုံမှာ စိုက်ထူပေးထားပါတယ်။ ပညာရှင်တွေ စိတ်ဝင်စားသူတွေ သွားရောက်လေ့လာနိုင်ပါတယ်" ဟု ၎င်းက ပြောသည်။ ယခုအခါ ကျောက်စာချပ်ကို ပျူကျောက်စာပညာရှင် ဦးစိန်ဝင်း ဦးဆောင်၍ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ဝန်ထမ်းများက အက္ခရာဖလှယ်၍ ဘာသာပြန်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

## နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

နေပြည်တော် မေ ၂၇

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ၂၀၁၅ ခုနှစ် မေ ၂၇ ရက်တွင် **ခေတ်သစ်ပြည်ထောင်စုပါတီနှင့် စည်းလုံးညီညွတ်သော ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ**တို့က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လာရောက်လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက် ပုံနှိပ်ထုတ်ဝေသူ လုပ်ငန်းရှင်များမှ စာအုပ်စာစောင်များနှင့် Electronic Document များ ပေးအပ်ကြရေး အသိပေးကြေညာချက်

စာအုပ်စာစောင် ပုံနှိပ်ထုတ်ဝေသူလုပ်ငန်းရှင်များသည် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေ ၁၅၊ နည်းဥပဒေခွဲ(က)အရ မိမိတို့ထုတ်ဝေသော စာအုပ်စာစောင်လေးအုပ် သို့မဟုတ် လေးစောင်နှင့် Electronic Document တို့အား ပြန်ကြားရေးဝန်ကြီးဌာနသို့ အဖိုးအခလွတ် ပေးအပ်ရမည်ဖြစ်ပါသည်။ သို့ရာတွင် ပုံနှိပ်ထုတ်ဝေရေးလုပ်ငန်းရှင်များက စာအုပ်အရောင်းဆိုင်များသို့ ပေးပို့ထားသော စာအုပ်စာရင်းနှင့် ပြန်ကြားရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲသို့ လာရောက်ပေးအပ်သော စာအုပ်စာရင်းတို့ကို တိုက်ဆိုင်စစ်ဆေးရာတွင် ၁၄-၅-၂၀၁၅ ရက်နေ့အထိ အသစ်ထွက်ရှိသောစာအုပ် ၂၇၃ အုပ်အနက် ပြန်ကြားရေးဝန်ကြီးဌာနသို့ ပေးအပ်သော စာအုပ် ၁၃၉ အုပ်သာရှိသဖြင့် ၁၃၄ အုပ်မှာ လာရောက်ပေးအပ်ခြင်းမရှိကြောင်း တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပုံနှိပ်ထုတ်ဝေရေးလုပ်ငန်းရှင်များသည် မိမိတို့ပေးအပ်ရန်ကျန်ရှိသော စာအုပ်စာစောင်များနှင့် Electronic Document များကို သက်ဆိုင်ရာဌာနသို့ ၁၅-၆-၂၀၁၅ ရက်နေ့နောက်ဆုံးထား၍ လာရောက်ပေးအပ်ကြပါရန်နှင့် ပေးအပ်ရန်ပျက်ကွက်ပါက ဥပဒေအရအရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ကရင်ပြည်နယ်၊ ဘားအံမြို့၊ ရတနာဒီပ အမှတ်(၉)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းတွင် ပါတီရုံးချုပ်တည်ရှိသော **စည်းလုံးညီညွတ်သော ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ**က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၂၇-၅-၂၀၁၅ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

**စည်းလုံးညီညွတ်သော ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ၏ အလံပုံစံ**



**စည်းလုံးညီညွတ်သော ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ၏ တံဆိပ်ပုံစံ**




## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၃)ရပ်ကွက်၊ ကုန်သည်လမ်း၊ အမှတ်(၆၄၇)တွင် ပါတီရုံးချုပ်တည်ရှိသော **ခေတ်သစ်ပြည်ထောင်စုပါတီ**က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၂၇-၅-၂၀၁၅ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းကအသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ခေတ်သစ်ပြည်ထောင်စုပါတီ၏ အလံပုံစံ**




**ခေတ်သစ်ပြည်ထောင်စုပါတီ၏ တံဆိပ်ပုံစံ**




ရွှေဆောင်(၁) ၀၁-၂၅၂၁၁၃ ၀၁-၃၈၈၀၃၄ | မင်္ဂလာ(၂) ဗဟိုစင်တာ(၂) မြေနီကုန်း ဖုန်း - ၀၉၇၃၂၅၄၀၉၁ ၀၉၇၃၂၅၄၀၉၂ | မင်္ဂလာ စံပြ ဖုန်း - ၀၉၂၆၀၀၀၇၀၃၅ ၀၁ ၂၃၀၃၁၆၅ ၀၉ ၇၃၁၇၆၀၀၀ | မင်္ဂလာဒိုင်းမွန်း ဒိုင်းမွန်းပလာဇာ(၅)လွှာ မန္တလေး ဖုန်း-၀၉၄၀၂၇၆၅၆၄၁ ၀၉၄၀၂၇၆၅၆၄၂ | မင်္ဂလာထွန်းသီရိ (မြိတ်) ၀၉၇၉၁၁၀၇၇၅၁ ၀၉၇၉၁၁၀၇၇၅၂ | ၂၉-၅-၂၀၁၅ ရက်မှ စတင်၍ တစ်ပြိုင်တည်းပြပြီ
ပွဲချိန်သတိပြု ၁၀း၀၀နာရီ ၁၂း၃၀နာရီ ၃း၃၀နာရီ ၆း၃၀နာရီ ၉း၃၀နာရီ




နေပြည်တော် ဖုန်း - 251277 251288 | မင်္ဂလာ စံပြ ဖုန်း - ၀၉၂၆၀၀၀၇၀၃၅ ၀၁ ၂၃၀၃၁၆၅ ၀၉ ၇၃၁၇၆၀၀၀ | မင်္ဂလာဒိုင်းမွန်း ဒိုင်းမွန်းပလာဇာ(၅)လွှာ မန္တလေး ဖုန်း-၀၉၄၀၂၇၆၅၆၄၁ ၀၉၄၀၂၇၆၅၆၄၂ | ၂၉-၅-၂၀၁၅ ရက်မှ စတင်၍ တစ်ပြိုင်တည်းပြပြီ
ပွဲချိန်သတိပြု ၁၀း၀၀နာရီ ၁၂း၃၀နာရီ ၃း၃၀နာရီ ၆း၃၀နာရီ ၉း၃၀နာရီ



# မြွေနှင့် မြွေအန္တရာယ်အကြောင်း သိကောင်းစရာ

ဒေါ်အေးအေးအောင်
(မွေး/ဆေး)

ကျွန်ုပ်တို့နေထိုင်သော ပတ်ဝန်းကျင်တွင် မြွေများသည် ပုံစံအမျိုးမျိုးဖြင့် နေထိုင်ကျက်စားလေ့ရှိရာ အဆိပ်ရှိသောမြွေများသည် လူနှင့်တိရစ္ဆာန်များကို သေစေနိုင်သည်အထိ အန္တရာယ်ပေးလေ့ရှိသောကြောင့် ယင်းမြွေများ၏အလေ့အထများကို ရေးသားတင်ပြလိုပါသည်။

မြွေများသည် သွေးအေးသတ္တဝါအုပ်စုတွင် ပါဝင်ပြီး တွားသွားသတ္တဝါများ ဖြစ်ကြပါသည်။ အများစုမှာ ကုန်းနေသတ္တဝါများဖြစ်ပြီး ရေမှာနေထိုင်နိုင်သော မျိုးစိတ်များလည်း ရှိသေးသည်။ အချို့မှာ ကုန်းပေါ်တွင် နေထိုင်ကြပြီး အစာရှာဖွေချိန်တွင် ရေထဲဆင်းလေ့ရှိပါသည်။ မြွေအများစုသည် ဆောင်းရာသီတွင် အအေးဒဏ်ခံနိုင်ရန်အတွက် ကျောက်ဆောင်များ၊ မြေတွင်းများနှင့် မြေမျက်နှာပြင်အောက်တွင် နေရာရှာဖွေပြီး ဆောင်းခိုလေ့ရှိပါသည်။ ထို့အပြင် မြွေများသည် တစ်နှစ်လျှင်နှစ်ကြိမ် အရေခွံလဲလေ့ရှိပြီး ထိုအချိန်တွင် ယာယီမျက်စိကန်းနေတတ်ပါသည်။ အရေခွံမလဲခင်အချိန်တွင် အရေပြားများခြောက်သွေ့လာပြီး မျက်စိအရောင်မှာ မှုံပြာပြာ ဖြစ်လာပါသည်။ ထိုအချိန်တွင် အစာစားခြင်းကို ရပ်နားထားပြီး ဆိတ်ငြိမ်သောနေရာတွင် ပုန်းအောင်းနေထိုင်လေ့ရှိပါသည်။ အရေခွံလဲခါနီးအချိန်တွင် အရေခွံဟောင်း၏ အတွင်းဘက်မျက်နှာပြင်သည် အရည်များဖြင့် စိုနေတတ်ပါသည်။ ယင်းသို့ဖြစ်ရခြင်းမှာ အရေခွံဟောင်း၏အောက်တွင် အရေခွံအသစ်တစ်ခု သီးခြားဖြစ်ပေါ်လာခြင်းကြောင့်ဖြစ်ပါသည်။ အရေခွံလဲပြီးချိန်တွင် မှုလမွဲခြောက်နေသော အရေပြားမှာ ပြန်လည်တောက်ပလာပြီး မျက်စိလည်းကြည်လင်လာပါသည်။ အရေခွံလဲခြင်းဖြင့် မြွေ၏ကိုယ်တွင် ကပ်ငြိနေသော ကပ်ပါးကောင်များကို ဖယ်ရှားပေးပြီး ဖြစ်ပါသည်။

သားစားသတ္တဝါများ ဖြစ်ကြသည့်အလျောက် သားကောင်ကို ဖမ်းဆီးရာတွင် ခက်ရင်းခွနှင့်တူသော လျှာဖြင့် သားကောင်၏အနံ့ကိုခံရန် အာရုံခံအင်္ဂါအဖြစ် အသုံးပြုပြီး အမှောင်ထဲရှိ သားကောင်ကိုပင် အာရုံခံနိုင်စွမ်းရှိပါသည်။ မြွေဟောက်နှင့် အဆိပ်ရှိမြွေအများစုသည် အင်းဆက်များ၊ ငှက်များ၊ ငှက်ဥများနှင့် တခြားမြွေများကို ဖမ်းယူစားသောက်လေ့ရှိပါသည်။ သားကောင်ကို ဖမ်းဆီးရာတွင် အဆိပ်ပါသော အစွယ်ဖြင့်ပေါက်လိုက်ပြီး သားကောင်၏ ခန္ဓာကိုယ်အတွင်းသို့ ထိုးသွင်းပျံ့နှံ့စေပြီး အဆိပ်ကြောင့် သားကောင်မရွေ့လျားနိုင်ပဲ သေဆုံးသွားသောအခါ တစ်ကောင်လုံးကို မြိုချနိုင်ပါသည်။ ယင်းထိုးသွင်းလိုက်သည့် အဆိပ်တွင် အင်ဇိုင်းများပါဝင်သည့်အတွက် သားကောင်ကို မြိုမချခင်ကတည်းက အစာခြေဖျက်ခြင်းလုပ်ငန်းကို စတင်ပါသည်။

အဆိပ်ရှိမြွေမျိုးစိတ်တွင် တောကြီးမြွေဟောက်သည် အဆိပ်အပြင်းဆုံးနှင့် ခန္ဓာကိုယ်အရှည်ဆုံးမြွေများဖြစ်သည်။ သက်တမ်းမှာ နှစ်ပေါင်း ၂၀ ခန့်အထိရှိနိုင်ပြီး တောတောင်ထူထပ်သည့် နေရာများ၊ စမ်းချောင်းများ၊ ရေကန်များ၏အနီးတွင် နေထိုင်ကျက်စားလေ့ရှိပါသည်။ ယင်းမြွေများသည် ဥ ဥသည့်အလေ့အထရှိပြီး တစ်ခါဥလျှင် ဥပေါင်း ၂၀ မှ ၄၀ ခန့်အထိ ဥချလေ့ရှိပါသည်။ မိမိဥများအတွက် တောင်ပို့ကဲ့သို့ အသိုက်ဆောက်လေ့ရှိပြီး ဥများကို ဖွဲ့ကြီးစွာ ကာကွယ်လေ့ရှိကြပြီး အကောင်ပေါက်ရန်အတွက် တောင်ပို့အတွင်းတွင် ဥဝပ်လေ့ရှိ၍ အပူချိန်အနည်းဆုံး ၂၈ ဒီဂရီစင်တီဂရိတ် လိုအပ်ပါသည်။ ဥများအကောင်ပေါက်မှသာလျှင် တောင်ပို့မှ ထွက်ခွာ၍ သားပေါက်များအတွက် အစာရှာထွက်လေ့ရှိပါသည်။ သားပေါက်များ၏ အဆိပ်သည် သက်ကြီးကောင်၏ အဆိပ်ကဲ့သို့ပင် ပြင်းထန်ပါသည်။

ရပ်ရွာ၊ နေအိမ်အဆောက်အအုံများတွင် တွေ့ရသော မြွေဟောက်မျိုးစိတ်တစ်မျိုးမှာ ( Common Cobra ) ဖြစ်ပါသည်။ ခန္ဓာကိုယ်မှာ ရှည်လျားသေးသွယ်ပြီး ၆ပေ မှ ၁၀ပေ ထိ ရှည်နိုင်ပါသည်။ ခန္ဓာကိုယ်၏ရှေ့ပိုင်း လေးပုံတစ်ပုံလောက်အထိ လည်ပင်းကိုပြားပြီး ပါးပျဉ်းထောင်၍ သားကောင်ကို ဖမ်းနိုင်စွမ်းရှိပါသည်။ မြွေဟောက်မျိုးနွယ်များ၏အဆိပ်အမျိုးအစားသည် အာရုံကြောကိုထိသော အဆိပ်အမျိုးအစားဖြစ်ပြီး ကိုက်ခံရလျှင် ကြွက်သားများသေခြင်း၊ ဆဲလ်များပျက်စီးသည့် လက္ခဏာဖြစ်သည့် ရောင်ရမ်းခြင်းနှင့် ထိုင်းမှိုင်းလေးလံခြင်းကိုဖြစ်စေပြီး အချိန်မီမကုသနိုင်လျှင် သေဆုံးသည်အထိ ဖြစ်စေပါသည်။ ယင်းမြွေဆိပ် အရေပြားကိုထိမိလျှင် အပြင်းအထန်ယားယံခြင်းကိုဖြစ်စေပြီး၊ မျက်စိထဲဝင်လျှင် မီးလောင်သကဲ့သို့ ခံစားရပြီး ယာယီ သို့မဟုတ် အပြီးတိုင်မျက်စိကွယ်နိုင်ပါသည်။ များသောအားဖြင့် မြွေဟောက်သည် ပါးပျဉ်းထောင်ကိုက်သည့်အတွက်ကြောင့် ခြေသလုံးနှင့် ခြေမျက်စိအထက်တွင် ကိုက်လေ့ရှိပါသည်။

မြွေပွေးသည် ခန္ဓာကိုယ်တုတ်ခိုင်ပြီး အလျားမှာ သုံးပေ မှ လေးပေ အထိသာရှိပါသည်။ တစ်သက်တစ်ခါသာ သားပေါက်နိုင်ပြီး အကောင်ပေါက်ချိန်တွင် သားပေါက်များသည် မိခင်၏ဝမ်းဗိုက်ကိုဖောက်၍ ထွက်ရသဖြင့် မြွေပွေးပေါက်များ အပြင်သို့ရောက်ချိန်တွင် မိခင်သည် သေဆုံးရပါသည်။ မြွေဆိပ်အမျိုးအစားသည် သွေးဆဲလ်များကို ဖျက်ဆီးသည့် အဆိပ်ဖြစ်သဖြင့် သွေးထွက်လွန်ခြင်းနှင့် သွေးယိုစီးသော အနာစိမ်းတို့ဖြစ်စေပြီး အကိုက်ခံရသောနေရာတွင် ရောင်ရမ်းလာစေပါသည်။ ဆေးကုသမှုမခံယူလျှင် နာရီအနည်းငယ်အတွင်း သေစေနိုင်ပါသည်။ ခြေမျက်စိနှင့် ခြေဖမိုးကိုကိုက်လျှင် မြွေပွေးဖြစ်နိုင်ခြေများပါသည်။

ငန်းတော်ကြား မျိုးစိတ်များသည်လည်း အဆိပ်ရှိသည့် မြွေများဖြစ်ကြပြီး ခန္ဓာကိုယ်တွင် အနက်နှင့်အဝါကန့်လန့်ဖြတ်အစင်းများ ပါရှိပါသည်။ တောတောင်ထူထပ် သည့် တောင်ပို့များထဲတွင် နေထိုင်လေ့ရှိကြပြီး တစ်ခါတရံ လူနေအိမ်ခြေများတွင် တွေ့ရပါသည်။ ယင်းမြွေများသည် ရန်သူနှင့်တွေ့သောအခါ ကြောက်တတ်ပြီး ဦးခေါင်းကို ခွေဝှက်ထားတတ်ကြပါသည်။ ညအချိန်တွင် အလွန်လျင်မြန်ကြပြီး အန္တရာယ်ရှိသော မြွေမျိုးဖြစ်ပါသည်။ ဥ ဥချသည့် အလေ့အထရှိပြီး မေလတွင် အကောင်ပေါက်လေ့ရှိသည်။ များသောအားဖြင့် အပူပိုင်းဒေသတွင် အဆိပ်ရှိသည့်မြွေများကို ပေါများစွာ တွေ့ရတတ်ပါသည်။

အဆိပ်မရှိသည့်မြွေအများစုမှာ အမြီးသေးသွယ်ပြီး သွားလာလှုပ်ရှားမှု လျင်မြန်ပါသည်။ အဆိပ်ရှိသော မြွေအများစုမှာ အမြီးတုတ်တိုပြီး လှုပ်ရှားမှုနှေးကွေးတတ်ကြပါသည်။ အကယ်၍ မြွေကိုက်ခံရလျှင် အသက်ဆုံးရှုံးမှု မဖြစ်စေရန်အတွက် ဆေးရုံသို့ လျင်မြန်စွာ ပို့ဆောင်မည်ဖြစ်ပြီး ကိုက်သည့်မြွေကိုပါ တစ်ပါတည်း သတ်၍ ယူဆောင်လာရပါမည်။ မြွေကို သားရေလက်အိတ်မပါဘဲ ကိုင်တွယ်ခြင်းကို ရှောင်ကြဉ်ရပါမည်။ ကြွက်သားများ လှုပ်ရှားမှုကြောင့် သွေးကြောများအတွင်းသို့ မြွေဆိပ်များ လျင်မြန်စွာ ပျံ့နှံ့နိုင်သည့်အတွက်ကြောင့် လူနာကို သက်သောင့်သက်သာရှိမည့်နေရာတွင် လဲလျောင်းထားပြီး ကိုက်သည့်နေရာကို ကြပ်စည်းထားရပါမည်။ ဒဏ်ရာကို ခွဲစိတ်ခြင်း၊ ပွတ်တိုက်ခြင်း၊ နှိပ်နယ်ခြင်းများကို ရှောင်ရှားရပါမည်။ ထိုသို့ပြုလုပ်ခြင်းကြောင့် အဆိပ်များ ပိုမိုလျင်မြန်စွာ ပျံ့နိုင်ခြင်း၊ ရောဂါများ လွယ်ကူစွာ ဝင်ရောက်နိုင်ခြင်း၊ ဒဏ်ရာမှ သွေးထွက်မှုများခြင်းတို့ ဖြစ်နိုင်ပါသည်။ မြွေကိုက်ခံရသူအများစုသည် ကျေးလက်နေပြည်သူများဖြစ်ကြပြီး ကမ္ဘာပေါ်တွင် မြွေကိုက်ခံရ၍ သေဆုံးမှုသည် အရှေ့တောင်အာရှနိုင်ငံများတွင် အများဆုံးတွေ့ရပါသည်။ ထို့အတွက်ကြောင့် ပြည်သူလူထုအနေဖြင့် မြွေအန္တရာယ်ကင်းရှင်းရန်အတွက် မြွေခိုအောင်းတတ်သည့်နေရာများ၊ မြွေစားသုံးသည့်သတ္တဝါများ မလာရောက်နိုင်ရန် နေအိမ်နှင့် ပတ်ဝန်းကျင်များကို ရှင်းလင်းခြင်း၊ သစ်ပင်ချုံနွယ်များ ရှင်လင်းခြင်းများ ပြုလုပ်ရပါမည်။ ညအခါအပြင်သို့ထွက်လျှင် လက်နှိပ်ဓာတ်မီးဆောင်ခြင်း၊ မဖြစ်မနေတောထဲသို့ သွားရလျှင် လည်ရှည်ဖိနပ်စီးခြင်းပြုလုပ်သင့်ပါကြောင်း လေ့လာမိသမျှ ရေးသားတင်ပြအပ်ပါသည်။ ။

> ကြွက်သားများ လှုပ်ရှားမှုကြောင့် သွေးကြောများအတွင်းသို့ မြွေဆိပ်များ လျင်မြန်စွာ ပျံ့နှံ့နိုင်သည့်အတွက်ကြောင့် လူနာကို သက်သောင့်သက်သာရှိမည့် နေရာတွင် လဲလျောင်းထားပြီး ကိုက်သည့်နေရာကို ကြပ်စည်းထားရပါမည်။ ဒဏ်ရာကို ခွဲစိတ်ခြင်း၊ ပွတ်တိုက်ခြင်း၊ နှိပ်နယ်ခြင်းများကို ရှောင်ရှားရပါမည်။ ထိုသို့ပြုလုပ်ခြင်းကြောင့် အဆိပ်များ ပိုမိုလျင်မြန်စွာ ပျံ့နိုင်ခြင်း၊ ရောဂါများ လွယ်ကူစွာ ဝင်ရောက်နိုင်ခြင်း၊ ဒဏ်ရာမှ သွေးထွက်မှုများခြင်းတို့ ဖြစ်နိုင်



# ရိုးရာနွားအလှ၊ နွားလှည်းပြိုင်ပွဲနှင့်မြင်းစီးပြိုင်ပွဲကျင်းပ

**မန္တလေး မေ ၂၇**

ကမ္ဘာ့ပထမဆုံး ဝေရောစနကျောက်စိမ်းစေတီတော် ထီးတော်တင်လှူပွဲတော် အထိမ်းအမှတ် မြန်မာ့ရိုးရာ နွားအလှ၊ နွားလှည်းပြိုင်ပွဲနှင့် မြင်းစီးပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို မေ ၂၅ ရက် နံနက် ၉ နာရီက မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဆင်ရွာမြင်းမှူးကျေးရွာတွင် တည်ထားကိုးကွယ်သည့် ဝေရောစနကျောက်စိမ်းစေတီတော်အနီးရှိ ပြိုင်ပွဲကွင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

နွားပြိုင်ပွဲ နွားလှည်းဒုန်းအကြီးတန်း ပြိုင်ပွဲဝင် နွားအရှည်း ၂၅ ရှည်း၊ အငယ်တန်း ပြိုင်ပွဲဝင်နွား ၃၄ ရှည်း၊ နွားလှည်းခြေအလှအကျော့မောင်း အကြီးတန်းပြိုင်ပွဲဝင် နွား ၄၂ ရှည်း၊ အငယ်တန်းပြိုင်ပွဲဝင်နွား ၃၅ ရှည်းတို့က မေ ၂၆ ရက်မှ ဇွန် ၅ ရက်အထိ နွားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ဤကဲ့သို့များပြားစွာ အနယ်နယ်အရပ်ရပ်က နွားပိုင်ရှင်တွေ၏ စိတ်ပါဝင်စားမှုဖြင့် အကြီးဆုံး အစည်ကားဆုံးသော နွားပြိုင်ပွဲဖြစ်ကြောင်း၊ မန္တလေး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့မှ လာရောက် ယှဉ်ပြိုင်မှုများကြောင့် နွားပြိုင်ပွဲနှင့်အတူ ကျင်းပမည့် မြင်းစီးပြိုင်ပွဲတွင်လည်း စာရင်းပေးထားသည်မှာ ၅၅ ကောင်ခန့်ရှိပြီး မြင်းစီးပြိုင်ပွဲမှာ အကြီးတန်း လေးပေကိုးလက်မအထက်၊ လေးပေ ကိုးလက်မအောက်၊ အငယ်တန်းပြိုင်ပွဲတို့တွင် မန္တလေး၊ စစ်ကိုင်း၊ ဧရာဝတီ၊ ရန်ကုန်တိုင်းဒေသကြီးတို့မှ လာရောက်ကာ ဇွန် ၂ ရက်မှ ၅ ရက်ထိ မြင်းပြိုင်ပွဲ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ဆုကြေးငွေများအဖြစ် နွားပြိုင်ပွဲအတွက် ငွေကျပ်သိန်းနှစ်ရာ၊ မြင်းစီးပြိုင်ပွဲအတွက် ငွေကျပ်သိန်း ၇၀ ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ကျေးလက်ကျန်းမာရေးဌာနခွဲဖွင့်

**ဒလ မေ ၂၇**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ၁၁/၁၄ ရပ်ကွက်တွင် ဆောက်လုပ်ပြီးစီးသွားသော ကျေးလက်ကျန်းမာရေးဌာနခွဲဖွင့်ပွဲနှင့်ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို မေ ၂၆ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်ဆရာဝန်ကြီး၊ ဖွံ့ဖြိုး/ကူညီဥက္ကဋ္ဌ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌတို့က အမှာစကားပြောကြားပြီး ကျေးလက်ကျန်းမာရေးဌာနခွဲ ဆောက်လုပ်မှုနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို မြို့နယ်ဆရာဝန်ကြီးထံ လွှဲပြောင်းပေးအပ်သည်။

အဆိုပါကျေးလက်ကျန်းမာရေးဦးစီးဌာနခွဲကို ရပ်ကွက်နေပြည်သူ စုပေါင်းထည့်ဝင်ငွေကျပ် ၈၅ သိန်းဖြင့် ဆောက်လုပ်ထားကြောင်း၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် အနီးပတ်ဝန်းကျင်ဒေသများရှိ ကျေးလက်နေပြည်သူများ၏ ကျန်းမာရေးဆိုင်ရာဆေးဝါးကုသမှုများကို အချိန်တိုအတွင်း ဆောင်ရွက်ပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**မောင်ယဉ်ဦး(ဒလ)**

# တီဘီနှင့် ငှက်ဖျားရောဂါကာကွယ်ထိန်းချုပ်နိုင်ရေး သင်တန်းဖွင့်

**မဘိမ်း မေ ၂၇**

လူထုအခြေပြု တီဘီနှင့် ငှက်ဖျားရောဂါ ကင်းစင်ထိန်းချုပ်နိုင်ရေး လုပ်ငန်းများ ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ CESVITB and Malaria က ကြီးမှူးဖွင့်လှစ်သော ကျေးရွာစေတနာ့ဝန်ထမ်းငှက်ဖျားလုပ်သားသင်တန်းကို မေ ၂၅ ရက်က မဘိမ်းမြို့ တိုက်ကုန်းရပ်ကွက်ရှိ CESVI ရုံးခန်း၌ ဆောင်ရွက်သည်။

သင်တန်းကို CESVITB and Malaria မှ ဒေါက်တာဝင်းစန်းဦးနှင့်အဖွဲ့က (၄) ရက်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး မဘိမ်းမြို့နယ်အတွင်းရှိ ကျေးရွာများမှ စေတနာ့ဝန်ထမ်း သင်တန်းသားနှစ်ဦးနှင့် သင်တန်းသူ ၁၄ ဦး စုစုပေါင်း ၁၆ ဦး တက်ရောက်ကြကြောင်း သိရသည်။

**ထိန်လင်းဦး(iprd)**

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ဖုန်းခေါ်ဆိုခ ကြိုတင်ထည့်သွင်းငွေများထဲက ကုန်သွယ်လုပ်ငန်းခွန် ငါးရာခိုင်နှုန်း ဖြတ်တောက်ကောက်ခံသည့်ကိစ္စ အရေးကြီးအဆိုဆွေးနွေး

**နေပြည်တော် မေ ၂၇**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၅၀) ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီတွင်ကျင်းပရာ လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲသည့် စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ပူးပေါင်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦး၏ **နိုင်ငံတော်အတွင်း မိုဘိုင်းဖုန်းသုံးစွဲသူ အများပြည်သူတို့၏ ဖုန်းခေါ်ဆိုခ ကြိုတင်ထည့်သွင်းငွေများထဲက ကုန်သွယ်လုပ်ငန်းခွန် ငါးရာခိုင်နှုန်း ဖြတ်တောက်ကောက်ခံသည့်ကိစ္စ**နှင့်စပ်လျဉ်းသည့် အရေးကြီးအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ယင်းနောက် ကလေးဝမဲဆန္ဒနယ်မှ ဦးစိုးသိမ်းက ဖုန်းခေါ်ဆိုခ ကြိုတင်ထည့်သွင်းငွေများထဲက ကုန်သွယ်လုပ်ငန်းခွန် ငါးရာခိုင်နှုန်း ကောက်ခံခြင်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကောက်ခံမှုမပြုရန်အဆိုကို ထောက်ခံပါကြောင်း၊ မိုဘိုင်းဖုန်းမှ ကုန်သွယ်လုပ်ငန်းခွန်ကောက်ခံခြင်းကို အနည်းဆုံးဖြစ်အောင် စဉ်းစားရန်လိုအပ်သည့်အတွက် စမ်းသပ်လုပ်ပိုင်ခွင့်အနေဖြင့် နှစ်ကာလတစ်ခုအထိ မကောက်ဘဲ ထားသင့်ပါကြောင်း ဆွေးနွေးသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည်က ပြည်သူများသည် ဆက်သွယ်ရေးကိရိယာများကို လွယ်လွယ်ကူကူသုံးစွဲခွင့်ရ၍ ဝမ်းသာနေကြပါကြောင်း၊ နိုင်ငံသားများ၏ လက်ရှိအခြေအနေကိုကြည့်ပြီး လျှော့ပေါ့ကောက်ခံခြင်းကိုလည်း စဉ်းစားဆုံးဖြတ်သင့်ပါကြောင်း ဆွေးနွေးသည်။

အဆိုနှင့်စပ်လျဉ်း၍ ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းတင်က ပြည်ထောင်စုလွှတ်တော် အခွန်အကောက်ဆိုင်ရာ ဥပဒေအရ ဘဏ္ဍာရေးဝန်ကြီးဌာနက သုံးစွဲသူများထံမှ ကောက်ယူလျက်ရှိသည့် Commercial Tax 5% အကြောင်း ရှင်းလင်းတင်ပြလိုပါကြောင်း၊ ဤအခွန်အခကို နိုင်ငံတကာတွင် Goods and Service Tax (GST)Value Added Tax(VAT) စသည်ဖြင့် နာမည်မျိုးကွဲများဖြင့် ကောက်ခံလျက်ရှိပါကြောင်း၊ အာဆီယံနိုင်ငံများ၌ ဘရူနိုင်းနိုင်ငံမှလွဲပြီး မလေးရှား ၆ ရာခိုင်နှုန်း၊ ထိုင်း ၇ ရာခိုင်နှုန်း၊ စင်ကာပူ ၇ ရာခိုင်နှုန်း၊ ဗီယက်နမ် ၁၀ ရာခိုင်နှုန်း၊ ကမ္ဘောဒီးယား ၁၀ ရာခိုင်နှုန်း၊ အင်ဒိုနီးရှား ၁၀ ရာခိုင်နှုန်း၊ ဖိလစ်ပိုင် ၁၂ ရာခိုင်နှုန်းတို့အသီးသီး ကောက်ခံကြကြောင်း တွေ့ရှိရပါကြောင်း၊ မြန်မာနိုင်ငံက ကောက်ခံမည့်ပုံစံသည် Inclusive Minus ပုံစံဖြစ်ပြီး ကတ်ဖော်ပြပါတန်ဖိုးတွင် VAT ကို နှုတ်ယူခြင်း (ဥပမာ-၁၀၀၀ ကျပ်တန်ကတ်ကို ၁၀၀၀ ကျပ်ဖြင့် ရောင်းချပြီး ၉၅၂ ကျပ်ဖိုး ပြောဆိုနိုင်ပါကြောင်း) အဆိုပါပုံစံအား ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံတို့တွင်လည်း ကျင့်သုံးလျက်ရှိပါကြောင်း၊ ဖော်ပြပါနည်းလမ်းများမှာ အစိုးရအော်ပရေတာနှင့် စားသုံးသူများကြားတွင် ဥပဒေအရကောက်ခံရမည့် အခွန်အခရရှိအောင် ကျင့်သုံးသည့်စနစ်များဖြစ်ပါကြောင်း၊ လက်တွေ့ရောင်းချရာတွင် လက်လီဆိုင်များမှ အမြတ်လျှော့ယူပြီး မူလတန်ဖိုးထက် လျှော့ရောင်းခြင်း၊ သက်တမ်းကုန်ခါနီးကတ်ကို အရှုံးခံလျှော့ရောင်းခြင်း၊ အော်ပရေတာမှ Promotion အဖြစ် မိနစ်အပိုဆောင်းပေးခြင်း၊ အထိမ်းအမှတ်အထူးကတ်များ ရောင်းချပေးခြင်းတို့ကြောင့် သုံးစွဲသူမှာ အမြဲတစေ VAT ပေးဆောင်နေရသည်ဟု မခံစားရတော့သည့် ဈေးကွက်စီးပွားရေး၏ ယှဉ်ပြိုင်မှုဖြင့် ပိုမိုသက်သာလေ့ရှိပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ပြန်လည် ရှင်းလင်းပြောကြားသည်။ **(ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၏ ပြန်လည်ရှင်းလင်း ဖြေကြားချက်ကို စာမျက်နှာ ၁၀၊ ၁၁ တွင် သီးခြားဖော်ပြထားပါသည်။)**

အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ **နိုင်ငံတော်အတွင်း မိုဘိုင်းဖုန်းသုံးစွဲသူ အများပြည်သူတို့၏ဖုန်းခေါ်ဆိုခ ကြိုတင်ထည့်သွင်းငွေများထဲက ကုန်သွယ်လုပ်ငန်းခွန် ငါးရာခိုင်နှုန်း ဖြတ်တောက်ကောက်ခံသည့် ကိစ္စကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ဆိုင်းငံ့ထားရန်** လွှတ်တော်က ဆုံးဖြတ်သည်။




ထို့နောက် တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးအောင်သိန်းလင်း၏ **ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ ရေကူးအသံလွှင့်စက်ရုံဟောင်း မြေနေရာဧက(၉၀)ခန့်ကို ပုဂ္ဂလိကသို့ အပိုင်ပေးမည့် တင်ဒါခေါ်ယူမှုကိစ္စ**နှင့် စပ်လျဉ်းသည့် အရေးကြီးအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

မရမ်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာမေဝင်းမြင့်က တင်ဒါပါ စည်းကမ်းချက်များသည် ပြန်လည်စိစစ်သင့်၍ အထက်ပါစီမံကိန်းကို ဆိုင်းငံ့ထားရန် အဆိုကိုထောက်ခံပါကြောင်း ဆွေးနွေးသည်။

အလုံမဲဆန္ဒနယ်မှ ဦးခိုင်မောင်ရည်က အဆိုပါမြေကို နိုင်ငံတော်ပိုင်အဖြစ် ဆက်လက်ထားရှိပြီး နိုင်ငံတော်နှင့် အများပြည်သူ အကျိုးရှိမည့်စီမံကိန်းမျိုးကို စဉ်းစားသင့်ပါကြောင်း၊ တင်ဒါခေါ်ယူမှုကို ပြန်လည်သုံးသပ်ပြီး စီမံကိန်းကိုဆောင်ရွက်ရန် သင့်၊ မသင့်ကို ဆုံးဖြတ်နိုင်ရန်အတွက် ဆိုင်းငံ့ထားရန်နှင့် ဆိုင်းငံ့ကာလအတွင်း တင်ဒါခေါ်ယူမှုကို ပြန်လည်သုံးသပ်ရမည်ဖြစ်၍ ပူးပေါင်းအဖွဲ့ အစည်းတစ်ရပ်ဖွဲ့စည်း စုံစမ်းစစ်ဆေးပြီး အဖြေမှန်ပေါ်ထွက်လာမှုကို သုံးသပ်ပြီးမှသာ ဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးသည်။

လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးမှုများအပေါ် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေးက ပြန်လည်ရှင်းလင်းဖြေကြားသည်။ **(ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေး၏ ပြန်လည်ရှင်းလင်းဖြေကြားချက်ကို စာမျက်နှာ ၁၂၊ ၁၃ တွင် သီးခြားဖော်ပြထားပါသည်။)**

**ထို့နောက် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ ရေကူးအသံလွှင့်စက်ရုံဟောင်းမြေနေရာဧက (၉၀)ခန့် တင်ဒါခေါ်ယူမှုကို ဆိုင်းငံ့ထားပါရန်တိုက်တွန်းကြောင်း** အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ် ရယူရာ လွှတ်တော်ကအဆိုကို အတည်ပြုခဲ့သည်။

**(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# ဆရာ၊ ဆရာမများအနေဖြင့် အတန်းအလိုက် အရည်အသွေးမီသင်ကြားရေးလုပ်ငန်းများကို ပိုမိုအလေးပေးဆောင်ရွက်

**နေပြည်တော် မေ ၂၇**

ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၅၃ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ကျင်းပရာ ပညာရေးကဏ္ဍဆိုင်ရာမေးခွန်းများနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဇော်မင်းအောင်က ဖြေကြားသည်။



ဒုတိယဝန်ကြီး ဒေါက်တာ ဇော်မင်းအောင် ဖြေကြားစဉ်။



ပဲခူးမဲဆန္ဒနယ်မှ ဦးကြင်သိန်း မေးမြန်းစဉ်။

ပဲခူးမဲဆန္ဒနယ်မှ ဦးကြင်သိန်း၏ **စတုတ္ထတန်းနှင့် အဋ္ဌမတန်းတို့ကို စစ်ဆေးခြင်းသည် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ကျောင်းသား ကျောင်းသူများ၏ ကြိုးစားအားထုတ်မှုကို တိုးတက်စေပြီး ပညာရေးစနစ်မြှင့်တင်ရေးအတွက် အထောက်အကူပြုမပြု သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ မူလတန်းအဆင့် နောက်ဆုံးအတန်းဖြစ်သည့် စတုတ္ထတန်းနှင့် အလယ်တန်းအဆင့် နောက်ဆုံးအတန်းဖြစ်သည့် အဋ္ဌမတန်းတို့တွင် စာမေးပွဲများကိုကျင်းပ၍ ကျောင်းသား၊ ကျောင်းသူများ၏ တတ်မြောက်မှုအရည်အသွေးကိုစိစစ်ကာ လိုအပ်သလို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် စတင်၍ ဆောင်ရွက်ခဲ့ပါကြောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်နှင့် ကျောင်းအလိုက် အောင်စာရင်းများထုတ်ပြန်၍ A,B,C,D အဆင့်လေးဆင့်တွင် D အဆင့်ရရှိသော ကလေးများကို ကုစားသင်ကြားကာ ကျရှုံးသည့် ဘာသာရပ်အလိုက် ပြန်လည်ဖြေဆိုစေပြီး အတန်းတက်ရောက်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

မူလတန်းအဆင့် စတုတ္ထတန်းနှင့် အလယ်တန်းအဆင့် အဋ္ဌမတန်းတို့တွင် နိုင်ငံတော်အဆင့် စာမေးပွဲများကိုကျင်းပ၍ D အဆင့် ရာခိုင်နှုန်းများသည့် တိုင်းဒေသကြီး/ပြည်နယ်များ၊ ခရိုင်များ၊ မြို့နယ်များနှင့် ကျောင်းများကို လိုအပ်သည့်ပံ့ပိုးမှုများ ပိုမိုပေးခြင်း၊ ပိုမိုအလေးပေး ကြီးကြပ်လမ်းညွှန်ခြင်းများကို အခြေခံပညာ ဦးစီးဌာနက ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပြီး သက်ဆိုင်ရာကျောင်းအုပ်များ၊ သင်ကြားရေးတာဝန်ယူရသည့် ဆရာ၊ ဆရာမများအနေဖြင့် အတန်းအလိုက် အရည်အသွေးမီသင်ကြားရေးလုပ်ငန်းများကို ပိုမိုအလေးပေး

*စာမျက်နှာ ၈ ကော်လံ ၅ သို့*

အမျိုးသားလွှတ်တော်အစည်းအဝေး

# ဒဏ်ရာ/ရောဂါဖြင့်သေဆုံးလျှင် အိမ်ထောင်စုဝင် အထူးအငြိမ်းစား လစာခံစားခွင့်ရရှိပြီး မူရင်းလစာ၏ ၇၀ ရာခိုင်နှုန်းခံစားခွင့်ရှိ

**နေပြည်တော် မေ ၂၇**

ပထမအကြိမ် အမျိုးသားလွှတ်တော်(၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၅၃ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင်ကျင်းပရာ ကာကွယ်ရေးကဏ္ဍဆိုင်ရာ မေးခွန်းများနှင့်စပ်လျဉ်း၍ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ညွှန့်က ပြန်လည်ဖြေကြားခဲ့သည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျွန်ခဲန်း၏ **စစ်မှုထမ်းသက် ၁၀ နှစ်မပြည့်မီ တိုက်ပွဲဒဏ်ရာကြောင့် အငြိမ်းစားယူသည့် တပ်မတော်သားသေဆုံးသည့်အခါ ၄င်းရရှိသော အငြိမ်းစားလစာကို ကျန်ရစ်သူဇနီးသည်မှ ဆက်လက်ခံစားခွင့်ပြုရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ အငြိမ်းစားယူပြီး ခုနစ်နှစ်အတွင်း သေဆုံးသူများကို စစ်မှုထမ်းစဉ်အခါက စစ်မှုထမ်းခြင်းကြောင့်ဖြစ်ပေါ်လာသော ဒဏ်ရာ/ရောဂါဖြင့်သေဆုံးလျှင် အိမ်ထောင်စုဝင် အထူးအငြိမ်းစား လစာ ခံစားခွင့်ရရှိပြီး စစ်မှုထမ်းနောက်ဆုံးထုတ်မူရင်းလစာ၏ ၇၀ ရာခိုင်နှုန်းကို ခံစားခွင့်ရရှိမည်ဖြစ်ပါကြောင်း။



ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ညွှန့် ဖြေကြားစဉ်။



ချင်းပြည်နယ် မဲဆန္ဒနယ်မှ ဦးကျွန်ခဲန်း မေးမြန်းစဉ်။

အငြိမ်းစားယူပြီး ခုနစ်နှစ်ကျော်လွန်ပြီးမှ သေဆုံးသူများ စစ်မှုထမ်းသက် (၁၀)နှစ်ပြည့်မှသာ အငြိမ်းစားလစာ ခံစားခွင့်ရရှိမည်ဖြစ်သော်လည်း မစွမ်းမသန်ဖြစ်၍ နုတ်ထွက်ခွင့်ရရှိခဲ့ခြင်း ဖြစ်သည့်အတွက် စစ်မှုထမ်းသက် (၁၀)နှစ်မပြည့်သေးသော်လည်း စစ်မှုထမ်းသက် ၁၅ နှစ်နှင့် ညီမျှသောအကျိုးခံစားခွင့်များကို အငြိမ်းစားယူစဉ်ကပင် ခံစားခွင့်ပြုခဲ့ခြင်းဖြစ်သဖြင့် ဇနီးဖြစ်သူအနေဖြင့် မည်သည့်အကျိုးခံစားခွင့်မျှရရှိရန် အကျုံးမဝင်ခြင်းဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ၏ **ဂန့်ဂေါမြို့နယ် ကြောဒေသရှိ ကြဲ၊ နုံးကြီး၊ ကန့်သတ်၊ စကားရွာ လေးရွာအား လျှပ်စစ်မီးရရှိရေးကို က·ပ·စ စက်ရုံမှတစ်ဆင့် အခမဲ့သွယ်တန်း တပ်ဆင်ပေးရန် အစီအစဉ် ရှိ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ မီးလိုင်းသွယ်တန်းမှု အကွာအဝေးမိုင်များခြင်း၊ ထရန်စဖော်မာများနှင့် မီးတိုင်များ၏ ကုန်ကျစရိတ်ငွေ များပြားခြင်းတို့ကြောင့် ဘဏ္ဍာငွေထုတ်နုတ်သုံးစွဲရန်

*စာမျက်နှာ ၈ ကော်လံ ၅ သို့*

# ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ လှေစီးဒုက္ခသည်များအား ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးမှ ဝန်ထမ်းများက နေရပ်လိပ်စာစာရင်း ကောက်ယူခြင်းဆောင်ရွက်

**မောင်တော မေ ၂၇**

မောင်တောခရိုင် တောင်ပြိုလက်ဝဲမြို့၌ မေ ၂၅ ရက်က ရောက်ရှိနေသော ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ဘင်္ဂါလီလှေစီးဒုက္ခသည်များအား မေ ၂၇ ရက် နံနက် ၉ နာရီ ၁၅ မိနစ်တွင် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR)မှ မောင်တော(၃)မိုင်ရုံးအဖွဲ့များ၊ AZG အဖွဲ့မှ ဝန်ထမ်းများ၊ IOM အဖွဲ့နှင့် WFP အဖွဲ့မှ ရုံးအဖွဲ့များက နေရပ်လိပ်စာစာရင်းများကောက်ယူခြင်း၊ သောက်ရေနှင့် ပစ္စည်းအချို့ကို ထောက်ပံ့ပေးအပ်ခြင်းများ ဆောင်ရွက်ခဲ့ကြပြီး အသက် ၁၈ နှစ်အောက် လူငယ် ၂၁ ဦးအား ပညာပေးဟောပြောခြင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ကျန်ရှိသည့် မိသားစုများနှင့် ဖုန်းဖြင့်ဆက်သွယ်စကားပြောစေခြင်းတို့ကို ပြုလုပ်ပေးခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ကိုရီးယားရှိ မြန်မာဘာသာသင်ကြားသောတက္ကသိုလ်နှင့် ရန်ကုန်တက္ကသိုလ်တို့ ပူးပေါင်းမှုစတင်

ရန်ကုန် မေ ၂၇

**ရန်ကုန်တက္ကသိုလ်နှင့် ဘူဆန် နိုင်ငံခြားဘာသာသင် တက္ကသိုလ်တို့ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်းကို ယနေ့မွန်းလွဲ ၂ နာရီက ကိုရီးယားသမ္မတနိုင်ငံ ဘူဆန်မြို့ရှိ ဘူဆန်နိုင်ငံခြားဘာသာသင်တက္ကသိုလ်၌ ကျင်းပသည်။**




ဘူဆန် နိုင်ငံခြားဘာသာ တက္ကသိုလ် ပါမောက္ခ Mr.Hae Lin Chung နှင့် ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ အောင်သူတို့က ပညာရပ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးကြသည်။

ဘူဆန် နိုင်ငံခြားဘာသာ တက္ကသိုလ်၌ ဘာသာရပ်ဌာန ၅၀ ခန့်ရှိပြီး IT နည်းပညာ၊ အားကစားနှင့် အတွင်းရေးမှူးဘာသာ၊ နိုင်ငံခြားဘာသာစကားတို့မှာ ထင်ရှားသည်။ ကိုရီးယားနိုင်ငံရှိ တစ်ခုတည်းသော မြန်မာဘာသာစကား သင်ကြားရာ တက္ကသိုလ်ဖြစ်သည်။

အဆိုပါ တက္ကသိုလ်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သမ္မတကြီး ဦးသိန်းစိန်အား ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ကို ဂုဏ်ပြုချီးမြှင့်ပေးခဲ့သည့် တက္ကသိုလ်ဖြစ်ပြီး အရှေ့တောင်အာရှ လေ့လာရေးဌာန ဖွင့်လှစ်ထားသည့် အဆောက်အအုံကို ဦးသိန်းစိန်ခန်းမအဖြစ် အမည်ပေး ဂုဏ်ပြုခဲ့သည်။

ဘူဆန်တက္ကသိုလ်မှ မြန်မာဘာသာသင် ကျောင်းသား ကျောင်းသူများသည် မြန်မာဘာသာကို အနီးကပ်သင်တန်းများ တက်ရောက်နိုင်ရေးအတွက် ရန်ကုန်တက္ကသိုလ်မြန်မာစာဌာနသို့ နှစ်စဉ်လာရောက်သင်ယူကြရန် သဘောတူခဲ့သည့်အပြင် အခြားပူးပေါင်း ဆောင်ရွက်ရေးကိစ္စများလည်း ပူးပေါင်းမည်ဖြစ်ကြောင်း သိရသည်။

**ခင်ရတနာ**

### *ပြည်သူ့လွှတ်တော်မှ*

ဆောင်ရွက်နိုင်စေပြီး ကျောင်းသားကျောင်းသူများအနေဖြင့် ပိုမိုကြိုးပမ်းအားထုတ် သင်ယူလာကြမည် ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှစတင်၍ မူလတန်းအဆင့် စတုတ္ထတန်းနှင့် အလယ်တန်းအဆင့် အဋ္ဌမတန်းတို့တွင် စာမေးပွဲများကို စစ်ဆေးခြင်းသည် အခြေခံပညာကဏ္ဍ အရည်အသွေး မြှင့်မားရေးအတွက် များစွာအထောက်အကူပြုပါကြောင်း ဖြင့် ဖြေကြားသည်။

ထို့နောက် ကျေးသီးမဲဆန္ဒနယ်မှ ဦးစိုင်းအွမ်ဆိုင်မိုင်း၏ ပညာရေးဝန်ထမ်းများ ခရီးစရိတ်ပြန်လည်ထုတ်ယူရာတွင် ခရီးစရိတ်လုံလောက်ပြီး အချိန်ကြာမြင့်မှု မရှိစေရန်နှင့် အထက်ဌာနအဆင့်ဆင့်သို့ ရုံးစာနှင့် စာရင်းဇယားများ အပြန်အလှန်ပေးပို့ဆက်သွယ်မှု ပိုမိုအဆင်ပြေလျင်မြန်စေရန် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာနအောက်ရှိ ပညာရေးဝန်ထမ်းများ တာဝန်ဖြင့် ခရီးသွားလာရာတွင် ခရီးစရိတ်ထုတ်ပေးခြင်းကို ဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ (ဝ၂ဝ၁)ပြည်တွင်းခရီးစရိတ် ခေါင်းစဉ်အောက်မှ တချို့တစ်ဝက်ကို ကြိုတင်ထုတ်ပေးပြီး ခရီးပြီးဆုံးသည့်အခါ ကြိုတင်ထုတ်ပေးငွေကို ခုနှိမ်ခြင်းဖြင့် လည်းကောင်း၊ တာဝန်ပြီးဆုံးသည့်အခါမှ တစ်လုံးတစ်ခဲတည်း ထုတ်ပေးခြင်းဖြင့် လည်းကောင်း ကြန့်ကြာမှုမရှိစေရန် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ပညာရေးဝန်ကြီးဌာန အထက်အဆင့်ဆင့်မှ တောင်းခံလာသည့် စာရင်းဇယားများ ဖြည့်စွက်ရာတွင် လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများ၊ တိကျသည့် ညွှန်ကြားချက်များကို ကြိုတင်ထုတ်ပြန်ထားပါကြောင်း။

အထက်ဌာန အဆင့်ဆင့်သို့ ရုံးစာနှင့်စာရင်းဇယားများ အပြန်အလှန်ပေးပို့ဆက်သွယ်မှု လျင်မြန်စေရန်နှင့် ပိုမိုအဆင်ပြေလာစေရန် Fax များ၊ e-mail များဖြင့် ဆက်သွယ်ဆောင်ရွက်နိုင်ရန် စီစဉ်ထားရှိပါကြောင်းဖြင့် ဖြေကြားသည်။

**(သတင်းစဉ်)**

### *အမျိုးသားလွှတ်တော်မှ*

အခက်အခဲရှိပါသဖြင့် ဂန့်ဂေါမြို့နယ် ကြောဒေသရှိ ကြဲ၊ နုံးကြီး၊ ကန့်သတ်နှင့် စကားရွာ လေးရွာအား လျှပ်စစ်မီးရရှိရေးအတွက် အမှတ်(၂၃)ကာကွယ်ရေးပစ္စည်းစက်ရုံမှတစ်ဆင့် အခမဲ့တပ်ဆင်ပေးနိုင်ခြင်း မရှိပါကြောင်း ပြန်လည်ဖြေကြားခဲ့သည်။

ထို့နောက် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပေးပို့လာသည့် မြန်မာဗုဒ္ဓဘာသာဝင် မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်များကို တစ်ပိုဒ်ချင်းစီ အလိုက် အတည်ပြုခဲ့သည်။

**(သတင်းစဉ်)**

# အက်ဖ်အေဖလား ဗိုလ်လုပွဲအစဉ်အလာရှိသော နှစ်သင်းတွေ့ဆုံ

အင်္ဂလန်အက်ဖ်အေဖလား ဗိုလ်လုပွဲစဉ်ကို အာဆင်နယ်နှင့် အက်စ်တွန်ဗီလာအသင်းတို့ စနေနေ့ ည ၁၁ နာရီတွင် ဝင်ဘလေကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ အက်ဖ်အေဖလား ဗိုလ်လုပွဲအဆင့်ကို အာဆင်နယ်အသင်းသည် မန်ယူအသင်းအား နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ယူကာ အကြိုဗိုလ်လုပွဲတွင် ရီးဒင်းအသင်းကို အချိန်ပိုထိ ကစားခဲ့ရပြီး ဆန်ချက်ဇ်၏ သွင်းဂိုးများဖြင့် ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည်။ အက်စ်တွန်ဗီလာအသင်းမှာ ဝက်စ်ဘရွန်းအသင်းကို နှစ်ဂိုးပြတ်အနိုင်ယူပြီး အကြိုဗိုလ်လုပွဲတွင် လီဗာပူးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အက်စ်တွန်ဗီလာအသင်းသည် အက်ဖ်အေဖလားဗိုလ်လုပွဲအဆင့်ကို ၁၀ ကြိမ်တက်ရောက်ခဲ့ပြီး ခုနစ်ကြိမ် ဖလားရရှိကာ သုံးကြိမ် ဒုတိယရရှိထားသည်။ အာဆင်နယ်အသင်းမှာ ဗိုလ်လုပွဲကို ၁၈ ကြိမ် တက်ရောက်ကာ ၁၁ ကြိမ်ထိ ဖလားရရှိပြီး ခုနစ်ကြိမ် ဒုတိယရရှိထားသည်။ အက်ဖ်အေဖလား အများဆုံး ၁၁ ကြိမ်ရရှိထားသည့်အသင်းမှာ အာဆင်နယ်နှင့် မန်ယူ နှစ်သင်းဖြစ်သည်။

အက်ဖ်အေဖလားဗိုလ်လုပွဲစဉ်သည် အစဉ်အလာရှိသည့် အသင်းနှစ်သင်း ပြိုင်ဆိုင်မှု ပြင်းထန်မည်ဖြစ်သည်။ နှစ်သင်းတွေ့ဆုံမှု အိမ်ကွင်း၊ အဝေးကွင်း နောက်ဆုံးငါးပွဲတွင် အာဆင်နယ်က လေးပွဲနိုင်ပြီး တစ်ပွဲသာ ရှုံးနိမ့်ထားသည်။

**သီဟ-ရေးသည်**

### *ကျောဖုံးမှ*

ပြိုင်ပွဲတို့ကို ယှဉ်ပြိုင်ရမည်ဖြစ်သည်။

Event-4 ပြိုင်ပွဲတွင် မြန်မာ၊ ကမ္ဘောဒီးယား၊ လာအိုနှင့် စင်ကာပူအသင်းတို့ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အမှတ်အများဆုံးနှစ်သင်းမှာ ဗိုလ်လုပွဲကစားရမည်ဖြစ်သည်။ Event -2 ပြိုင်ပွဲတွင် မြန်မာ၊ ထိုင်း၊ ဘရူနိုင်းနှင့် စင်ကာပူအသင်းတို့ ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ဗိုလ်လုပွဲကို အမှတ်အများဆုံးနှစ်သင်း တက်ရောက်ခွင့်ရမည်ဖြစ်သည်။ ဆီးဂိမ်းပြိုင်ပွဲဝင်မည့် မြန်မာခြင်းလုံးအသင်းတွင် နည်းပြချုပ်အဖြစ် ဦးမြတ်စိုး၊ လက်ထောက်နည်းပြ ဦးမောင်မောင်ကြီး၊ ကစားသမားများအဖြစ် ကျော်စိုးမိုး၊ ကျော်မိုးထွန်း၊ အောင်နိုင်ဖြိုး၊ မျိုးဇော်ဦး၊ ဝင်းဖြိုးဝင်း၊ မျိုးမင်းသူ၊ ဆန်းလင်းဦးနှင့် အောင်မျိုးမြင့်တို့ ပါဝင်ကြသည်။

မြန်မာ့ရိုးရာ အားကစားနည်းဖြစ်သည့် ခြင်းလုံးအားကစားနည်းကို ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲတွင် စတင်ထည့်သွင်းကျင်းပခဲ့ပြီး ၂၀၁၇ ဆီးဂိမ်းပြိုင်ပွဲ၌လည်း ထည့်သွင်းကျင်းပရန် သဘောတူညီမှုရရှိထားရာ မြန်မာနိုင်ငံအတွက် ရွှေတံဆိပ်ရယူနိုင်ရေး အလားအလာကောင်းများပင် ဖြစ်သည်။

### ■ *ရှေ့ဖုံးမှ*

တံတားတိုင်များကို တည်ဆောက်နေပြီဖြစ်သည်။

ဘီလူးကျွန်းဘက်ကမ်း ကညော်ကျေးရွာဘက်၌ ကမ်းကပ်တိုင်နှင့် ရေလယ်တိုင်လေးတိုင် တည်ဆောက်နေရာ လာမည့်ပွင့်လင်းရာသီတွင် တံတားတိုင်များ တည်ဆောက်နေမှုကို သတ်မှတ်နှုန်းအတိုင်း ပြီးစီးရန် ကြိုးစားလျက်ရှိသည်။ သံလွင်တံတား (ချောင်းဆုံ)ကို တံတားတည်ဆောက်ရေးအထူးအဖွဲ့(၄)က တာဝန်ယူတည်ဆောက်နေခြင်း ဖြစ်ပြီး လာမည့် ၂၀၁၆-၂၀၁၇ တွင် အပြီးတည်ဆောက်သွားရန် မျှော်မှန်းထားသည်။

သံလွင်တံတား(ချောင်းဆုံ)သည် အရှည် ပေ ၆၃၀၀ ရှိပြီး နှစ်လမ်းသွားတံတားဖြစ်သည်။ တံတားပေါ်၌ ခုံးသုံးခုံးပါရှိပြီး ဘေးနှစ်ဖက်ခုံးအကျယ်မှာ ပေ ၄၀၀ ရှိကာ အလယ်ခုံးအကျယ်မှာ ပေ ၆၀၀ ရှိသည်။

တံတားအပေါ်ထည်ခုံးသုံးခုံးကို တောင်ကိုရီးယားနိုင်ငံက ပြုလုပ်မည်ဖြစ်ပြီး ပြုလုပ်ပြီးသားခုံးသုံးခုံးကို ကရိန်းဖြင့် မတင်ကာ တံတားပေါ်သို့ တပ်ဆင်နိုင်ရန် စီစဉ်ထားသည်။ တံတားဘေးနှစ်ဖက် ပေါင်များကို ဂျပန်နည်းပညာဖြင့် ပြုလုပ်မည်ဖြစ်ရာ တံတားဆောက်မှုဆိုင်ရာ နည်းပညာသစ်များ ရရှိနိုင်မည်ဖြစ်သည်။

တံတား၏ ဘီလူးကျွန်းဘက် ကညော်ကျေးရွာဘက်ခြမ်း၌ ချဉ်းကပ်လမ်းအရှည် တစ်မိုင် နှစ်ဖာလုံခန့်ရှိပြီး မော်လမြိုင်ဘက် ကျိုက်မုပွန်ဘက်ခြမ်း၌ ချဉ်းကပ်လမ်းအရှည်သည် ပေ ၄၀၀ ခန့်ရှိသည်။ သံလွင်တံတား(ချောင်းဆုံ)တည်ဆောက်မှုကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှ စတင်ကာ တည်ဆောက်နေခြင်းဖြစ်ပြီး သုံးနှစ်စီမံကိန်းဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်သည်။

ယခုအခါ ဘီလူးကျွန်းဘက်အခြမ်းနှင့် မော်လမြိုင် ကျိုက်မုပွန်ဘက်အခြမ်းတို့၌ တံတားတည်ဆောက်ရေးလုပ်ငန်းများ တစ်ပြိုင်တည်း ဆောင်ရွက်လျက်ရှိနေသည်။

**(မြန်မာ့အလင်း)**

# နိုင်ငံတကာမီဒီယာများမှ မြန်မာနိုင်ငံသားမဟုတ်သည့် ပင်လယ်တွင်း လှေစီးဒုက္ခသည်များအား နိုင်ငံသားအဖြစ် လုပ်ကြံတံဆိပ်ကပ်လိမ်ညာမှုများ ပြုလုပ်မှုအပေါ် ဆန့်ကျင်ကန့်ကွက်ဆန္ဒထုတ်ဖော်

**ရန်ကုန် မေ ၂၇**

ကပ္ပလီပင်လယ်ပြင်နှင့်မလက္ကာရေလက်ကြားရှိ ပင်လယ်တွင်း လှေစီးဒုက္ခသည်များနှင့်ပတ်သက်၍ နိုင်ငံတကာမီဒီယာများက မြန်မာနိုင်ငံသားမဟုတ်သည့် ပင်လယ်တွင်း လှေစီးဒုက္ခသည်များအား မြန်မာနိုင်ငံသားအဖြစ် လုပ်ကြံတံဆိပ်ကပ် လိမ်ညာမှုများပြုလုပ်ရန် စွပ်စွဲပုတ်ခတ်ကြိုးပမ်းမှုအပေါ် "ဟပြာဆောတဒဗ်း ပရဟိတအဖွဲ့" က ဦးဆောင်ပြီး ဆန့်ကျင်ကန့်ကွက်လမ်းလျှောက်ဆန္ဒထုတ်ဖော်ခြင်းကို ယနေ့မွန်းလွဲ ၁ နာရီ မိနစ် ၄၀ ခန့်က ဗဟန်းမြို့နယ် ဗိုလ်စိန်မှန်အားကစားကွင်းမှ တာမွေမြို့နယ် ကျိုက္ကဆံအားကစားကွင်းရှိ ပြည်သူ့ဟတ်တိုင်အထိ ပြုလုပ်ခဲ့ကြသည်။

အဆိုပါ လမ်းလျှောက်ဆန္ဒထုတ်ဖော်ပွဲကို ခွင့်ပြုချက်ရယူ၍ ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး "ဟပြာဆောတဒဗ်း ပရဟိတအဖွဲ့" နှင့် သံဃာတော်များ အပါအဝင် အင်အား ၈၀၀ ခန့်နှင့်အတူ ဧရာဝတီတိုင်းဒေသကြီး ပရဟိတအဖွဲ့နှင့် သံဃာတော်များအပါအဝင် အင်အား ၆၀ ခန့်တို့ ပူးပေါင်း၍ ကြွေးကြော်သံများဖြင့် ပိုစတာဆိုင်းဘုတ်များ ကိုင်ဆောင်ကာ အေးချမ်းစွာ ဆန္ဒထုတ်ဖော်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ကိုကိုဇော်**



## ပြင်ဆင်ဖတ်ရှုပါရန်

မေ ၁၉ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၉)တွင် ဖော်ပြပါရှိသည့် ဦးဆိုင်ပေါင်းနပ် "ဝ"အမျိုးသားစည်းလုံးညီညွတ်ရေးပါတီ အထွေထွေအတွင်းရေးမှူး အစား "ဝ" ဒီမိုကရက်တစ်ပါတီ အထွေထွေအတွင်းရေးမှူး ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**စာတည်းအဖွဲ့**

# မိတ္ထီလာ(မြောက်)ကန် ပြန်လည်ပြုပြင်တူးဖော်မှုလုပ်ငန်းကာလ နှစ်လနှင့် အပြီးဆောင်ရွက်မည်

**တွေ့ဆုံမေးမြန်း-နန္ဒာဝင်း**
**ဓာတ်ပုံ-တင်ထွန်းအောင်**

**မိတ္ထီလာကန်၏ ပတ်ဝန်းကျင်တွင် သျှိသျှားပင်များ ဝန်းရံပေါက်ရောက်နေခဲ့သဖြင့် ရှေးအခါက သျှိသျှားကန်ဟု ခေါ်ခဲ့သည်။**

**အနော်ရထာမင်းစောလက်ထက်တွင် သျှိသျှားကန်ရေသည် ပုပ္ပားတောင်နှင့် စပ်ခြင်း၊ ထိခြင်း ရှိ မရှိကို မြင်းသည်ကျော်တစ်ဦးအား သွားရောက်ကြည့်ရှုစေရာ ပုပ္ပားတောင်နှင့် ထိခြင်း၊ စပ်ခြင်းမရှိကြောင်းကို ‘‘မထိလာ’’ပါဟု လျှောက်တင်ဖြေကြားခဲ့သည်ကို အစွဲပြု၍ ကန်တော်ကို ‘‘မထိလာကန်’’ဟု ခေါ်တွင်စေခဲ့ရာမှ ကာလရွေ့လာသောအခါ မိတ္ထီလာကန်ဟု ခေါ်တွင်လာခဲ့ကြောင်း လေ့လာသိရှိရသည်။**

မိတ္ထီလာကန်သည် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်တွင် တည်ရှိသည်။ “ရေမှာစစ်ကိုင်း၊ လှိုင်းမှာ ပခန်းငယ်၊ လယ်မှာတောင်တွင်း၊ စပါးမှာ ရမည်းသင်း၊ အင်းမှာတောင်သမန်၊ ကန်မှာမိတ္ထီလာ”ဟု ဆိုရိုးစကားရှိသည်နှင့်အညီ မိတ္ထီလာကန်ကိုအစွဲပြု၍ မိတ္ထီလာမြို့ ဖြစ်ပေါ်ထင်ရှားလာခဲ့ကြောင်း လေ့လာသိရှိရသည်။

မိတ္ထီလာကန်၏ အဓိကရေဝင်ချောင်းမှာ မုန့်တိုင်ချောင်းဖြစ်သည်။ မိတ္ထီလာကန်သည် အလျား ခုနစ်မိုင်၊ အနံ တစ်မိုင်ခွဲရှိ၍ ကန်နှစ်ကန်ကို ပေါင်းစပ်ဖွဲ့စည်းထား


ဦးခင်ဇော်
ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)

သဖြင့် တောင်ကန်၊ မြောက်ကန်ဟု ခေါ်လေ့ရှိသော်လည်း ကန်ရေမှာ တစ်ဆက်တစ်စပ်တည်းဖြစ်သည်။ သဘာဝအလျောက် ဖြစ်ပေါ်လျက်ရှိသော ချောင်းရိုး၊ မြောင်းရိုးများကို ရှေးမြန်မာများက မြေသားတမံဆယ်ဖို့၍ တားဆီးပိတ်ဆို့ထားသော ကန်ဖြစ်သည်။

မိတ္ထီလာကန်ရေကို မြို့နေလူထုအတွက် သောက်သုံးရေနှင့် စိုက်ပျိုးရေးအတွက် အဓိကအားထားခဲ့ရသည်။ မိတ္ထီလာကန်တည်ဆောက်ခဲ့သည်မှာ နှစ်ကာလရာစုနှစ်များစွာကြာမြင့်ခဲ့ပြီဖြစ်ရာ သဲ၊ နုန်းများပို့ချမှုတို့ကြောင့် ကန်တိမ်ကောလာခဲ့၍ မြို့သူ၊ မြို့သားများ သောက်သုံးရေနှင့် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် သမိုင်းဝင်မိတ္ထီလာကန် ပြန်လည်တူးဖော်ခြင်းလုပ်ငန်းကို နှစ်လအတွင်းပြီးစီးအောင် ဆောင်ရွက်သွားမည်ဟု သိရသည့်အတွက် ဆည်မြောင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) ဦးခင်ဇော်အား သွားရောက် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြအပ်ပါသည်။

**မေး။ ။ ဘယ်လိုအကြောင်းအရာတွေက မိတ္ထီလာကန်ကို တိမ်ကောစေရတာပါလဲ။**

ဖြေ။ ။ မိတ္ထီလာကန်ကြီးဟာ ရှေးနှစ်ပေါင်းများစွာ ကလိယုဂ်သက္ကရာဇ်နှစ်တွေကတည်းက စတင်တည်ဆောက် ဆယ်ဖို့ခဲ့တယ်လို့ သိရပါတယ်။ ရှေးမင်းအဆက်ဆက် ဆယ်ဖို့ ပြုပြင်ခဲ့ကြပေမယ့် နောက်ဆုံး(၁၇)ကြိမ်မြောက် ဆယ်ဖို့ပြုပြင်ခဲ့တဲ့ မင်းတုန်းမင်းတရားကြီးလက်ထက် လွန်ခဲ့တဲ့နှစ်ပေါင်း ၁၅၀ ကျော် သက္ကရာဇ် ၁၂၁၈ ခုနှစ်က ဆယ်ဖို့ခဲ့တာကြောင့် ရေဆင်းဧရိယာ ၂၄၀ စတုရန်းမိုင်အတွင်းက ကျဆင်းလာတဲ့ နုန်းအနည်အနှစ်တွေကြောင့် မိတ္ထီလာကန်ကြီး တိမ်ကောလာရခြင်း ဖြစ်ပါတယ်။

**မေး။ ။ အခုလို တိမ်ကောသွားရတဲ့အတွက် လက်ရှိမှာ ဘယ်လိုအကျိုးဆက်တွေကို ခံစားနေရပါသလဲ။**

ဖြေ။ ။ မိတ္ထီလာ ကန်အတွင်းကို စီးဝင်တဲ့ ရေဝင်ချောင်းတွေဖြစ်တဲ့ မုန့်တိုင်၊ ကြာအင်း၊ တလင်းကုန်း၊ ရွှေစစ်သည်ချောင်းတွေက မိတ္ထီလာမြောက်ကန်ဘက်ခြမ်းကို စီးဝင်ကြပါတယ်။ မြောက်ကန် တိမ်ကောသွားတဲ့အတွက် ရေဝင်ချောင်းတွေ ဘေးမှာရှိတဲ့ မြင်သာရွာ၊ သဲတောရွာ၊ လက်ပံခါးကော့ရွာ၊ ရှင်မြို့ရွာ၊ ရွာမရွာတွေအတွင်းကို ချောင်းကမ်းပါးရေလျှံပြီး ရေလွှမ်းမိုးမှု ဖြစ်ပေါ်ခဲ့ပါတယ်။

အဲဒီလို ရေကြီးနစ်မြုပ်မှုတွေက ကာကွယ်ဖို့အတွက် ရေဝင်ချောင်းတွေအတွင်း သဲနုန်းတူးဖော်ခြင်းလုပ်ငန်းတွေကို ၂၀၁၃-၂၀၁၄ ခုနှစ်မှာ ဆောင်ရွက်ပြီးဖြစ်ပါတယ်။ အခုတော့ ရေလွှမ်းမိုးမှုက ကာကွယ်နိုင်ပြီဖြစ်ပါတယ်။ မိတ္ထီလာမြောက်ကန်အတွင်း သဲနုန်းပို့ချမှုများလာပြီး နွေမှာ စိုက်ပျိုးရေ၊ သောက်သုံးရေ ပေးဝေဖို့ လုံးဝမဖြစ်နိုင်တော့တဲ့ အနေအထားကို ရောက်ရှိလာပါတယ်။ ဒါ့အပြင် ဆည်ရေသောက်ဧရိယာအတွင်း မိုးစပါးစိုက်ပျိုးမှုတွေကလည်း ရေသိုလှောင်နိုင်မှု လျော့နည်းလာပြီး စိုက်ဧကတွေပါ လျော့နည်းကျဆင်းလာတာကို တွေ့ရှိရပါတယ်။ သာစည်မြို့နယ်အတွင်းမှာ ကန်ရေသောက်ဧရိယာတွေကို စိုက်ပျိုးရေပေးဝေနိုင်ခြင်း မရှိတော့တဲ့ အနေအထားကို ရောက်ရှိလာပါတယ်။


မိတ္ထီလာကန် ပြန်လည်တူးဖော်မှုကို တွေ့ရစဉ်။

**မေး။ ။ မိတ္ထီလာကန်ရေကို မှီခိုနေရတဲ့ မြို့နေလူထု ဘယ်လောက်ရှိပါသလဲ။**

ဖြေ။ ။ မိတ္ထီလာမြို့က တက္ကသိုလ်၊ သင်တန်းကျောင်း၊ ဌာနဆိုင်ရာ၊ တပ်ရင်းတပ်ဖွဲ့တွေ တပ်မတော် ချည်မျှင်နဲ့အထည်စက်ရုံတွေအပါအဝင် မိတ္ထီလာမြို့ လူဦးရေ ၉၇၀၀၀ ကျော်ရှိပြီး မိတ္ထီလာကန်ရေကို သောက်သုံးရေအဖြစ် မြို့နေလူထု ၈၀ ရာခိုင်နှုန်းလောက်က မှီခိုသောက်သုံးနေကြရပါတယ်။ မိတ္ထီလာမြို့နယ် တစ်မြို့နယ်လုံးရဲ့ လူဦးရေ၂၉၅၀၀၀ ခန့်ဟာလည်း မိတ္ထီလာကန်ကြီးကို စိုက်ပျိုးရေး၊ စီးပွားရေးအရ မှီခိုနေရတာဖြစ်ပါတယ်။

**မေး။ ။ မိတ္ထီလာကန်ကို အဓိကဘယ်ကရေတွေ စီးဝင်တယ်ဆိုတာ သိချင်ပါတယ်။**

ဖြေ။ ။ မိတ္ထီလာကန်ကို အဓိကရေစီးဝင်တဲ့ ချောင်းကတော့ မုန့်တိုင်ချောင်း ဖြစ်ပါတယ်။ မိတ္ထီလာကန်ကြီး သဲနုန်းပို့ချမှုကြောင့် တိမ်ကောလာတဲ့အတွက် မိတ္ထီလာကန်နုန်းပို့ချမှုက ကာကွယ်ဖို့ မုန့်တိုင်ချောင်းရေကို ကူညီ သိုလှောင်ပေးပြီး မိတ္ထီလာကန်ရေကူပေးနိုင်ဖို့ မုန့်တိုင်နဲ့ မိတ္ထီလာကြားလယ်မြေတွေကို စိုက်ပျိုးရေပေးဝေနိုင်ဖို့ရည်ရွယ်ပြီး မိတ္ထီလာကန်ရဲ့အထက် ၁၀ မိုင်ခန့်အကွာမှာ မုန့်တိုင်ရေလှောင်တမံကို ၁၉၆၆-၁၉၆၇ ခုနှစ်က တည်ဆောက်ပြီးစီးခဲ့ပါတယ်။

ဒါ့အပြင် မိတ္ထီလာကန်ကို ရေကူပေးနိုင်ဖို့ မုန့်တိုင်ကန်အထက် ၁၂ မိုင်ခန့်အကွာမှာ ရှမ်းမငယ် ရေလှောင်တမံကိုလည်း တည်ဆောက်ထားပါတယ်။ အလားတူ ချောင်းကောက်ရေလှောင်တမံက ပိုလျှံတဲ့ရေတွေကို မိတ္ထီလာကန်ကို ဖြည့်ပေးနိုင်ဖို့ ချောင်းကောက်-လွန်ငင်-လက်ခုပ်ပင်- ညောင်ကုန်း-မိတ္ထီလာကန် ဆက်သွယ်မြောင်းနဲ့ မိတ္ထီလာတောင်ကန်ကို ရေကူပေးနိုင်အောင် ဆောင်ရွက်ထားပါတယ်။

**မေး။ ။ ကန်ပြန်လည်တူးဖော်တဲ့ လုပ်ငန်းတွေကို နှစ်လအတွင်းပြီးစီးအောင် ဘယ်လိုဆောင်ရွက်နေပါသလဲ။**

ဖြေ။ ။ မိတ္ထီလာကန်မှာ တောင်ကန်နဲ့ မြောက်ကန် နှစ်ခုရှိပါတယ်။ သဲနုန်းပို့ချမှုများတဲ့အတွက် မိတ္ထီလာမြောက်ကန်အတွင်းက မြေကြီးကျင်းပမာဏ ၉၇၂၅၀၀ ကို အခု မိုးမကျခင် နှစ်လနဲ့ အပြီးတူးဖော်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ စက်ယန္တရားအင်အားအစီး ၄၀၀ခန့်နဲ့ စုဖွဲ့ပြီး နေ့၊ ညပြန်လည်ပြုပြင်ဆယ်ဖို့ သွားမှာဖြစ်ပါတယ်။ ဆောင်ရွက်ရမယ့်လုပ်ငန်းတွေကတော့ အကြိုတည်ဆောက်ခြင်းလုပ်ငန်း၊ ကန်တွင်းသဲနုန်းတူးဖော်ခြင်းလုပ်ငန်း၊ ကန်အတွင်း၊ အပြင် ဆင်ခြေလျှောကာကွယ်ခြင်းလုပ်ငန်း၊ ကန်ပေါင်ထိပ်ပြင်လုပ်ငန်း၊ ရေထုတ်ပြွန်တွေနဲ့ ကန်ခြားရေတံခါး ပြုပြင်ခြင်းလုပ်ငန်းတွေနဲ့ အခြားဆက်စပ်လုပ်ငန်းတွေ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဒီလုပ်ငန်းတွေကို မန္တလေးတိုင်းဒေသကြီး ဆည်မြောင်းဦးစီးဌာန မိတ္ထီလာခရိုင်နဲ့ နေပြည်တော်တည်ဆောက်ရေး(၅) ဆည်မြောင်းဦးစီးဌာနက ဝန်ထမ်းတွေစုဖွဲ့ပြီး သတ်မှတ်အချိန်အတွင်း ပြီးစီးအောင် လုပ်ငန်းအစီအစဉ်တွေ စနစ်တကျ ရေးဆွဲဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ ။ အခုလက်ရှိ လုပ်ငန်းဆောင်ရွက်နေတာ ဘယ်လောက်အဆင့်ကို ရောက်ရှိနေပြီဆိုတာ ရှင်းပြပေးပါ။**

ဖြေ။ ။ ခုလက်ရှိမှာတော့ အကြိုတည်ဆောက်ခြင်း လုပ်ငန်းတွေ၊ စက်ယန္တရားစုဖွဲ့ခြင်းလုပ်ငန်းတွေကို ဆောင်ရွက်ပြီးဖြစ်ပါတယ်။ ကန်တွင်း သဲနုန်းတူးဖော်ခြင်း လုပ်ငန်းတွေကို စတင်ဆောင်ရွက်နေပြီး မိတ္ထီလာမြောက်ကန် ပြန်လည်ပြုပြင်တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ဆဲကာလမှာ မိတ္ထီလာမြောက်ကန်ကို အမှီသဟဲပြုနေကြတဲ့ မြို့သူ မြို့သားတွေ သောက်ရေ၊ သုံးရေ ပြတ်လပ်မှုမရှိစေဖို့အတွက် ရေခေါ်မြောင်းတွေ၊ ရေစုကန်တွေ တူးဖော် ဆောင်ရွက်နေပါတယ်။ လုပ်ငန်းအစီအစဉ် ရေးဆွဲထားတဲ့အတိုင်း စီမံဆောင်ရွက်ဖို့ လိုအပ်တဲ့ လုပ်ငန်းအားလုံးကိုလည်း အချိန်နဲ့တစ်ပြေးညီ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ ။ အခု ပြန်လည်ဆယ်ဖို့မယ်ဆိုတော့ သဲနုန်းတွေ အရင်လို ပို့ချမှုမများအောင် ဘယ်လိုစီစဉ်ဆောင်ရွက်သွားမယ်ဆိုတာ သိချင်ပါတယ်။**

ဖြေ။ ။ မိတ္ထီလာကန်နဲ့ မုန့်တိုင်ရေလှောင်တမံကြား ရေဆင်းဧရိယာ စတုရန်းမိုင် ၉၀ အတွင်းက စီးဆင်းလာတဲ့ ချောင်းတွေပေါ်မှာ နုန်းဖမ်းတာတွေ ဆောက်လုပ်ပြီး ကန်တွင်းသဲနုန်းပို့ချမှုမရှိအောင် ဆက်လက်စီစဉ်ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဘဏ္ဍာနှစ်အတွင်းက တလင်းကုန်းချောင်းပေါ်မှာ နုန်းဖမ်းဆည်တစ်ခု တည်ဆောက်ထားပြီးဖြစ်ပါတယ်။

ဒါ့အပြင် နိုင်ငံတော်သမ္မတကြီး ညွှန်ကြားခဲ့တဲ့အတိုင်း ရေဆင်းဧရိယာအတွင်း သစ်ပင်တွေ တစ်အုပ်တစ်မ ပြန်လည်စိုက်ပျိုးပြီး မြေဆီလွှာရေတိုက်စားမှုက ကာကွယ်ဖို့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**မေး။ ။ ဖြည့်စွက် ပြောကြားချင်တာရှိရင် ပြောကြားပေးပါ။**

ဖြေ။ ။ မိတ္ထီလာကန်ကြီးဟာ နှစ်ပေါင်းထောင်ချီပြီး အစဉ်အလာကြီးခဲ့တဲ့ ကန်တော်ကြီးဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ သမိုင်းကြောင်း၊ သာသနာတော်ရဲ့ သမိုင်းကြောင်းတွေမှာ ထင်ရှားလှတဲ့ ကန်တော်ကြီးဖြစ်ပါတယ်။ ရှေးမြန်မာမင်းတွေက ခေတ်အဆက်ဆက် ဆယ်ဖို့ပြုပြင်ဆောင်ရွက်ခဲ့ပါတယ်။ ပုဂံပြည့်ရှင် အနော်ရထာမင်းကြီးလက်ထက်မှာ (၁၁)ကြိမ်မြောက် ပြုပြင်ဆယ်ဖို့ခဲ့ပြီး မင်းတုန်းမင်းကြီးလက်ထက်မှာ (၁၇)ကြိမ်မြောက် နောက်ဆုံး ဆယ်ဖို့ပြုပြင်ခြင်းကို ဆောင်ရွက်ခဲ့ပါတယ်။

အခုလို (၁၈)ကြိမ်မြောက် မိတ္ထီလာကန်တော်ကြီးကို ဆယ်ဖို့ပြုပြင်တဲ့လုပ်ငန်းစဉ်မှာ ဆည်မြောင်းဦးစီးဌာနအနေနဲ့ နည်းပညာ၊ စက်ယန္တရားအင်အား၊ လူအင်အားတွေနဲ့ စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်ခွင့်ရတဲ့အတွက် ဝမ်းမြောက်ဂုဏ်ယူရပါတယ်။ မိတ္ထီလာနယ် တစ်နယ်လုံးမှာရှိတဲ့ လူ၊ တိရစ္ဆာန်၊ သတ္တဝါတို့ရဲ့ မှီခိုအားထားရာ မိတ္ထီလာကန်တော်ကြီးကို မတိမ်ကောမပျက်စီးရေး၊ အစဉ်သန့်ရှင်း သာယာလှပရေးတို့ဟာ မိတ္ထီလာနယ်သူ နယ်သားတွေအားလုံးကလည်း ဝိုင်းဝန်းဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်လို့ ပြောကြားလိုပါတယ်။

ယခု ပြန်လည်ဆယ်ဖို့ ပြုပြင်တော့မည့် မိတ္ထီလာကန်ကို ပုဂံခေတ် အနော်ရထာ မင်းလက်ထက်တွင် “မထိလာကန်”ဟု လည်းကောင်း၊ အလောင်းစည်သူမင်း လက်ထက်တွင် “မေတ္တာကန်”၊ “ရေများကန်”ဟုလည်းကောင်း၊ အင်းဝခေတ် မင်းကြီး စွာစော်ကဲလက်ထက်တွင် “ရှည်လျားကန်”ဟု လည်းကောင်း၊ ပင်းယခေတ် ညောင်ရမ်းမင်းလက်ထက်တွင် “မင်္ဂလာကန်” ဟု လည်းကောင်း အမည်အမျိုးမျိုး သတ်မှတ်ခေါ်ဝေါ်ခဲ့ကြရာမှ ကုန်းဘောင်ခေတ် မင်းတုန်းမင်းလက်ထက်မှစကာ “မိတ္ထီလာကန်” ဟု ခေါ်တွင်ခဲ့သည်မှာ ယနေ့တိုင်ပင် ဖြစ်သည်။

**မိတ္ထီလာမြို့ လူဦးရေ ၉၇၀၀၀ ကျော်ရှိပြီး မိတ္ထီလာကန်ရေကို သောက်သုံးရေအဖြစ် မြို့နေလူထု ၈၀ ရာခိုင်နှုန်းလောက်က မှီခိုသောက်သုံးနေကြရပါတယ်။ မိတ္ထီလာမြို့နယ် တစ်မြို့နယ်လုံးရဲ့ လူဦးရေ ၂၉၅၀၀၀ ခန့်ဟာလည်း မိတ္ထီလာကန်ကြီးကို စိုက်ပျိုးရေး၊ စီးပွားရေးအရ မှီခိုနေရတာဖြစ်**

# ၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအရ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းအပါအဝင် သတင်းအချက်အလက်နှင့် နည်းပညာဝန်ဆောင်မှုလုပ်ငန်းများမှ ဝန်ဆောင်မှုရငွေအပေါ် ကုန်သွယ်လုပ်ငန်းခွန်ကျသင့်မှာဖြစ်

ဦးဝင်းရှိန်

**မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဦး၏ ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်းအဆိုနှင့်ပတ်သက်၍ ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဝင်းရှိန်က ပြည်ထောင်စုလွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်းအား ဖော်ပြအပ်ပါသည်။**

လေးစားအပ်ပါသော ပြည်ထောင်စုလွှတ်တော်နာယကကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဦး၏ နိုင်ငံတော်အတွင်း မိုဘိုင်းဖုန်းသုံးစွဲသူ အများပြည်သူတို့၏ ဖုန်းခေါ်ဆိုခကြိုတင်ထည့်သွင်းငွေများထဲက ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်း ဖြတ်တောက် ကောက်ခံမည့်ကိစ္စကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ကင်းလွတ်ခွင့်ပြုနိုင်ရန် တည်ဆဲပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်ထောင်စုလွှတ်တော်သို့ အမြန်ဆုံး တင်သွင်းအတည်ပြုပေးနိုင်ပါရန် ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်း အဆိုနှင့် စပ်လျဉ်း၍ ကျွန်တော် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ရှင်းလင်းဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဒီကနေ့ ကျွန်တော်လာရောက်ရှင်းလင်းတဲ့ဖြစ်စဉ်ဖြစ်ရပ်နဲ့ ပတ်သက်တဲ့ အကြောင်းအရာ အချက်အလက်များကို နာယကကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များနဲ့ ပြည်သူတစ်ရပ်လုံးပါ သိရှိအောင် ရှင်းလင်းတင်ပြမှာဖြစ်ပါတယ်။ ယခုလို ရှင်းလင်းတင်ပြခွင့်ရတဲ့အတွက် ကျွန်တော့်အနေနဲ့ ကျေးဇူးတင်ဝမ်းမြောက်မိကြောင်းလည်း ပြောကြားလိုပါတယ်။ ယခုရှင်းလင်းမယ့် အကြောင်းအရာကိစ္စမှာ ကျွန်တော့်အနေနဲ့ အခွန်ကောက်ခံမှုတစ်ခုတည်းကိုသာမကြည့်ဘဲ ဒီဖြစ်ရပ်ဖြစ်ပေါ်တဲ့ အခြေခံအကြောင်းရင်းခံ၊ ဆက်စပ်ပတ်သက်တဲ့ အကြောင်းအချက်အလက် စတာတွေ အပါအဝင် ကိုယ်စားလှယ်တော်ကြီးများနှင့် ပြည်သူလူထုအားလုံး သိသင့်တဲ့ အကြောင်းအချက်များကို ပြည့်ပြည့်စုံစုံ ရှင်းလင်းတင်ပြမှာ ဖြစ်ပါတယ်။ ရှင်းလင်းတင်ပြပြီးတဲ့အခါ လွှတ်တော်ကိုယ်စားလှယ်ကြီးများရဲ့ ဆုံးဖြတ်ချက်ကိုခံယူမှာ ဖြစ်ပါတယ်။

နိုင်ငံတော်၏အုပ်ချုပ်မှုအာဏာကို နိုင်ငံတော်အစိုးရသို့ ပြည်သူတို့က အပ်နှင်းထားခြင်းဖြစ်ပြီး နိုင်ငံတော်အစိုးရဟာလည်း ပြည်သူတို့က ရွေးချယ်တာဝန်ပေးအပ်ထားသော အစိုးရဖြစ်ပါတယ်။ သို့ဖြစ်၍ ပြည်သူကို ဗဟိုပြုသော၊ ပြည်သူ့အကျိုးကို ဦးထိပ်ထားသော အစိုးရဖြစ်ရန် အစိုးရသက်တမ်း ကာလတစ်လျှောက် နေ့စဉ်နှင့်အမျှ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ ကောက်ခံရရှိသော အခွန်အခရငွေများ အားလုံးကိုလည်း ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ပြည်သူ့အကျိုး၊ ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများအတွက် အုပ်ချုပ်မှုယန္တရားလည်ပတ်မှု အသုံးစရိတ်နှင့် ရင်းနှီးမြှုပ်နှံမှု အသုံးစရိတ်များကို ဥပဒေနှင့်အညီ ပြန်လည်သုံးစွဲ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အခွန်အကောက်မူဝါဒကိုချမှတ်၍ အခွန်အကောက်များ ကောက်ခံရာတွင် အချို့သော အခွန်အခဆိုင်ရာ ကိစ္စရပ်များမှာ ပြည်သူတစ်ရပ်လုံးနှင့် သက်ဆိုင်ပြီး ပြည်သူကိုယ်တိုင် သိမြင်နားလည်၍ ပေးဆောင်လိုစိတ်ရှိစွာဖြင့် ပေးဆောင်လာရန် ကြိုးပမ်းရမှာ ဖြစ်သည်ကို သက်ဆိုင်သူအားလုံးက သတိပြု ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ အစိုးရ၏ အခွန်အကောက်ဆိုင်ရာ အစပျိုးဆောင်ရွက်ချက်တစ်ခုသည် ပြည်သူဘက်ကခံစားရသည့် ဆန္ဒနှင့်ထပ်တူမဖြစ်ပါက နိုင်ငံတော်က ဆောင်ရွက်ရသည့် အနေအထားနှင့် ပြည်သူတို့၏ ဆန္ဒသဘောထား တုံ့ပြန်မှုတို့အပေါ် သက်ဆိုင်ရာ ဥပဒေပြုရေးအပိုင်း၊ အုပ်ချုပ်ရေးအပိုင်းတို့မှ တာဝန်ရှိသူများအနေဖြင့် ဆောင်ရွက်သင့်သည့် အခြေအနေကို ပွင့်ပွင့်လင်းလင်း ညှိနှိုင်း ဆွေးနွေးဆောင်ရွက်ကြရမှာဖြစ်ပါတယ်။

ယခုကိစ္စ ဖြစ်ပေါ်လာရသည့် နောက်ခံအခြေအနေကို ရှင်းလင်းတင်ပြလိုပါတယ်။ ၂၀၁၅ ခုနှစ် မေလ ၁၈ ရက်နေ့တွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနနှင့် ဆက်သွယ်ရေးဝန်ဆောင်မှု ကုမ္ပဏီများက သတင်းစာရှင်းလင်းပွဲတစ်ခု ကျင်းပပြုလုပ်ခဲ့ပြီး လာမည့် ဇွန်လ ၁ ရက်နေ့မှ စတင်၍ တယ်လီဖုန်းခေါ်ဆိုခြင်း ဝန်ဆောင်မှုအတွက် သုံးစွဲသူအားလုံး၏ ဖုန်းခေါ်ဆိုခ ကြိုတင်ထည့်သွင်းငွေများထဲမှ ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်းကို ပေးဆောင်ရန် လိုအပ်ကြောင်း ရှင်းလင်းသတင်းထုတ်ပြန်ခဲ့ပါတယ်။ ဒီလို ရှင်းလင်းသတင်းထုတ်ပြန်ခြင်းမှာ ပြဋ္ဌာန်းထားသည့် အခွန်ဥပဒေနှင့်အညီ ဆက်သွယ်ရေးအော်ပရေတာများအနေဖြင့် နိုင်ငံတကာ ဆက်သွယ်ရေး ဝန်ဆောင်မှုကုမ္ပဏီများဖြစ်သည့် အားလျော်စွာ ကျသင့်အခွန်များ အတိအကျ ပေးဆောင်လိုခြင်း၊ တယ်လီဖုန်း သုံးစွဲသူပြည်သူများသို့ အသိပေးရန် လိုအပ်ခြင်းတို့ကြောင့် ဖြစ်ပါတယ်။ ထိုသို့ ရှင်းလင်း သတင်းထုတ်ပြန်ချိန်မှစ၍ ပြည်သူများအကြား သတင်းပျံ့နှံ့သွားပြီး အမျိုးမျိုးဝေဖန်ပြောဆိုကြရာမှတစ်ဆင့် ယခုကဲ့သို့ လွှတ်တော်တွင် အရေးကြီးအဆိုတင်သွင်းသည့်အဆင့်အထိ ရောက်ရှိလာခဲ့ခြင်းဖြစ်ပါကြောင်းတွေ့ရှိရပါတယ်။

အဆိုနှင့်ပတ်သက်ပြီး ကျွန်တော့်အနေဖြင့် ယနေ့ ပြည်ထောင်စုလွှတ်တော်သို့ ရှင်းလင်းတင်ပြရာတွင် ပြည်သူ့ဆန္ဒ၊ ပြည်သူ့အသံကို မျက်ကွယ်ပြု၍သော်လည်းကောင်း၊ လွှတ်တော် ကိုယ်စားလှယ်ကြီးများ၏ ဆန္ဒသဘောထားအမြင်များကို ဆန့်ကျင်၍ သော်လည်းကောင်း ဆွေးနွေးတင်ပြခြင်း မဟုတ်ဘဲ ပြဋ္ဌာန်းဥပဒေနှင့်အညီ ဆောင်ရွက်သည့် အခြေအနေနှင့် နိုင်ငံတကာ ကျင့်သုံးသည့် နည်းလမ်းများနှင့်အညီ ကျင့်သုံးဆောင်ရွက်မှုအခြေအနေတို့ကို တင်ပြမှာဖြစ်ပါတယ်။ ထို့အပြင် အခွန်ထမ်းပြည်သူများက သွယ်ဝိုက်ခွန်၏ သဘောသဘာဝနှင့် အခွန်ကောက်ခံရခြင်းတို့အပေါ် သိမြင်နားလည်မှုများ ပိုမိုရရှိလာစေရန်နှင့် နိုင်ငံတော်က ဆောင်ရွက်လျက်ရှိသည့် အခွန်မူဝါဒဆိုင်ရာများကို ရှင်းလင်းတင်ပြမှာဖြစ်ပါတယ်။



ဦးဝင်းရှိန်
ပြည်ထောင်စုဝန်ကြီး

ဤကိစ္စအပေါ် ပြန်လည်သုံးသပ်သည့်အခါ ကျွန်တော်တို့ နိုင်ငံတွင် ပြည်သူများအနေဖြင့် သွယ်ဝိုက်ခွန်ဖြစ်သည့် ကုန်သွယ်လုပ်ငန်းခွန်၏ သဘောသဘာဝအပေါ် ရင်းနှီးကျွမ်းဝင်မှု မရှိသေးသဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကောက်ခံခြင်းအပေါ်မှာ ယူဆချက်အမျိုးမျိုးပေါ်ပေါက်ပြီး ယခုကဲ့သို့ ဖြစ်ပေါ်ရခြင်းပဲဖြစ်ပါတယ်။ ဒီလို ဖြစ်ရခြင်းဟာလည်း အခွန်ဆိုင်ရာ ပညာပေးမှုများ ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်ရန် လိုအပ်နေသေးတယ်ဆိုတာကို မီးမောင်းထိုးပြနေတာဖြစ်တယ်လို့ ခံယူပါတယ်။ နိုင်ငံတကာမှာ ကျောင်းပညာသင်ကြားချိန်ကပင် အခွန်နှင့် ပတ်သက်သည်များကို ဘာသာရပ်အနေဖြင့် သင်ကြားပေးသည်များကို လေ့လာသိရှိရပါတယ်။ ယခုအချိန်တွင် မြန်မာနိုင်ငံအနေဖြင့် အခွန်ဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို စတင်လုပ်ဆောင်နေချိန်ဖြစ်တဲ့အတွက် အခွန်ဆိုင်ရာကိစ္စရပ်များတွင် ယခုကဲ့သို့ အပြန်ပြန်အလှန်လှန် ထည့်သွင်းစဉ်းစားပြီး ပြုပြင်ပြောင်းလဲမှုများကို ဖော်ဆောင်သွားရမှာဖြစ်ပါကြောင်း တင်ပြလိုပါတယ်။

အခွန်အကောက်စနစ်များတွင် တိုက်ရိုက်ခွန်နဲ့ သွယ်ဝိုက်ခွန်ဆိုတဲ့ အခွန်အမျိုးအစားနှစ်မျိုးကို တွေ့ရှိရပါတယ်။ တိုက်ရိုက်ခွန်တွင် ကျသင့်အခွန်ကို အခွန်ထမ်းမှ ပေးဆောင်ရခြင်းဖြစ်ပြီး မြန်မာနိုင်ငံ၏ အခွန်စနစ်တွင် တိုက်ရိုက်ခွန်အဖြစ် ဝင်ငွေခွန်ကို ကောက်ခံပါတယ်။ ဝင်ငွေခွန်သည် လစာ၊ အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်း၊ အိမ်မြေအဆောက်အအုံ ငှားရမ်းခြင်းလုပ်ငန်း၊ စီးပွားရေးလုပ်ငန်း စသည်တို့မှ ရရှိသည့် ဝင်ငွေ၊ အခြေပစ္စည်းမှ မြတ်စွန်းငွေ၊ စည်းကြပ်မှုမှ လွတ်ကင်းနေသည့်ဝင်ငွေ စသည့် ဝင်ငွေနှင့် ပိုင်ဆိုင်မှုအပေါ် ကောက်ခံသည့် အခွန်အမျိုးအစား ဖြစ်ပါတယ်။ သွယ်ဝိုက်ခွန်တွင် ကျသင့်အခွန်ကို ဝယ်ယူသူ၊ စားသုံးသူ၊ ဝန်ဆောင်မှုကို ရယူသူကပေးဆောင်ရတာဖြစ်ပါတယ်။ တစ်နည်းပြောရရင် End User အနေနဲ့ အခွန်တာဝန်ကို ထမ်းဆောင်ရတာ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံတွင် သွယ်ဝိုက်ခွန်အဖြစ် နိုင်ငံတကာမှာ ကျင့်သုံးတဲ့ တန်ဖိုးဖြည့်ခွန် (Value Added Tax-VAT)၊ ကုန်စည်နှင့် ဝန်ဆောင်မှုခွန် (Goods and Services Tax-GST)၊ စားသုံးမှုခွန် (Consumption Tax)၊ ရောင်းခွန် (Sale Tax) ဆိုတဲ့ အခွန်အမျိုးအစားများနဲ့ သဘောသဘာဝတူညီတဲ့ ကုန်သွယ်လုပ်ငန်းခွန်ကို ကောက်ခံလျက်ရှိပါတယ်။ နိုင်ငံအများစုတွင် ယခုအခါ တန်ဖိုးဖြည့်ခွန် (VAT) ကို အခြေပြုပြီး အခွန်စနစ်တစ်ရပ်လုံးအား တည်ဆောက်ရပ်တည်ထားသည်ကို တွေ့ရှိရပါတယ်။ မြန်မာနိုင်ငံ၏ အခွန်စနစ် ပြုပြင်ပြောင်းလဲရေးအတွက် လက်ရှိ အခွန်စနစ်၏ ကျဉ်းမြောင်းသော အခြေခံအား ကျယ်ပြန့်သော အခွန်အခြေခံဖြစ်စေရေး ဆောင်ရွက်ရန် လိုအပ်ပါတယ်။ အခွန်နှုန်းထားများကို သင့်တင့်စွာသတ်မှတ်ပေးနိုင်ရေးအတွက် အခွန်အခြေခံကျယ်ပြန့်လာသည်နှင့်အမျှ ပိုမိုဆောင်ရွက်ပေးနိုင်မှာ ဖြစ်ပါတယ်။ ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် အခွန်ဆိုင်ရာ ပြုပြင်ပြောင်းလဲမှု ဆောင်ရွက်ချက်အဖြစ် အခွန်စည်းကြပ်ရန် လွယ်ကူသော၊ ပုဂ္ဂလိကဌာန် အစွဲကင်းသော၊ ဆင်းရဲချမ်းသာမရွေး မျက်နှာမလိုက် ဆောင်ရွက်နိုင်သော အခွန်အမျိုးအစားဖြစ်သည့် တန်ဖိုးဖြည့်ခွန်ကို အလေးထား ဆောင်ရွက်လျက်ရှိတာကိုလည်း လေ့လာတွေ့ရှိရပါတယ်။

သွယ်ဝိုက်ခွန်ဖြစ်တဲ့ ကုန်သွယ်လုပ်ငန်းခွန်နှင့်ပတ်သက်ပြီး ရှင်းလင်းတင်ပြရရင် ဥပဒေအမည်မှာ ကုန်သွယ်လုပ်ငန်းခွန် (Commercial Tax) ဟု ခေါ်ဆိုထားသော်လည်း ကုန်သွယ်မှု (Trading) တစ်ခုတည်းအပေါ်တွင်သာ ကောက်ခံခြင်း မဟုတ်ဘဲ စီးပွားရေးလုပ်ငန်းများ (Commerce) ဆိုသည့် စကားရပ်မှ ဆင်းသက်လာသည်နှင့်အညီ ပြည်ပမှ ကုန်စည်တင်သွင်းမှု၊ ကုန်စည်ထုတ်လုပ်ရောင်းချမှု၊ ကုန်သွယ်မှုတို့အပြင် ဝန်ဆောင်မှုဆောင်ရွက်ခြင်းတို့အပေါ်တွင်လည်း ကောက်ခံခြင်းဖြစ်ပါတယ်။ ဒီလို ကောက်ခံတဲ့နေရာမှာ ဆင်းရဲချမ်းသာ၊ လူမျိုးဘာသာ၊ အသက်အပိုင်းအခြားတို့အပေါ် မူတည်ကောက်ခံခြင်းမျိုး မဟုတ်ဘဲ စားသုံးမှု၊ ဝန်ဆောင်မှုရယူမှုအလိုက် ကောက်ခံခြင်းဖြစ်ပါတယ်။ ပြည်သူပြည်သားများ၏ ကျန်းမာရေးနှင့် အကျင့်စာရိတ္တကို ထိခိုက်နိုင်သည့် ကုန်ပစ္စည်းများဖြစ်ပါက မြင့်မားသော အခွန်ရာခိုင်နှုန်းဖြင့် ကောက်ခံရပါတယ်။ ဥပမာအားဖြင့် ဆင်းရဲချမ်းသာ မည်သူမဆို စီးကရက် ဝယ်ယူသောက်သုံးပါက အဆိုပါသောက်သုံးသူသည် End User ဖြစ်သဖြင့် စီးကရက် ကုန်စည် ထုတ်လုပ်မှု/တင်သွင်းမှုအတွက်သတ်မှတ်အခွန်နှုန်းဖြစ်သည့် ကုန်သွယ်လုပ်ငန်းခွန် ၁၂၀ ရာခိုင်နှုန်းနှင့် ကုန်စည်စီးဆင်းမှု တစ်လျှောက် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်များကို ထမ်းဆောင်ရသူ ဖြစ်ပါတယ်။ ဝယ်ယူသည့် စီးကရက် တန်ဖိုးတွင်လည်း အဆိုပါ ကျသင့်အခွန်များ ပါဝင်ပြီးဖြစ်ပါတယ်။ အလားတူ အရက်၊ ဘီယာဝယ်ယူသောက်သုံးပါက သောက်သုံးသူသည် အဆိုပါ ကုန်စည်အမျိုးအစားများ ထုတ်လုပ်မှု/ တင်သွင်းမှုအတွက် သတ်မှတ်အခွန်နှုန်းဖြစ်သည့် ကုန်သွယ်လုပ်ငန်းခွန် ၆၀ ရာခိုင်နှုန်းနှင့် ကုန်စည်စီးဆင်းမှု တစ်လျှောက် ကျသင့်ခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန်များကို ထမ်းဆောင်ရသူဖြစ်ပါတယ်။ ဝယ်ယူသည့် အရက်၊ ဘီယာတန်ဖိုးတွင်လည်း ကျသင့်အခွန်များ ပါဝင်ပြီးဖြစ်ပါတယ်။ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေနှင့် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေတို့တွင် ကင်းလွတ်ခွင့်ပြုထားသည့် ကုန်စည်နှင့် ဝန်ဆောင်မှုလုပ်ငန်းများမှအပ ကျန်လုပ်ငန်းများအားလုံးအနေနဲ့ ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်ကြရမှာ ဖြစ်ပါတယ်။ သို့ဖြစ်ရာ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း အပေါ်တွင်သာ ကုန်သွယ်လုပ်ငန်းခွန် ကောက်ခံခြင်းမဟုတ်ဘဲ ခေတ်ဆီ၊ စက်ဆီ ဝယ်ယူမှု၊ Super Market တွင် ကုန်စည်ဝယ်ယူမှု၊ စားသောက်ဆိုင်တွင် စားသုံးမှု၊ လျှပ်စစ်ဓာတ်အားသုံးစွဲမှု စသည်တို့အတွက် စားသုံးသူ၊ ဝန်ဆောင်မှု ရယူသူများအနေဖြင့် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်ကို ပေးဆောင်နေကြရတာဖြစ်ပါတယ်။ အဆိုပါ စားသုံးသူ၊ ဝယ်ယူသူများ ပေးဆောင်ရမည့် အခွန်ကို ကုန်ပစ္စည်း ထုတ်လုပ်သူ၊ ကုန်သွယ်မှုဆောင်ရွက်သူ၊ ဝန်ဆောင်မှု ဆောင်ရွက်သူများက ပြည်တွင်းအခွန်များဦးစီးဌာနကိုယ်စား Tax Agent များအဖြစ် ရောင်းရငွေ၊ ဝန်ဆောင်မှု ရငွေများနှင့်အတူ တစ်ပါတည်း ကောက်ခံပြီး ပြည်တွင်းအခွန်များဦးစီးဌာနမှတစ်ဆင့် နိုင်ငံတော်သို့ ပေးသွင်းရတာ ဖြစ်ပါတယ်။

အဆိုပါ စားသုံးသူများ၊ ဝန်ဆောင်မှုရယူသူများမှ ပေးဆောင်သည့် ကုန်သွယ်လုပ်ငန်းခွန်များကို နိုင်ငံတော်မှ အပြည့်အဝ ရရှိစေရေးအတွက် ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် အရက်၊ စီးကရက်များအပေါ် အခွန်အမှတ်တံဆိပ်များ ကပ်နှိပ်ရောင်းချစေခြင်း၊ စားသောက်ဆိုင်၊ ဟိုတယ်၊ တည်းခိုခန်းလုပ်ငန်းများတွင် ထုတ်ပေးသည့် ငွေရပြေစာများ၌ အခွန်အမှတ်တံဆိပ် ကပ်နှိပ်ထုတ်ပေးစေခြင်းများကို စည်းမျဉ်း၊ နည်းဥပဒေများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိတာကို တွေ့ရမှာဖြစ်ပါတယ်။ အနာဂတ်တွင် နိုင်ငံတကာ၌ ကျင့်သုံးလျက်ရှိသော IT နည်းပညာများ အသုံးပြုကာ ရသင့်ရထိုက်သည့် ကုန်သွယ်လုပ်ငန်းခွန်များ အပြည့်အဝ ရရှိစေရေးအတွက် စီမံဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဆက်လက်၍ ဝန်ဆောင်မှုလုပ်ငန်းများအပေါ် ကုန်သွယ်လုပ်ငန်းခွန်ကောက်ခံခြင်းနှင့် ပတ်သက်ပြီး ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ကုန်သွယ်လုပ်ငန်းခွန် ဥပဒေကို ၁၉၉၀ ခုနှစ်တွင် စတင်ပြဋ္ဌာန်းခဲ့ပါတယ်။ ပြဋ္ဌာန်းစဉ်က ဝန်ဆောင်မှုလုပ်ငန်း ၆ မျိုးအတွက်သာ ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေခဲ့ရာမှ တဖြည်းဖြည်း ထပ်မံတိုးချဲ့ခဲ့ရာ ၂၀၁၂ ခုနှစ်တွင် ဝန်ဆောင်မှု ၁၄ မျိုးအား အခွန်ကျသင့်သည့် ဝန်ဆောင်မှု (Positive List) အဖြစ် သတ်မှတ်ပြီး ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်း ကောက်ခံခဲ့ပါတယ်။ ကမ္ဘာ့နိုင်ငံအသီးသီး၏ သွယ်ဝိုက်ခွန်ဥပဒေများတွင် ကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်း၊ ပညာရေးဝန်ဆောင်မှုလုပ်ငန်း၊ ဘဏ်လုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း စသည့် ဝန်ဆောင်မှုလုပ်ငန်း သုံးမျိုးခန့်ကိုသာ အခွန်မကျသင့်သည့် ဝန်ဆောင်မှုများအဖြစ် (Negative List) သတ်မှတ်ပြီး ကျန်ဝန်ဆောင်မှု လုပ်ငန်းများအပေါ် အခွန်ကောက်ခံသည့်ပုံစံမျိုးဖြင့် ဆောင်ရွက်ကြသည်ကို တွေ့ရပါတယ်။ သို့ဖြစ်၍ အစိုးရသစ်လက်ထက် အခွန်ဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ခဲ့ရာတွင် နိုင်ငံတကာ အခွန်ဆိုင်ရာ

*စာမျက်နှာ ၁၁ သို့*

**နိုင်ငံတကာတွင် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများအပေါ် တန်ဖိုးမြှင့်အခွန် (Value Added Tax) သို့မဟုတ် ကုန်စည်နှင့် ဝန်ဆောင်မှုအခွန် (Goods and Services Tax) ကောက်ခံသောအခွန်နှုန်းထားများမှာ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ၂၀ ရာခိုင်နှုန်းခန့်၊ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ၁၀ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းခန့်ကောက်ခံကြတာကိုတွေ့ရ**

***စာမျက်နှာ ၁၀ မှ***

ကျွမ်းကျင်သူများ၏ အကြံပြုချက်များအရ ၂၀၁၄ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေတွင် အခွန်မကျသင့်သည့် ဝန်ဆောင်မှုလုပ်ငန်းများ (Negative List) မှ အပ ကျန်ဝန်ဆောင်မှုလုပ်ငန်းများအပေါ် ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်း ကျသင့်စေရမည်ဟု ပြောင်းလဲပြဋ္ဌာန်းခဲ့ပါတယ်။ ထိုသို့ ပြဋ္ဌာန်းချက်သည် အခွန်မကျသင့်သည့် ဝန်ဆောင်မှုလုပ်ငန်းများ (Negative List)မှအပ ဆက်သွယ်ရေးဝန်ဆောင်မှုအပါအဝင်ဖြစ်သည့် ကျန်ဝန်ဆောင်မှု လုပ်ငန်းများအပေါ် လွှမ်းခြုံအခွန်ကျသင့်စေသည့် ပြဋ္ဌာန်းချက်ပင်ဖြစ်ပါတယ်။

၂၀၁၄ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေကို ပြဋ္ဌာန်းနိုင်ရေး ပြည်ထောင်စုအစိုးရအဖွဲ့မှ ပြည်ထောင်စုလွှတ်တော်သို့ ဥပဒေကြမ်း တင်သွင်းစဉ်က နိုင်ငံတကာတွင် ကျင့်သုံးနေသော တန်ဖိုးဖြည့်အခွန်စနစ်များတွင် ကင်းလွတ်ခွင့်ပြုသည့် ဝန်ဆောင်မှုအမျိုးအစားများကို အခြေခံ၍ ထပ်မံခွင့်ပြုပေးသင့်သည့် ဝန်ဆောင်မှုအမျိုးအစားများပါ ထည့်သွင်းစဉ်းစားကာ ဝန်ဆောင်မှု အမျိုးအစား ၂၂ မျိုးကို ပြုစုတင်ပြခဲ့ပါတယ်။ ၂၀၁၄ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးစဉ် သတင်းအချက်အလက်၊ နည်းပညာဝန်ဆောင်မှုလုပ်ငန်း၊ နည်းပညာနှင့်စီမံရေးရာ အကြံပေး အတိုင်ပင်ခံ ဝန်ဆောင်မှုလုပ်ငန်း၊ ယဉ်ကျေးမှု အနုပညာ ဝန်ဆောင်မှုလုပ်ငန်း၊ အများပြည်သူခရီးသည် သယ်ယူပို့ဆောင်ရေးလုပ်ငန်း (ဘတ်စ်ကား၊ မီးရထား၊ ကူးတို့သင်္ဘော) စသည့် ဝန်ဆောင်မှုလေးမျိုးကို ဖြည့်စွက်ထည့်သွင်းခဲ့သဖြင့် စုစုပေါင်း ၂၆ မျိုး ဖြစ်လာပါတယ်။ သို့ဖြစ်ရာ ၂၀၁၄ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ(စ)တွင် ဖော်ပြထားသော ကုန်သွယ်လုပ်ငန်းခွန် မကျသင့်သည့် ဝန်ဆောင်မှု ၂၆ မျိုးမှ အပ ကျန်ဝန်ဆောင်မှု အားလုံးအပေါ် ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်း ကောက်ခံရမှာ ဖြစ်ပါတယ်။

အဆိုပါ အခွန်မကျသင့်သည့် ဝန်ဆောင်မှု ၂၆ မျိုးတွင် ပါဝင်သည့် သတင်းအချက်အလက်နှင့် နည်းပညာဝန်ဆောင်မှုလုပ်ငန်းတွင် ဆက်သွယ်ရေးဝန်ဆောင်မှု ပါဝင်ခြင်း ရှိ-မရှိကိုလည်း ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသို့ သဘောထားမှတ်ချက်တောင်းခံခဲ့ရာ ပါဝင်ခြင်း မရှိကြောင်း သဘောထားပြန်ကြားခဲ့ပါတယ်။ သို့ဖြစ်ရာ တယ်လီဖုန်းပြောဆိုခအတွက် ကြိုတင်ငွေဖြည့်ကတ် (Prepaid Card) ရောင်းချခြင်းနှင့် လစဉ်တယ်လီဖုန်း ပြောဆိုခကောက်ခံခြင်းစသည့် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ၏ ဝန်ဆောင်ခရငွေအပေါ် ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်း ကောက်ခံနိုင်ရေးအတွက် ဆောင်ရွက်ခဲ့ပါတယ်။ သို့ရာတွင် ဆက်သွယ်ရေးဆိုင်ရာ ဝန်ဆောင်မှုသည် သတင်းအချက်အလက်နှင့် နည်းပညာ ဝန်ဆောင်မှု တစ်ရပ်အဖြစ် နိုင်ငံတကာက လက်ခံသတ်မှတ်ကြကြောင်း အော်ပရေတာများ ဖြစ်ကြသည့် Telenor Myanmar Limited နှင့် Ooredoo Myanmar Limited တို့မှ တင်ပြမှုများကြောင့် သတင်းအချက်အလက်၊ နည်းပညာ ဝန်ဆောင်မှုလုပ်ငန်းနှင့် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းအား ခွဲခြားသတ်မှတ်ရန် ရှုပ်ထွေးမှုများ ရှိခဲ့ပါတယ်။

ထိုစဉ်က မြန်မာနိုင်ငံတွင် ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အော်ပရေတာ သုံးခုတို့က တစ်နိုင်ငံလုံးတွင် ဆက်သွယ်ရေးကွန်ရက်များ ဖြန့်ကြက်ပြီး ဆက်သွယ်ရေးကဏ္ဍ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်နေသော ကာလဖြစ်ခြင်း၊ နိုင်ငံသားများအားလုံး တယ်လီဖုန်း ဆက်သွယ်ပြောဆိုမှုများကို သက်သာသော နှုန်းထားဖြင့် စတင်ရရှိခံစားသည့်အချိန်ဖြစ်ခြင်း စသည်တို့ကို ထောက်ရှု၍ ကြိုတင်ငွေ ဖြည့်ကတ် (Prepaid Card) အသုံးပြုခရငွေအပေါ် ကုန်သွယ်လုပ်ငန်းခွန်ကောက်ခံရန် မသင့်သေးကြောင်း သုံးသပ်ခဲ့ပြီး ဆက်သွယ်ရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းအတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်း ကောက်ခံခြင်း မပြုသေးဘဲ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှသာ ၂၀၁၅ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက် ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ကောက်ခံရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းပြည်ထောင်စုအစိုးရ အဖွဲ့ရုံးမှ ၁၆-၂-၂၀၁၅ ရက်စွဲပါ စာအမှတ်၊ ၃၄/၄၃၇ (၅-ပထစ)/ အဖရ(၂၀၁၅)ဖြင့် ပြည်ထောင်စုလွှတ်တော်ရုံးသို့ ပေးပို့ခဲ့ပါတယ်။

၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေမူကြမ်းကို လွှတ်တော်သို့ တင်သွင်းစဉ်ကလည်း အဆိုပါ ရှုပ်ထွေးမှုဖြစ်စေခဲ့သော သတင်းနှင့်နည်းပညာ ဝန်ဆောင်မှုလုပ်ငန်းအပါအဝင်ဝန်ဆောင်မှု လေးမျိုးကို ကုန်သွယ်လုပ်ငန်းခွန် မကျသင့်သော ဝန်ဆောင်မှုအမျိုးအစားမှ ပယ်ဖျက်ခြင်း၊ ကင်းလွတ်ခွင့် ပြုသင့်သည့် ဝန်ဆောင်မှု အမျိုးအစား အသစ်တစ်ခုကို ဖြည့်စွက်ခြင်းတို့ဖြင့် ကုန်သွယ်လုပ်ငန်းခွန် မကျသင့်စေသည့် ဝန်ဆောင်မှု ၂၃ မျိုး ဖော်ပြတင်သွင်းခဲ့ပါတယ်။ ပယ်ဖျက်ခဲ့သည့် ဝန်ဆောင်မှုအမျိုးအစားများနှင့်ပတ်သက်၍ ပယ်ဖျက်ရသည့် အကြောင်းရင်းများနှင့် အကျိုးသက်ရောက်မှုများကို ပြည်ထောင်စုလွှတ်တော်၊ ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ်အတွက် အမျိုးသားစီမံကိန်း၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးနှင့် အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းများ စိစစ်ရေးပူးပေါင်းကော်မတီသို့ ရှင်းလင်းတင်ပြခဲ့ပါတယ်။ ထို့နောက်ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပေးခဲ့သည့်အတွက် ၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေပုဒ်မ ၁၁(စ) အရ ကုန်သွယ်လုပ်ငန်းခွန် မကျသင့်သည့် ဝန်ဆောင်မှု ၂၃ မျိုးတွင် သတင်းအချက်အလက်နှင့် နည်းပညာ ဝန်ဆောင်မှု ပါရှိခြင်းမရှိပါ။ သို့ဖြစ်ရာ ၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေအရ ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းအပါအဝင် သတင်းအချက်အလက်နှင့် နည်းပညာဝန်ဆောင်မှုလုပ်ငန်းများမှ ဝန်ဆောင်မှုရငွေအပေါ် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်မှာဖြစ်ပြီး ဥပဒေစတင် အကျိုးသက်ရောက်သည့် ၁-၄-၂၀၁၅ ရက်နေ့မှစတင်၍ ဆက်သွယ်ရေး ဝန်ဆောင်မှုရငွေအပေါ် ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်ရမှာ ဖြစ်ပါတယ်။ ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းနှင့်ပတ်သက်၍ ဝန်ဆောင်မှုကို ရယူသူ ပြည်သူများကို ကုန်သွယ်လုပ်ငန်းခွန် ကောက်ခံသကဲ့သို့ ဝန်ဆောင်မှုကို ဆောင်ရွက်ပေးသူ ကုမ္ပဏီများအနေနှင့်လည်း ဆောင်ရွက်ကြသည့် တည်ဆောက်ရေးလုပ်ငန်းများ၊ ငှားရမ်းခြင်း ဝန်ဆောင်မှုလုပ်ငန်းများ ရယူခြင်းအတွက် ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်ကြရပါတယ်။

အော်ပရေတာကုမ္ပဏီများသည် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ဖြင့် ဖွဲ့စည်းတည်ထောင်ထားသော ဆက်သွယ်ရေးဝန်ဆောင်မှု ကုမ္ပဏီများ ဖြစ်သဖြင့် ဝင်ငွေခွန်ကင်းလွတ်ခွင့်ကာလ ကုန်ဆုံးပါက ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပါ ဝင်ငွေခွန်နှုန်းများနှင့်အညီ ပေးဆောင်ကြရမှာ ဖြစ်ပါတယ်။ ထို့ပြင် ပြည်တွင်း၌ရယူသည့် တည်ဆောက်ရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ၊ ငှားရမ်းခြင်းဆိုင်ရာ ဝန်ဆောင်မှု လုပ်ငန်းများအတွက် ကျသင့် ကုန်သွယ်လုပ်ငန်းခွန်များကို ထမ်းဆောင်ကြရသလို တစ်ဖက်မှာလည်း ဆက်သွယ်ရေးဆိုင်ရာ လိုင်စင်ကြေးများ၊ အကောက်ကြေးများကိုလည်း ထမ်းဆောင်ကြရမှာ ဖြစ်ပါတယ်။

ဆက်လက်ပြီး ဆက်သွယ်ရေး ဝန်ဆောင်မှု လုပ်ငန်းများအပေါ် နိုင်ငံတကာတွင် ကောက်ခံလျက်ရှိသော သွယ်ဝိုက်ခွန်နှုန်းထားများကို တင်ပြလိုပါတယ်။ နိုင်ငံတကာတွင် ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းများအပေါ် တန်ဖိုးမြင့်အခွန် (Value Added Tax)သို့မဟုတ် ကုန်စည်နှင့် ဝန်ဆောင်မှုအခွန် (Goods and Services Tax) ကောက်ခံသော အခွန်နှုန်းထားများမှာ ဖွံ့ဖြိုးပြီး နိုင်ငံများတွင် ၂၀ ရာခိုင်နှုန်းခန့်၊ ဖွံ့ဖြိုးဆဲ နိုင်ငံများတွင် ၁၀ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းခန့် ကောက်ခံကြတာကို တွေ့ရပါတယ်။ အာဆီယံနိုင်ငံများဖြစ်သည့် ဖိလစ်ပိုင်နိုင်ငံတွင် ၁၂ ရာခိုင်နှုန်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ ဗီယက်နမ်နိုင်ငံတို့တွင် ၁၀ ရာခိုင်နှုန်း၊ စင်ကာပူနှင့် ထိုင်းနိုင်ငံတို့တွင် ၇ရာခိုင်နှုန်း၊ မလေးရှားနိုင်ငံတွင် ၆ရာခိုင်နှုန်း အသီးသီးကောက်ခံလျက် ရှိကြပါတယ်။ မြန်မာနိုင်ငံ အနေဖြင့် ၅ ရာခိုင်နှုန်းသာကောက်ခံခြင်းကြောင့် သက်သာသောနှုန်းဖြစ်သည်ကို တွေ့ရမှာ ဖြစ်ပါတယ်။ အမေရိကန်ပြည်ထောင်စုတွင်လည်း တယ်လီဖုန်း သုံးစွဲမှုအပေါ် ပြည်နယ်အလိုက်ပုံစံအမျိုးမျိုးဖြင့် အခွန်ကောက်ခံတာကို တွေ့ရှိရပါတယ်။ သို့ဖြစ်ရာ နိုင်ငံတိုင်းမှာ တယ်လီဖုန်း သုံးစွဲမှုအပေါ် အခွန်ကောက်ခံကြောင်း တွေ့ရှိရပါတယ်။

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန၏ စစ်တမ်းများအရ တယ်လီဖုန်း သုံးစွဲသူတစ်ဦး၏ တစ်လပျမ်းမျှ သုံးစွဲနိုင်မှုမှာ ကျပ်ငါးထောင်ခန့်ဖြစ်ကြောင်း သိရှိရသဖြင့် ထုတ်ဝေပြီးဖြစ်သည့် ဆင်းမ်ကတ် ၂၈ သန်းခန့်အတွက် ဘဏ္ဍာရေးနှစ်တစ်နှစ်အတွင်း တယ်လီဖုန်း သုံးစွဲမှုအပေါ် ကောက်ခံရရှိနိုင်မည့် ခန့်မှန်းကုန်သွယ်လုပ်ငန်းခွန်ပမာဏ ကျပ် ၈၄ ဘီလီယံခန့်ရရှိနိုင်မည်ဖြစ်ပါတယ်။ တယ်လီဖုန်း အသုံးပြုခြင်း ဝန်ဆောင်မှုကို ကင်းလွတ်ခွင့်ပြုမည်ဆိုပါက နိုင်ငံတော်အတွက် အခွန်ရရှိမှုတွင် အထက်ပါ ပမာဏလျော့နည်းနိုင်ကြောင်း သုံးသပ်တွေ့ရှိရပါတယ်။

ဆက်လက်ပြီး ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် ရသင့်ရထိုက်သော အခွန်ငွေများ အပြည့်အဝ ရရှိစေရေး ဆောင်ရွက်ချက်များ ပတ်သက်ပြီး ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ငွေများအပြည့်အဝရရှိစေရေးနှင့် အခွန်တိမ်းရှောင်သူများ၊ အခွန်ကင်းလွတ်နေသူများ မရှိစေရေးကို အလေးထားဆောင်ရွက်လျက်ရှိပါတယ်။ အခွန်အများဆုံး ထမ်းဆောင်သူများ စာရင်းကို ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်မှစ၍ ထုတ်ပြန်ကြေညာပေးခဲ့ပါတယ်။ ထိုသို့ ကြေညာခြင်းဖြင့် အခွန်ထမ်းဆောင်သင့်ပါလျက် ထမ်းဆောင်ရန် ပျက်ကွက်နေသူများ၊ လျော့နည်းထမ်းဆောင်နေသူများအား အများပြည်သူက ဖော်ထုတ်ပေးနိုင်မှာ ဖြစ်ပါတယ်။ ကုန်ပစ္စည်းများပေါ်တွင် အခွန်အမှတ်တံဆိပ်များ ကပ်နှိပ်ထမ်းဆောင်စေခြင်း၊ ဘီယာကဲ့သို့သော ထုတ်လုပ်မှုများအတွက် ထွက်ကုန်ရေတွက်စက် (Bottle Counter)၊ ကုန်ထွက် ပမာဏမှတ်တမ်းတင်စက် (Flow Meter) များ တပ်ဆင်စိစစ်ခြင်း၊ ထုတ်ကုန်သွင်းကုန်များအပေါ် ကြိုတင်ဝင်ငွေခွန်ကောက်ခံခြင်း၊ ပင်ရင်းမှ အခွန်နုတ်ယူပေးသွင်းခြင်း (Withholding Tax) စနစ်ကို အကောင်အထည်ဖော်ခြင်း၊ စားသောက်ဆိုင်များ၊ ဟိုတယ်တည်းခိုခန်းလုပ်ငန်းများမှ ထုတ်ပေးသော ပြေစာများတွင် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ထုတ်ပေးစေခြင်း၊ အခွန်ကောက်ခံမှုစိစစ်ကြပ်မတ်ရေးဘုတ်အဖွဲ့ ဖွဲ့စည်းဆောင်ရွက်ခြင်းအပြင် အခွန်ဘဏ္ဍာငွေတိုးတက်ရရှိရေးအထောက်အကူပြုအဖွဲ့များ ဖွဲ့စည်းလျက် သတင်းအချက်အလက်များ ရယူဖော်ထုတ်နိုင်ရေးဆောင်ရွက်ခြင်း၊ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သူများနှင့် ပတ်သက်သည့် သတင်းအချက်အလက်ဖော်ထုတ်တင်ပြသူအပေါ် ရရှိသည့် ဒဏ်ငွေ၏ ၁၀ ရာခိုင်နှုန်းကို ဆုကြေးအဖြစ် ချီးမြှင့်ခြင်း၊ အခွန်ဆိုင်ရာ ပြစ်မှုပြစ်ဒဏ်များ ပြင်ဆင်သတ်မှတ်လျက် ပျက်ကွက်သူအပေါ် ထိရောက်စွာ အရေးယူနိုင်ရန် ဆောင်ရွက်ခြင်း စသည်ဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။ ကုမ္ပဏီအဖြစ် မှတ်ပုံတင် ဖွဲ့စည်းထားသော်လည်း အခွန်ပေးဆောင်မှုမရှိသည့် ကုမ္ပဏီများအား အရေးယူဆောင်ရွက်နိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာနနှင့် ညှိနှိုင်း ဆောင်ရွက်လျက်ရှိပါတယ်။

ထိရောက်ခေတ်မီသော အခွန်စနစ် ဖြစ်ပေါ်လာရေးအတွက် ဆောင်ရွက်မှုများနှင့်အတူ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် စုစုပေါင်းရငွေ ကျပ် ၆၅၀၄.၇၀၉ ဘီလီယံအနက် အခွန်ရငွေ ကျပ် ၁၆၈၃.၂၆၃ ဘီလီယံ ဖြစ်သဖြင့် အခွန်ရငွေနှင့် စုစုပေါင်းရငွေအချိုးမှာ ၂၅.၉ ရာခိုင်နှုန်းဖြစ်ပါတယ်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် စုစုပေါင်းရငွေ ကျပ် ၁၃၁၉၇.၂၃၂ ဘီလီယံအနက် အခွန်ရငွေကျပ် ၃၃၇၄.၈၀၆ ဘီလီယံဖြစ်သဖြင့် အခွန်ရငွေနှင့် စုစုပေါင်း ရငွေအချိုးမှာ ၂၅.၆ ရာခိုင်နှုန်း ဖြစ်ပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် စုစုပေါင်းရငွေကျပ် ၁၄၁၅၅.၄၆၇ ဘီလီယံအနက် အခွန်ရငွေကျပ် ၄၄၅၈.၇၇၉ ဘီလီယံ ဖြစ်သဖြင့် အခွန်ရငွေနှင့် စုစုပေါင်း ရငွေအချိုး ၃၁.၅ ရာခိုင်နှုန်းဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် စုစုပေါင်းရငွေကျပ် ၁၆၈၉၁.၅၀၅ ဘီလီယံအနက် အခွန်ရငွေကျပ် ၅၉၃၆.၁၆၇ ဘီလီယံ ဖြစ်သဖြင့် အခွန်ရငွေနှင့် စုစုပေါင်း ရငွေအချိုးမှာ ၃၅.၁ ရာခိုင်နှုန်း ဖြစ်ပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် လျာထားချက်အရ စုစုပေါင်းရငွေကျပ် ၁၇၀၀၀.၀၅၀ ဘီလီယံအနက် အခွန်ရငွေကျပ် ၅၉၄၈.၂၇၄ ဘီလီယံ ရရှိရန် လျာထားခဲ့သဖြင့် အခွန်ရငွေနှင့် စုစုပေါင်း ရငွေအချိုးမှာ ၃၅.၀ ရာခိုင်နှုန်းဖြစ်ပါတယ်။

အခွန်ရငွေများကို မည်သို့ခွဲဝေသုံးစွဲသည် ဆိုသည်ကိုလည်း ရှင်းလင်းတင်ပြလိုပါတယ်။ ကျွန်တော်တို့နိုင်ငံ၏ ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုစနစ်အရ ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေ စာရင်းကို နှစ်စဉ်ရေးဆွဲ အကောင်အထည်ဖော်ရာတွင် အခွန်ရငွေများ အားလုံးကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ ထည့်သွင်းရပြီး ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေနှင့်အညီ ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများက ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများအတွက် ခွဲဝေသုံးစွဲကြရတာဖြစ်ပါတယ်။ ဘတ်ဂျက်တွင် လျာထားသည့် ရငွေများတွင် အခွန်ရငွေများအားလုံး ပါဝင်ပြီးဖြစ်ပါတယ်။ ယင်းရငွေများကို ပညာရေး၊ ကျန်းမာရေးအပါအဝင် ကဏ္ဍအသီးသီးအတွက် သက်ဆိုင်ရာ ဌာနများသို့ ခွဲဝေသုံးစွဲရခြင်း ဖြစ်ပါတယ်။ အခွန်ရငွေများ တိုးတက်ရရှိလာသည်နှင့်အမျှ အစိုးရ၏ ပြည်သူ့ဝန်ဆောင်မှု အသုံးစရိတ်များကို တိုးမြှင့်သုံးစွဲလာနိုင်တာဖြစ်ပါတယ်။

၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ်တွင် ကမ္ဘာ့ရေနံဈေးနှုန်း ကျဆင်းမှုမှ တစ်ဆင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်ရောင်းချမှုအပေါ် ကုန်သွယ်လုပ်ငန်းခွန်နှင့် ဝင်ငွေခွန်ရရှိမှု လျော့နည်းနိုင်ခြင်း၊ ဆက်သွယ်ရေးကဏ္ဍတွင် ယမန်နှစ်က ရရှိခဲ့သော နိုင်ငံတကာဆက်သွယ်ရေး ကုမ္ပဏီများထံမှရရှိသည့် လုပ်ငန်းလိုင်စင်ကြေးမှ ရငွေများ လျော့နည်းသွားခြင်း၊ ပို့ကုန်သွင်းကုန် ပမာဏပေါ်မူတည်၍ ဝင်ငွေခွန် ကောက်ခံရရှိမှုနှင့် သွင်းကုန်အပေါ် ကောက်ခံသည့် ကုန်သွယ် လုပ်ငန်းခွန်လျော့ကျနိုင်ခြင်း၊ အိမ်ခြံမြေ ဝယ်ယူခြင်း၊ တည်ဆောက်ခြင်းများနှင့် ပတ်သက်သည့် အခွန်နှုန်းများ လျှော့ချသတ်မှတ်ပေးခြင်းကြောင့် အိမ်ခြံမြေမှ ဝင်ငွေခွန် ရရှိမှုလျော့နည်းနိုင်ခြင်း၊ အခြေခံစားသုံးကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှု ၇၉ မျိုးအပေါ် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုထားခြင်းကြောင့် ကုန်သွယ်လုပ်ငန်းခွန် ကောက်ခံရရှိမှုလျော့နည်းနိုင်တဲ့ အခြေအနေကိုလည်းတွေ့ရှိရပါတယ်။

တင်သွင်းတဲ့ အဆိုမှာပါတဲ့ နိုင်ငံတော်အတွင်း ဆောင်ရွက်လျက်ရှိသော ဆက်သွယ်ရေးအော်ပရေတာများဖြစ်တဲ့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အော်ရီဒူးကုမ္ပဏီ၊ တယ်လီနောကုမ္ပဏီတို့အနေဖြင့် ပေးဆောင်ရမည့် အဆိုပါလုပ်ငန်းနှင့် သက်ဆိုင်သည့် ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်းကို မထိခိုက်စေဘဲ ပြင်ဆင်သည့် ဥပဒေရေးဆွဲ တင်သွင်းနိုင်ရန်ဆိုသည့်အချက်နှင့် ပတ်သက်ပြီး အနည်းငယ် ရှင်းလင်းတင်ပြလိုပါတယ်။

ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်း ၄၂(ဂ) တွင် "ဝန်ဆောင်မှုဆောင်ရွက်သူသည် မိမိဆောင်ရွက်သည့် ဝန်ဆောင်မှုအပေါ် ကျသင့်သည့် အခွန်မှ ဝန်ဆောင်မှုလုပ်ငန်းအတွက် အသုံးပြုသည့်ကိစ္စရပ်အပေါ် ပေးဆောင်ခဲ့ပြီးသည့် အခွန်ကိုခုနှိမ်နိုင်သည်။"ဟု ပြဋ္ဌာန်းထားပါတယ်။ ယင်းပြဋ္ဌာန်းချက်အရဆက်သွယ်ရေး အော်ပရေတာများအနေဖြင့် တည်ဆောက်ရေးဆိုင်ရာ ဝန်ဆောင်မှု လုပ်ငန်းများ၊ ငှားရမ်းခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ စသည်တို့အတွက် ပေးဆောင်ခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန်များ ခုနှိမ်ခွင့်ရှိမှာဖြစ်ပါတယ်။ အကယ်၍ ကြိုတင်ငွေဖြည့်ကတ်ကို အခွန်ကင်းလွတ်ခွင့်ပြုမည်ဆိုပါက ယင်းနှင့် ဆက်စပ်နေသော အထက်ပါ ခုနှိမ်ခွင့်ဆိုင်ရာကိစ္စများအတွက်လည်း သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် အသေးစိတ် ညှိနှိုင်းဆုံးဖြတ်ရန် လိုအပ်ပါတယ်။

သို့ဖြစ်ပါ၍ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဦး၏ နိုင်ငံတော်အတွင်း မိုဘိုင်းဖုန်းသုံးစွဲသူ အများပြည်သူတို့၏ ဖုန်းခေါ်ဆိုခ ကြိုတင်ထည့်သွင်းငွေများထဲက ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်း ဖြတ်တောက်ကောက်ခံမည့် ကိစ္စကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ကင်းလွတ်ခွင့်ပြုနိုင်ရန် တည်ဆဲပြည်ထောင်စု၏ အခွန်အကောက် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်ထောင်စုလွှတ်တော်သို့ အမြန်ဆုံးတင်သွင်း အတည်ပြုပေးနိုင်ပါရန် ပြည်ထောင်စု လွှတ်တော်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်း အဆိုနှင့် ပတ်သက်၍-

(က) ဖုန်းငွေဖြည့်ကတ်များအပေါ် ကုန်သွယ်လုပ်ငန်းခွန် ကောက်ခံခြင်းသည် ကျယ်ပြန့်သည့် အခွန်အခြေခံကို ဖော်ဆောင်သည့် နည်းလမ်းတစ်ခုဖြစ်ပြီး နိုင်ငံတကာတွင် ကျင့်သုံးဆောင်ရွက်ကြသည့် အခွန်ကောက်ခံမှု စနစ်အတိုင်း ကောက်ခံမှုဖြစ်ခြင်း၊

(ခ) ၂၀၁၅ခုနှစ်ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေနှင့်အညီ အခွန်ကောက်ခံမှုဖြစ်ခြင်း၊

(ဂ) အစိုးရ၏ အသုံးစရိတ်ကို ရေရှည်တွင် အခွန်ရငွေအပေါ်တွင်သာ အဓိက ရပ်တည်နိုင်ရေး ဦးတည်ဆောင်ရွက်လျက်ရှိခြင်း၊

(ဃ) ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် အခွန်အရပ်ရပ် ကောက်ခံရန် လျာထားချက် ပြည့်မီနိုင်မှုကိုလည်း ထည့်သွင်းစဉ်းစားရန်လိုအပ်ခြင်း၊

(င) ထို့အပြင် ပြည်သူလူထု၏ သဘောဆန္ဒကို ထည့်သွင်းစဉ်းစားရန် လိုအပ်ခြင်းတို့ကို ထည့်သွင်းစဉ်းစားသင့်ပါကြောင်း တင်ပြအပ်ပါတယ်။

နိဂုံးချုပ်အနေဖြင့် နိုင်ငံတော်အတွင်း မိုဘိုင်းဖုန်းသုံးစွဲသူ အများပြည်သူတို့၏ ဖုန်းခေါ်ဆိုခကြိုတင်ထည့်သွင်းငွေများထဲက ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်း ဖြတ်တောက်ကောက်ခံမည့် ကိစ္စကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ကင်းလွတ်ခွင့်ပြုနိုင်ရန် ကိစ္စနှင့်ပတ်သက်၍ ပြည်ထောင်စုလွှတ်တော်၏ ဆုံးဖြတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အကယ်၍ ကျွန်တော်တင်ပြခဲ့တဲ့ အကြောင်းအရာများအရ တယ်လီဖုန်းပြောဆိုမှုအတွက် ကုန်သွယ်လုပ်ငန်းခွန် ကောက်ခံခြင်းသည် နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံးအတွက် အမှန်တကယ်အကျိုးဖြစ်ထွန်းစေပြီး အမှန်တကယ်လည်း ဆောင်ရွက်သင့်သည့် အကြောင်းအရာ အချက်အလက်များဖြစ်ကြောင်းလက်ခံယုံကြည်ပါက ပြည်သူလူထုတစ်ရပ်လုံးနားလည်လက်ခံပြီး ပူးပေါင်းပါဝင် ဆောင်ရွက်လာနိုင်စေရေးအတွက် ပြည်သူ့ကိုယ်စားလှယ်တော်ကြီးများအားလုံးက ဝိုင်းဝန်းတိုက်တွန်း ပံ့ပိုးကူညီပေးနိုင်ပါရန် မေတ္တာရပ်ခံ ပန်ကြားအပ်ပါကြောင်း ဖြင့် ပြောကြားသည်။

# ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်းလင်း၏ ဆွေးနွေးမှု ၇၅ ရာခိုင်နှုန်းခန့်သည် The Daily Eleven နေ့စဉ် သတင်းစာပါအချက်အလက်များကို အခြေခံထားပြီး စီမံကိန်းဧရိယာအတွင်းရှိ အိမ်ရာများ၊ ဆိုင်ခန်းများ၊ ရုံးခန်းများနှင့် မြေများအား အခြားသူတစ်ဦးဦးကို ရောင်းချခြင်း၊ ငှားရမ်းခြင်းမပြုလုပ်ရန်နှင့် စီမံကိန်းဧရိယာအတွင်းရှိ အဆောက်အအုံနှင့် လုပ်ငန်းအားလုံးသည် မီဒီယာနှင့် ပတ်သက်ဆက်စပ်သောလုပ်ငန်းများသာ ဖြစ်ရမည်ဆိုသည့် တင်ဒါစည်းကမ်းချက်နှစ်ချက်ကို ထည့်သွင်းဆွေးနွေးခြင်းမရှိ

**ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်သိန်းလင်း၏ အရေးကြီးအဆိုနှင့်ပတ်သက်၍ ပြန်ကြားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးပိုက်ထွေး၏ ပြန်လည်ရှင်းလင်းတင်ပြချက်များကို ဖော်ပြအပ်ပါသည်-**

လေးစားအပ်ပါသော ပြည်ထောင်စုလွှတ်တော်နာယကကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။

ကျွန်တော်ကတော့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တောင်ဥက္ကလာပ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်သိန်းလင်းရဲ့ အရေးကြီးအဆိုနှင့်ပတ်သက်၍ ဝန်ကြီးဌာနကိုယ်စား ပါဝါပွိုင့်ဆလိုက်များဖြင့် ပြန်လည်ရှင်းလင်း တင်ပြသွားမှာဖြစ်ပါတယ်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေနဲ့ နေပြည်တော်မှာ အသံလွှင့်စက်ရုံ တစ်ခုရှိလျက်နဲ့ နောက်ထပ်စက်ရုံတစ်ခု ဘာကြောင့် ရွှေ့ပြောင်း တည်ဆောက်ရသလဲ ဆိုတာကို ရှင်းလင်းတင်ပြလိုပါတယ်။ မြန်မာ့အသံကို ၁၉၄၆ခုနှစ်က စတင်တည်ထောင် ထုတ်လွှင့်ခဲ့ပြီး ထိုစဉ်က အသံလွှင့်ရုံနေရာဟာ ရန်ကုန်မြို့ ဝင်ဒါမီယာထဲမှာ ဖြစ်ပါတယ်။ ၁၉၅၈ ခုနှစ်မှာ အသံထုတ်လွှင့်မှုဆိုင်ရာ ထုတ်လွှင့်စက်များနှင့် စက်ရုံကို ယခုရေကူးနေရာမှာ အသစ်တည်ဆောက်ပြီး ထုတ်လွှင့်ခဲ့ခြင်းဖြစ်ပါတယ်။ အဲဒီနောက် ၁၉၆၀ ခုနှစ်မှာတော့ အသံလွှင့်လုပ်ငန်းတစ်ခုလုံးကို ပြည်လမ်း ဟံသာဝတီအဝိုင်းအနီး (လက်ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနေရာ)ကို ပြောင်းရွှေ့ပြီး ထုတ်လွှင့်ခဲ့ပါတယ်။ ဒါကြောင့် ရေကူးအသံလွှင့်ရုံရဲ့ သက်တမ်းဟာ နှစ်ပေါင်း ၆၀ နီးပါးရှိပြီ ဖြစ်ပါတယ်။ အဲဒီအချိန်က ရေဒီယိုအသံထုတ်လွှင့်မှုအရ ရေကူးစက်ရုံအတွင်းရှိ Short Wave/ Medium Wave အသံလွှင့်စက်များဖြင့် တစ်နိုင်ငံလုံးသို့ ထုတ်လွှင့်ပေးခဲ့ပါတယ်။ နေပြည်တော် ပေါ်ပေါက်ပြီးနောက်ပိုင်း ၂၀၀၈ ခုနှစ်မှာ နေပြည်တော် တပ်ကုန်း၌ Medium Wave / Short Wave ရေဒီယိုအသံလွှင့်စက်တချို့ တပ်ဆင်ပြီး မြန်မာပြည်အထက်ပိုင်းကို လွှမ်းခြုံထုတ်လွှင့်ခဲ့ပါတယ်။ ရေကူးအသံလွှင့်စက်ရုံကတော့ Medium Wave ဖြင့် မြန်မာပြည်အောက်ပိုင်းကို လွှမ်းခြုံထုတ်လွှင့်ပေးလျက်ရှိပါတယ်။

အသံလွှင့်စက်ရုံ စတင်တည်ဆောက်စဉ်က ယခုရေကူးစက်ရုံဟာ မြို့ပြင်နေရာဖြစ်ပြီး မည်သည့် အဆောက်အအုံမျှ မရှိခြင်းကြောင့် ရေဒီယိုထုတ်လွှင့်မှုအတွက် သင့်တော်တဲ့နေရာတစ်ခုအဖြစ် ရွေးချယ်ထုတ်လွှင့်ခဲ့ခြင်းဖြစ်ပါတယ်။ ယခုအခါ စက်ရုံပတ်ဝန်းကျင်မှာ လူနေသိပ်သည်းမှု များပြားလာပြီး High Power ဖြင့် ထုတ်လွှင့်တဲ့ Medium Wave / Short Wave Transmission များကြောင့် ထွက်ပေါ်လာတဲ့ Radio Frequency Radiation များဟာ အနီးပတ်ဝန်း



**ဦးပိုက်ထွေး**
**ဒုတိယဝန်ကြီး**



**ဦးအောင်သိန်းလင်း**
**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်**

ကျင်ရှိ ပြည်သူများကို ကျန်းမာရေး ထိခိုက်နိုင်ခြင်း၊ မြို့ပြအဆောက်အအုံများကြောင့် ထုတ်လွှင့်မှု Coverage ကို အတားအဆီးဖြစ်စေခြင်း စသည်တို့ကြောင့် လွတ်ကင်းပြီး ကျယ်ပြန့်တဲ့ နေရာသစ်တစ်ခုသို့ ပြောင်းရွှေ့သင့်ကြောင်း တွေ့ရှိရပါတယ်။

နောက်တစ်ချက်ကတော့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားကို ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်နေတဲ့ အနာဂတ်စီမံချက်အရ ဖြစ်ပါတယ်။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားကို ခေတ်မီရုပ်သံထုတ်လွှင့်ခြင်း လုပ်ငန်းကြီးတစ်ခု ဖြစ်လာစေရန် စီမံချက်ရေးဆွဲဆောင်ရွက်လျက်ရှိရာမှာ နိုင်ငံတကာ အဖွဲ့အစည်းများဖြစ်တဲ့ ယူနက်စကို၊ ဘီဘီစီ၊ DW၊ NHK နဲ့ IMS စတဲ့ အဖွဲ့အစည်းများမှ ပညာရှင်များက ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိပါတယ်။ ၂၀၁၄ ခုနှစ်အတွက် အဆိုပါပညာရှင်များ ရေးဆွဲပေးတဲ့ ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်မှာ ရုပ်မြင်သံကြားထုတ်လွှင့်ခြင်းနည်းပညာများကို Convergence System ဖြင့် ဆောင်ရွက်ရန်၊ ရေဒီယိုအသံလွှင့်စက်များကို အဆင့်မြှင့်ရန်၊ အင်တာနာများ ပြောင်းလဲတပ်ဆင်ရန်၊ Short Wave / Medium Wave များကို မြန်မာနိုင်ငံတစ်ဝန်းလုံးက ကြည်လင်စွာ ဖမ်းယူရရှိနိုင်ရန်အတွက် နည်းပညာပိုင်းဆိုင်ရာ လိုအပ်သော ဆက်စပ်ပစ္စည်းများကို ပြောင်းလဲတပ်ဆင်ရန် စသဖြင့် အကြံပြုခဲ့ကြပါတယ်။ အဆိုပါ အကြံပြုချက်များအရ ယခုလို ရေကူးအသံလွှင့်စက်ရုံအား ပြောင်းလဲတည်ဆောက်ရေး စီမံကိန်းပေါ်ပေါက်လာရခြင်း ဖြစ်ပါတယ်။

အထက်ပါ အခြေအနေများအရ ပြန်ကြားရေးဝန်ကြီးဌာန အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ရောင်းချခြင်း၊ ငှားရမ်းခြင်း လုပ်ငန်းကော်မတီအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ရေကူး အသံလွှင့်စက်ရုံဝင်းနေရာမှာ မီဒီယာနှင့် ပတ်သက်သည့် အဆောက်အအုံများ ဆောက်လုပ်ခြင်းနှင့် လက်ရှိ အသံလွှင့်စက်ပစ္စည်းများကို ပြောင်းရွှေ့တည်ဆောက်ရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အချက်(၁၇)ချက်ပါတဲ့ တင်ဒါစည်းကမ်းချက်များကို ရေးဆွဲပြီး လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ဒါတင်သွင်းနိုင်ရေး ဖိတ်ခေါ်ခဲ့ခြင်း ဖြစ်ပါတယ်။

ဒီနေရာမှာ အထူးတင်ပြလိုတာကတော့ ပြန်ကြားရေးဝန်ကြီးဌာန အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ရောင်းချခြင်း၊ ငှားရမ်းခြင်း လုပ်ငန်းကော်မတီရဲ့ တင်ဒါစည်းကမ်းချက်များကို ပြည့်စုံစွာ ဖော်ပြပေးလိုမှု ဖြစ်ပါတယ်။ အဆိုရှင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်းလင်းရဲ့ ဆွေးနွေးမှု ၇၅ ရာခိုင်နှုန်းဟာ ၂၀-၅-၂၀၁၅ ရက်နေ့ထုတ် The Daily Eleven နေ့စဉ်သတင်းစာပါ အချက်အလက်များကို အခြေခံထားကြောင်း တွေ့ရှိရပါတယ်။ အဲဒီဆွေးနွေးမှုမှာ တင်ဒါ စည်းကမ်းချက်များထဲမှာ ပါရှိတဲ့ အချက်နှစ်ချက်ကို ဖော်ပြဆွေးနွေးရန် ကျန်ရှိသွားတာ တွေ့ရပါတယ်။ အဲဒီအချက် (၂) ချက်ကတော့ တင်ဒါစည်းကမ်းချက် အမှတ်စဉ် (၁၃)နဲ့ (၁၄)တို့ပဲ ဖြစ်ပါတယ်။

အဆိုပါ တင်ဒါစည်းကမ်းချက် အမှတ်စဉ် (၁၃)အရ **"စီမံကိန်းဧရိယာအတွင်းရှိ အိမ်ရာများ၊ ဆိုင်ခန်းများ၊ ရုံးခန်းများနှင့် မြေများအား အခြားသူတစ်ဦးဦးကို ရောင်းချခြင်း၊ ငှားရမ်းခြင်း မပြုလုပ်ရ"** ဆိုတဲ့အချက်ကြောင့် လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူဟာ အဲဒီမြေပေါ်မှာ ဆောက်လုပ်ထားတဲ့ လုပ်ငန်းများကို ဆောင်ရွက်လို့ရတဲ့ ဝင်ငွေကိုသာလျှင် အကျိုးခံစားခွင့်ရရှိမှာ ဖြစ်ပါတယ်။ အဆိုရှင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်းလင်းအနေနဲ့ မေလ ၂၂ ရက်နေ့က မီဒီယာများကို ဖြေကြားရာမှာ"လုပ်ငန်းလုပ်ခွင့်ရရှိသူက မြေကို ဖွဲ့ဖွဲ့ရောင်းသွားရင် ဘီလီယံ ၂၀၀ နဲ့ ၃၀၀ ကြား မြတ်မယ်လို့" ပြောသွားတာကို The Daily Eleven နေ့စဉ်သတင်းစာမှာ ဖော်ပြထားပါတယ်။ အဲဒီအယူအဆဟာ မမှန်ကန်ကြောင်း ယခုတင်ဒါစည်းကမ်းချက်ကိုကြည့်ရင် သိနိုင်ပါတယ်။

တင်ဒါစည်းကမ်း အမှတ်စဉ် (၁၄)မှာလည်း **"စီမံကိန်းဧရိယာအတွင်းရှိ အဆောက်အအုံနှင့်လုပ်ငန်းအားလုံးသည် မီဒီယာနှင့် ပတ်သက်ဆက်စပ်သော လုပ်ငန်းများသာ ဖြစ်ရမည်"**လို့ ဖော်ပြထားတာကြောင့် လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ ဆောင်ရွက်ရမယ့် အဆောက်အအုံများဟာ အခြားအိမ်ရာစီမံကိန်းများလို ခွဲဝေရောင်းချလို့ရမယ့်အဆောက်အအုံများ မဟုတ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

ပြန်ကြားရေးဝန်ကြီးဌာနမြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေနဲ့ ယခုကဲ့သို့ ရေကူးရှိ အသံလွှင့်စက်ရုံကို ပြောင်းရွှေ့ပြီး ရေကူးဒေသကို မီဒီယာဇုန်အဖြစ် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရတဲ့ ရည်ရွယ်ချက် (၅)ခု ရှိပါတယ်။ အဲဒါတွေကတော့ -

(၁) သက်တမ်း လွန်နေတဲ့ အသံလွှင့်စက်များ၊ အင်တာနာ တိုင်များကို ခေတ်မီစက်သစ်များ၊ အင်တာနာတိုင် အသစ်များဖြင့် အစားထိုးရန်။

(၂) မြန်မာ့အသံ အစီအစဉ်များ လွှမ်းခြုံနိုင်တဲ့ ဧရိယာကိုတိုးချဲ့နိုင်ရန်နှင့် ဒေသအသီးသီးမှ ကြည်လင်ပြတ်သားစွာဖမ်းယူနိုင်ရေးအတွက် စက်အမျိုးအစားများ၊ အင်တာနာ ဒီဇိုင်းများကို ပြောင်းလဲရန်။

(၃) ဒီဂျစ်တယ် အသံလွှင့်စနစ်အတွက် အသင့်ပြင်ဆင်ထားရန်။

(၄) မြန်မာ့ရုပ်ရှင်/ ရုပ်မြင်သံကြားနှင့် ဗီဒီယိုလုပ်ငန်းများအတွက် ရိုက်ကွင်းနဲ့ စတူဒီယိုများ၊ မီဒီယာသင်တန်းကျောင်း၊ အများပြည်သူ အပန်းဖြေနိုင်ရန်နေရာ၊ အားကစားကွင်း စသည်များ ပါဝင်သည့် မီဒီယာဇုန်(Media Hub) တစ်ခု တည်ဆောက်ရန်။

(၅) မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရဲ့ အနာဂတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်သော အခြေခံအဆောက်အအုံများကို ရရှိရန်တို့ ဖြစ်ပါတယ်။

ဒီလို ပြောင်းရွှေ့တည်ဆောက်တာနဲ့ ပတ်သက်ပြီး အရှေ့တောင်အာရှနိုင်ငံတစ်ခုဖြစ်တဲ့ မလေးရှားနိုင်ငံမှာ တည်ဆောက်နေတဲ့ မီဒီယာမြို့တော် (Media City)ဆိုတဲ့ စီမံကိန်းကြီးတစ်ခုကို နမူနာရယူဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း တင်ပြလိုပါတယ်။ အဆိုပါ စီမံကိန်းမှာ မြေ ၆၈ ဧကပေါ်တွင် ၂၀၁၅ ခုနှစ်မှ စတင်ဆောင်ရွက်လျက်ရှိပြီး စီမံကိန်းကာလမှာ သုံးနှစ်ဖြစ်ကြောင်း သိရှိရပါတယ်။ Media City စီမံကိန်းပြုလုပ်ရန် ကနဦး ကုန်ကျစရိတ် ရင်းဂစ် သန်း ၈၆၀ ကုန်ကျမည်ဟု ခန့်မှန်းထားကြောင်း၊ အဆိုပါ စီမံကိန်းတွင် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် ရုပ်ပိုင်းဆိုင်ရာ တည်ဆောက်မှုများနှင့် နောက်ဆုံးပေါ် ရုပ်သံလွှင့်ပစ္စည်းများ အစားထိုးခြင်း၊ အဆင့်မြှင့်တင်ခြင်းတို့ကိုလည်း ပြုလုပ်သွားမှာဖြစ်ကြောင်း၊ အဲဒီစီမံကိန်းမှာ HD TV စတူဒီယို၊ Music စတူဒီယိုနှင့် လူ (၁၅၀၀)ဆံ့ Auditorium တို့လို Production Facilities များကိုလည်း ထည့်သွင်းတည်ဆောက်သွားမည် ဖြစ်ကြောင်း၊ ယခုလို မီဒီယာမြို့တော် (Media City) စီမံကိန်းမျိုးကို ဗြိတိန်၊ UAE နှင့် ဂျော်ဒန်နိုင်ငံများ အပါအဝင် နိုင်ငံအချို့တွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်းကိုလည်း လေ့လာသိရှိရပါတယ်။

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ရေကူးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ဖို့ စဉ်းစားရာမှာလည်း အခြေခံမူသုံးရပ်ကို ချမှတ်ထားပါတယ်၊ အဲဒီအခြေခံမူသုံးရပ်ကတော့-

(၁) ရန်ကုန်မြို့တော် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာမှာ အားကစားကွင်းများ၊ ပန်းခြံများ ပျောက်ကွယ်သွားပြီး မြို့ပြစီမံကိန်းနှင့် ကိုက်ညီမှုမရှိတဲ့ လူနေအဆောက်အအုံများသာ ပေါ်ပေါက်ခဲ့သည့် ဖြစ်စဉ်များမှ သင်ခန်းစာ ဖော်ထုတ်ရန်။

(၂) လက်ရှိ ရေကူးစက်ရုံမှ အသံထုတ်လွှင့်မှုများ ပြတ်တောက်မှု မရှိစေရန်အတွက် လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူက လွှင့်စက်အသစ်များကို နေရာအသစ်မှာ အသင့်တပ်ဆင်ပြီးမှသာ ရွှေ့ပြောင်းရန်။ လက်ရှိ လွှင့်စက်များကို နေရာအသစ်တွင် အရန်အဖြစ် ထားရန်။

(၃) နိုင်ငံတော်ဘဏ္ဍာမှ ကုန်ကျစရိတ် အနည်းဆုံးဖြင့်

**ဦးပိုက်ထွေး**

စီမံကိန်းကို အကောင်အထည်ဖော်ရန်တို့ပဲ ဖြစ်ပါတယ်။

လက်ရှိ ရေကူးစက်ရုံမှ ရွှေ့ပြောင်းရမည့် စက်ပစ္စည်းများကတော့ လှိုင်းတို လွှင့်စက်ခုနစ်လုံး၊ လှိုင်းလတ် လွှင့်စက်သုံးလုံးနဲ့ တာဝါ Antenna ၁၁ ခု ဖြစ်ပါတယ်။

ဆက်လက်ပြီး နေရာသစ်နှင့် ရေကူးရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားပိုင်မြေမှာ လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူက ဆောင်ရွက်ပေးရမည့် တင်ဒါစည်းကမ်းချက်ပါလုပ်ငန်းများထဲက အရေးကြီးတဲ့အချက်အချို့ကို ကောက်နုတ်တင်ပြရမယ်ဆိုလျှင်-

(၁) လုပ်ငန်းလုပ်ကိုင်ခွင့် ရရှိသူ၏ ကုန်ကျစရိတ်ဖြင့် အသံလွှင့်စက်ရုံဟောင်းအား ဖြုတ်သိမ်းပြီး နေရာသစ်တွင် ရွှေ့ပြောင်း၍ စက်ရုံအသစ် တစ်ခုကို ပြန်လည်တည်ဆောက်ပေးရမည်ဖြစ်ပြီး ခေတ်မီနည်းပညာ၊ စနစ်သစ်များနဲ့ စက်ပစ္စည်းများကို Turnkey စနစ်ဖြင့် တပ်ဆင် တည်ဆောက်ပေးရပါမယ်။

(၂) အသံလွှင့်စက်ရုံဟောင်းအား နေရာသစ်သို့ ရွှေ့ပြောင်းတည်ဆောက်စဉ်ကာလတွင် အသံလွှင့်လုပ်ငန်း ပြတ်တောက်သွားခြင်း၊ ထိခိုက်သွားခြင်း လုံးဝမဖြစ်စေရပါ။ စက်ရုံသစ်ကို စက်ပစ္စည်းနဲ့ အဆောက်အအုံသာမက ဝန်ထမ်းအိမ်ရာများကိုလည်း တည်ဆောက်ပေးရမည်ဖြစ်ပြီး စက်ရုံနှင့် ဝန်ထမ်းအိမ်ရာတို့အတွက် လုပ်ငန်းလုပ်ကိုင်ခွင့် ရရှိသူရဲ့ ရင်းနှီးငွေဖြင့် တည်ဆောက်ရပါမယ်။ တည်ဆောက်မယ့် စက်ရုံသစ်မြေနေရာဟာ ရန်ကုန်မြို့တော် စည်ပင်သာယာရေး နယ်နိမိတ် အတွင်းရှိပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ လက်ခံနိုင်သည့်နေရာ ဖြစ်ရပါမယ်။ လိုအပ်တဲ့ မြေနေရာအကျယ်အဝန်းကတော့ ပြန့်ပြူးတဲ့ မြေဧက ၁၅၀ ဖြစ်ပြီး တစ်ဆက်တစ်စပ်တည်း တည်ရှိရမှာဖြစ်ပါတယ်။ အဲဒီမြေဧက ၁၅၀ ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ တရားဝင်ပိုင်ဆိုင်မှု လွှဲပြောင်းပေးရပါမယ်။

စာမျက်နှာ ၁၃ သို့

*စာမျက်နှာ ၁၂ မှ*

(၃) ယင်းနေရာဟာ High Tension ဓာတ်အားလိုင်း သွယ်ယူရန် လွယ်ကူတဲ့ နေရာ ဖြစ်ရမယ့်အပြင် အများပြည်သူသုံး လမ်းမကြီးနှင့် နီးကပ်ပြီး ချဉ်းကပ်လမ်းဖောက်ရန် လွယ်ကူသောနေရာလည်း ဖြစ်ရပါမယ်။

(၄) ရေကူးအသံလွှင့် စက်ရုံဟောင်း မြေပေါ်တွင် ပြန်ကြားရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ နေထိုင်ရန်အတွက် ဝန်ထမ်းမိသားစု ၃၀၀ ခန့် နေထိုင်နိုင်သော ဝန်ထမ်းအိမ်ရာများကို တင်ဒါတင်သွင်းသူ၏ စရိတ်ဖြင့် တည်ဆောက်ပေးရပါမယ်။

(၅) အသံလွှင့်စက်ရုံ သစ်အတွက် အဆောက်အအုံနှင့် Antenna လိုအပ်ချက်နှင့် ခေတ်မီအသံလွှင့် ကွန်ရက်အဖြစ် ဖွဲ့စည်းတည်ဆောက်ရေး ဆိုသည့် လိုအပ်ချက်နှစ်ခုကို တင်ဒါတင်သွင်းသူက ဆောင်ရွက်ပေးရမယ်။

**အဆောက်အအုံနှင့် Antenna လိုအပ်ချက်အပိုင်းမှာ-**

(၁) Medium Wave နှင့် Short Wave လွှင့်စက်များထားရှိရန် အသံလွှင့်ရုံ အဆောက်အအုံတစ်လုံး ပါရှိရပါမယ်။

(၂) အဲဒီအဆောက်အအုံမှာ လွှင့်စက်ခန်း၊ ဓာတ်အားဖြန့်ဖြူးခန်း၊ စက်ပစ္စည်း စတိုခန်းနှင့် ရုံးခန်း၊ စက်ပြင်ခန်းများ ပါဝင်ရမှာဖြစ်ပြီး အဆောက်အအုံသည် လုံလောက်သော အကျယ်အဝန်း ရှိရပါမယ်။

(၃) အဆောက်အအုံ နေရာနှင့် Medium Wave Antenna နေရာ၊ Short Wave Antenna နေရာများကို အကွက်ချ ပုံစံရေးဆွဲတင်ပြရပါမယ်။

(၄) စက်ခန်းအပါအဝင် အသံလွှင့်ရုံ အဆောက်အအုံ Design ပုံစံကို ပူးတွဲတင်ပြရပါမယ်။

(၅) စက်ခန်းမှာ ထည့်သွင်းရမယ့် အသံလွှင့်စက်များနဲ့ ခန့်မှန်းတန်ဖိုးကို Power Point ဖြင့် တင်ပြအပ်ပါတယ်။ ခန့်မှန်းတွက်ချက်မှုအရ အမေရိကန်ဒေါ်လာ ၂၃ သန်းခန့် ကုန်ကျနိုင်ပါတယ်-

**ခေတ်မီအသံလွှင့် ကွန်ရက်အဖြစ် ဖွဲ့စည်းဆောင်ရွက်ရေး အပိုင်းမှာတော့**

(၁) နေရာသစ်တွင် တပ်ဆင်မည့် Short Wave Antenna စနစ်မှာ အဓိကအားဖြင့် Medium Wave စနစ်ဖြင့် Cover မပေးနိုင်သော နိုင်ငံတွင်းဒေသများသို့ Cover ပေးနိုင်ရပါမယ်။

(၂) ယင်းတွင် Short Wave Directional Antenna (၂)စုံကို တစ်ပြိုင်တည်း ထုတ်လွှင့်နိုင်သော ချိတ်ဆက်မှု ရှိရပါမယ်။

(၃) Short Wave နှင့် Medium Wave ထုတ်လွှင့်မှုကို Digital Radio Mondiale (DRM) ဒီဂျစ်တယ်ထုတ်လွှင့်မှုသို့ ကူးပြောင်းထုတ်လွှင့်ရန် DRM Upgrading အစီအမံကို တစ်ပါတည်း ထည့်သွင်းထားရမယ်။

(၄) Short Wave နှင့် Medium Wave Antenna System များကို ခေတ်မီနည်းပညာ ဒီဇိုင်းပုံစံဖြင့် အသစ် တပ်ဆင်ပေးရပါမယ်။

(၅) အသံလွှင့်စက်ရုံသစ်နှင့် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အဆောက်အအုံကြား Fiber ဆက်ကြောင်း သွယ်တန်းပေးရမည်ဆိုတဲ့ အချက်များ ပါရှိပါတယ်။

ဆက်လက်ပြီး တင်ပြလိုတာကတော့ တင်ဒါစည်းကမ်းချက်များမှာ ဖော်ပြထားတဲ့ **"မီဒီယာလုပ်ငန်း လုပ်ကိုင်နေသည့် မြန်မာတိုင်းရင်းသားပိုင်ကုမ္ပဏီ"** ဆိုရာမှာ Print Media ဖြစ်တဲ့ ပုံနှိပ်ထုတ်ဝေလုပ်ငန်းများ၊ Broadcast Media ဖြစ်တဲ့ ရုပ်မြင်သံကြား၊ ရေဒီယို၊ FM စတဲ့ လုပ်ငန်းတစ်ခုခုကို လုပ်ကိုင်နေတဲ့ ကုမ္ပဏီအားလုံးကို ရည်ညွှန်းတာ ဖြစ်ပါတယ်။ **"အထူးသဖြင့် ရုပ်သံမီဒီယာလုပ်ငန်း အတွေ့အကြုံရှိသူ"** ဟု ဖော်ပြချက်မှာလည်း ရုပ်မြင်သံကြား၊ ရေဒီယို၊ FM လုပ်ငန်း ဆောင်ရွက်သူများ အားလုံးကို ရည်ညွှန်းထားတာဖြစ်ပြီး ရုပ်မြင်သံကြား ထုတ်လွှင့်သူ တစ်ဦးတည်းကို ရည်ညွှန်းထားတာ မဟုတ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ တင်ဒါပုံစံပါ စည်းကမ်းချက်များဟာ ရုပ်မြင်သံကြား ထုတ်လွှင့်ခွင့်ရတဲ့ ရွှေသံလွင်မီဒီယာကုမ္ပဏီလီမိတက်ကိုသာ ရည်ညွှန်း



မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ မီဒီယာစီးတီး၏ ဗိသုကာဒီဇိုင်း။ (pinterest.com)

ပြီး ဆောင်ရွက်ထားတယ်လို့ ရေးသားဖော်ပြ ပြောဆိုနေကြပေမယ့် The Daily Eleven နေ့စဉ်သတင်းစာမှာ ဆောင်းပါးပါရှိတဲ့ ၂၀-၅-၂၀၁၅ ရက်နေ့အထိ တင်ဒါပုံစံလာဝယ်တဲ့ကုမ္ပဏီ သုံးခုရှိပြီး ရွှေသံလွင်မီဒီယာကုမ္ပဏီ လီမိတက်က အဲဒီနေ့အထိ လာရောက်ဝယ်ယူခဲ့ခြင်း မရှိသေးတာ တွေ့ရပါတယ်။ လာဝယ်တဲ့ ကုမ္ပဏီသုံးခုကို ကြည့်ရင်လည်း FM လုပ်ငန်းများ လုပ်ပိုင်ခွင့် ရရှိထားသူနဲ့ အခြားမီဒီယာလုပ်ငန်း လုပ်ကိုင်နေသူများဖြစ်ကြောင်း သိရှိရပါတယ်။

ပြန်ကြားရေးဝန်ကြီးဌာန အနေနဲ့ အရေးကြီးအဆိုရှင်ရဲ့ စိုးရိမ်မှုများကိုလည်း ထည့်သွင်းစဉ်းစားပါမယ်။ တင်ဒါကြေညာမှုကိုလည်း ပွင့်လင်းမြင်သာစွာ ဆောင်ရွက်သွားပါမယ်။ အဆိုရှင်အနေဖြင့် ယခင်က ရန်ကုန်မြို့တော် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများဆောင်ရွက်စဉ် ရရှိခဲ့တဲ့ အားသာချက်၊ အားနည်းချက် သင်ခန်းစာများအပေါ် အခြေခံ ဆွေးနွေးသည်ဟု ယုံကြည်ပါတယ်။ အဲဒါကြောင့် တင်ဒါစည်းကမ်းချက်များကို ပိုမိုရှင်းလင်းတိကျစေရန်အတွက် လိုအပ်ပါက ပြင်ဆင်ရေးဆွဲသွားပါမယ်။ (ဥပမာ-ရုပ်သံ **အစား** ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း)။ တင်ဒါစိစစ်ရာမှာလည်း မြန်မာနိုင်ငံ ဗိသုကာကောင်စီ၊ အင်ဂျင်နီယာကောင်စီ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာနတို့မှ ပညာရှင်များပါဝင်ရန် ရည်ရွယ်ထားပါကြောင်း တင်ပြအပ်ပါတယ်။

သို့ဖြစ်ပါ၍ နိုင်ငံတော်ဘဏ္ဍာ ကုန်ကျမှုမရှိဘဲ ခေတ်မီအသံလွှင့်စက်ရုံနှင့် အခြေခံအဆောက်အအုံများရရှိနိုင်ခြင်း၊ နိုင်ငံတကာတွင် ဆောင်ရွက်လျက်ရှိသော မျက်မှောက် မီဒီယာဖွံ့ဖြိုးရေးစီမံကိန်းများနည်းတူ မိမိနိုင်ငံတွင်လည်း မီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို စီမံဆောင်ရွက်နိုင်မည်ဖြစ်ခြင်း၊ ရေကူးအသံလွှင့်စက်ရုံဝင်းအတွင်း စီးပွားရေးဆန်သည့် လူနေအိမ်ရာများအစား မီဒီယာနှင့် ဆက်စပ်သည့် လုပ်ငန်းများ၊ အများပြည်သူဆိုင်ရာ နေရာများပါဝင်တဲ့ မီဒီယာဇုန်တစ်ခု ပေါ်ထွက်လာမည်ဖြစ်ခြင်း၊ လုပ်ငန်းလုပ်ကိုင်ခွင့် ရရှိသူအနေဖြင့် မြေနှင့်အဆောက်အအုံများကို ရောင်းချခွင့်မရှိခြင်း၊ တင်ဒါဆောင်ရွက်ရာတွင် အရေးကြီး အဆိုပါအချက်များကို ထည့်သွင်းစဉ်းစား ဆောင်ရွက်သွားမည်ဖြစ်ခြင်းနဲ့ တင်ဒါကြေညာမှုကိုလည်း ပွင့်လင်းမြင်သာစွာ ဆောင်ရွက်သွားမည် ဖြစ်ခြင်းတို့ကြောင့် တောင်ဥက္ကလာပ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်းလင်းရဲ့ အရေးကြီးအဆိုကို မှတ်တမ်းတင်ထားရှိပေးနိုင်ပါရန် တင်ပြရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။


## ကြေးပိဋကတ် ဦးဆောင်ဆရာတော် ဘဒ္ဒန္တ ဉာဏ
## သက်တော် (၇၂)နှစ်ပြည့် ဝိဇာတမွေးနေ့ အလှူဖိတ်ကြားခြင်း



ခရစ်သက္ကရာဇ် ၂၀၁၅-ခုနှစ်၊ ဇွန်လ(၁)ရက်နေ့၊ မြန်မာသက္ကရာဇ် ၁၃၇၇-ခုနှစ်၊ နယုန်လပြည့်နေ့တွင် ကျောင်းတော်ရာရွှေကျင်တိုက်ကြီး (နာယက) မင်္ဂလာတိုက် ကျောင်းဆရာတော် ဘဒ္ဒန္တဉာဏ (အစိုးရဓမ္မာစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) ၏ သက်တော်(၇၂)နှစ်ပြည့် မွေးနေ့ ကျရောက်ပါသဖြင့် ဆရာတော်ဘုရား ကျန်းမာစွာ သာသနာပြုနိုင်ပို့ရန် ဝိဇာတမွေးနေ့ ဆွမ်းကျွေးပွဲ အလှူတော်မင်္ဂလာကို နံနက် (၆) နာရီ မှ နေ့လည်(၁၁)နာရီအထိ ပြုလုပ်လှူဒါန်းမည် ဖြစ်ပါ၍ ဒါနမြောက်အောင် ကြွရောက် သုံးဆောင်တော်မူကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**ဆရာတော် တဗ္ဗန္တ ဉာဏ** နှင့်
တပည့်ဒါယကာ၊ ဒါယိကာမများ

## ဖခင်အမည်မှန်

အထက ပူတာအို ဆဋ္ဌမတန်း(A)ခန်းမှ မဆိုင်းမိုင်နှင့် စတုတ္ထတန်းမှ မနင်းနင်တို့၏ ဖခင်အမည်မှန် ဦးဆလွတ်ထဆင်ရမ် ဖြစ်ကြောင်း။

## အမည်ပြောင်း

ပူတာအိုမြို့၊ လေယာဉ်ကွင်းရပ်ကွက်(၅) နေ ဦးမနားဒီး-ဒေါ်နန်ဟီးနန်ရှင်းတို့၏သား မောင်ထမူဖုန်ဖေးအား မောင်မနားဖုန်ဖေး ဟုပြောင်းလဲခေါ်ပါရန်။

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂ဟ/၇၀၉၇ Honlel ယာဉ်လက်ဝယ်ရှိသူ ဦးသန်းငြိမ်း ၈/ခမန(နိုင်)၀၆၀၂၈၉ က (ကမ-၃)ပျောက်မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကညန၊ တိုင်းရုံး(မကွေး)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ တိုင်းရုံး(မကွေး)**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ကရင်ပြည်နယ်၊ အခြေခံပညာဦးစီးဌာနအတွင်းရှိ အခြေခံပညာကျောင်းများအတွက် လေးယောက်တွဲစာသင်ခုံ(နိမ့်)(၁၀၂၀)စုံ ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ သို့ပါ၍ စိတ်ဝင်စားသူလုပ်ငန်းရှင်များအနေဖြင့် အထက်ပါလုပ်ငန်းများနှင့် ပတ်သက်ပြီး အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံအား ရုံးချိန်အတွင်း ကရင်ပြည်နယ်ပညာရေးမှူးရုံး၊ ဘားအံမြို့တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ **တင်ဒါပုံစံစတင်ရောင်းမည့်ရက်** - ၂၇-၅-၂၀၁၅ ရက်
**တင်ဒါပုံစံရောင်းချမှုနောက်ဆုံးရက်** - ၂-၆-၂၀၁၅ ရက်၊ ၁၆း၀၀နာရီ

၄။ အသေးစိတ်သိလိုသော အချက်အလက်များအား တင်ဒါခေါ်ယူရေးကြီးကြပ်မှုကော်မတီ ဖုန်း-၀၅၈-၂၃၂၂၈ သို့လည်းကောင်း၊ ကရင်ပြည်နယ်ပညာရေးမှူးရုံး-ဘားအံမြို့ ဖုန်း-၀၅၈-၂၁၁၃၃၊ ၀၅၈-၂၁၄၅၅ တို့သို့လည်းကောင်း ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**တင်ဒါခေါ်ယူရေးကြီးကြပ်မှုကော်မတီ**

**အမည်ပြောင်း**

ဦးလှမြင့်အောင်-ဒေါ်အေးအေးမော်တို့၏သား မြင်းခြံမြို့၊ အထက(၁) အဋ္ဌမတန်းကျောင်းသား မောင်ထွန်းဥက္ကာအား မောင်ထက်အောင်ကောင်းဟု ပြောင်းလဲခေါ်ပါရန်။

## We Need Your Strength

We are seeking and warmly welcome to professional personnel and highly talent persons for our restructuring organization and an extended new organization.

Our lines of businesses are distribution of specialty goods,small and scattered projects operation, customer service, service operation and small-scale construction.

| | |
|---|---|
| (1) Operation Manager/ AsstMgr | M/F (2) Posts |
| (2) Sales Manager/ AsstMgr | M/F (3) Posts |
| (3) HR Manager | M/F (1) Post |
| (4) BD Executive | M/F (1) Post |
| (5) Interior Designer | M/F (1) Post |
| (6) Quality Control Manager | M (1) Post |
| (7) Quantity Surveyor | M/F (1) Post |
| (8) Vehicle Department Head | M (1) Post |
| (9) Warehouse Assistant Manager | M (1) Post |
| (10) Warehouse Senior Executive | M (1) Post |
| (11) Project Coordinator | M/F (1) Post |
| (12) Training Executive | M/F (1) Post |
| (13) Customer Service Executive | F (1) Post |
| (14) Graphic Designer | M/F (1) Post |
| (15) Design Artist (ပန်းချီပညာရှင်) | M/F (1) Post |
| (16) Site Engineer | M (5) Posts |
| (17) Site Supervisor | M (8) Posts |
| (18) HR Supervisor | M/F (1) Post |
| (19) Sales Promoter | M/F (2) Post |
| (20) Office Executive | F (1) Post |
| (21) Purchaser | M/F (1) Post |
| (22) Receptionist | F (1) Post |
| (23) Cashier | F (1) Post |
| (24) Management Trainee | M/F (10) Posts |
| (25) Jr.Accountant | M/F (1) Post |
| (26) Hostel Incharge | M (1) Post |
| (27) ရေ၊ မီးကျွမ်းကျင် | M (1) Post |
| (28) ယာဉ်မောင်း | ကျား (၂)ဦး |
| (29) အဆင့်မြင့် အိမ်အလှဆင်လုပ်သား | ကျား (၄၀) (သင်တန်းပေးပါမည်) |
| (30) ဂိုဒေါင်အထွေထွေလုပ်သား | ကျား (၅) ဦး |
| (31) အဝတ်လျှော်၊ သန့်ရှင်းရေး | မ (၃) ဦး |

Please submit CV with listed relevant document including passport photo within 7 days to cv.reserve@gmail.com. The original document shall bring along during personal interview.Kindly don't forget to express your expected salary and contacts.Kindly note we will invite for screening only short listed candidates.

ph: 09-421047649, 09-254539515 (Within Office Hour).

# တာမွေအဝိုင်း၌ လေးလမ်းသွား ခုံးကျော်တံတား တည်ဆောက်မည်

**ရန်ကုန် မေ ၂၇**

ရန်ကုန်မြို့ရှိ ယာဉ်ကြောပိတ်ဆို့မှုများသည့် နေရာများတွင် တစ်ခုအပါအဝင်ဖြစ်သော တာမွေအဝိုင်းထိပ် လမ်းငါးခွဆုံနေရာ၌ လေးလမ်းသွားခုံးကျော်တံတားတစ်စင်းကို ယခု ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း တည်ဆောက်သွားမည်ဖြစ်ပြီး တင်ဒါများ မကြာမီ ခေါ်ယူမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

"ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အနေနဲ့ ယာဉ်ကြောရှုပ်ထွေးမှုများတဲ့ တာမွေအဝိုင်းမှာ လေးလမ်းသွား ခုံးကျော်တံတားတည်ဆောက်ဖို့ မကြာမီမှာ တင်ဒါခေါ်ယူသွားမှာဖြစ်ပါတယ်။ မူလက ဒီနေရာမှာ ခရုပတ်ပုံလမ်းကြောင်းအတိုင်း ခုံးကျော်တံတားတည်ဆောက်ဖို့ အစီအစဉ်ရှိခဲ့ပေမယ့် အခုတော့ ရိုးရိုးလေးလမ်းသွား ခုံးကျော်တံတားအဖြစ်ပဲ တည်ဆောက်ဖို့ စီစဉ်လိုက်ပါပြီ"ဟု အဆိုပါတာဝန်ရှိသူက ပြောသည်။ တာမွေအဝိုင်း ခုံးကျော်တံတားကို ကျပ် ၂၂ ဒသမ ၅ ဘီလီယံခန့် အကုန်အကျခံတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ယခုဘဏ္ဍာနှစ်အတွင်း မရမ်းကုန်းမြို့နယ် (၈)မိုင်လမ်းဆုံနှင့် ဗဟန်းမြို့နယ် ကုက္ကိုင်းလမ်းဆုံတို့၌လည်း လေးလမ်းသွား ခုံးကျော်တံတားများ တည်ဆောက်သွားမည်ဖြစ်ပြီး ဧပြီလအတွင်းက တင်ဒါများခေါ်ယူထားပြီးဖြစ်သည်။



ခုံးကျော်တံတားသစ်တည်ဆောက်မည့် တာမွေအဝိုင်းထိပ် လမ်းငါးခွဆုံ။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ရန်ကုန် မြို့တော်စည်ပင်သာယာရေး ကော်မတီအနေဖြင့် ယာဉ်ကြောပိတ်ဆို့မှု လျော့ကျစေရေးအတွက် ယာဉ်ကြောပိတ်ဆို့မှုများသောနေရာများ၌ လူကူးတံတားနှင့် ခုံးကျော်တံတားများကို တည်ဆောက်လျက်ရှိရာ လှည်းတန်းလမ်းဆုံ၊ ဘုရင့်နောင် လမ်းဆုံ၊ ရွှေဂုံတိုင်လမ်းဆုံနှင့် မြေနီကုန်းလမ်းဆုံတို့၌ ခုံးကျော် တံတားများကို တည်ဆောက်ခဲ့ပြီး ဖြစ်သည်။

**သတင်း-ကြံတိုင်းအောင်**
**ဓာတ်ပုံ-သဏ္ဍ**

# မျိုးဆက်သစ်လက်ဝှေ့ပြိုင်ပွဲများ တစ်နှစ်ပတ်လုံးကျင်းပမည်

**ရန်ကုန် မေ ၂၇**

မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်မှကြီးမှူးပြီး မြန်မာမီဒီယာဂရု(ပ်) က စီစဉ်သော Myanmar Fight မြန်မာ့ရိုးရာလက်ဝှေ့မျိုးဆက်သစ်လက်ဝှေ့ပြိုင်ပွဲတစ်နှစ်ပတ်လုံးကျင်းပမည်ဖြစ်ကြောင်း သိရသည်။

"မျိုးဆက်သစ်လက်ဝှေ့လူငယ်တွေကို ကျင်းပပေးတဲ့အတွက်တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေက လူငယ်တွေ စိတ်ဝင်စားလာအောင်နဲ့ မျိုးဆက်သစ်မွေးထုတ်၊ ပွဲထုတ်ပေးခြင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ရိုးရာအမွေအနှစ်ဖြစ်တဲ့ ရိုးရာလက်ဝှေ့ ပျောက်ပျက်မသွားအောင် ဆက်လက်ထိန်းသိမ်းပြီး နိုင်ငံတကာနဲ့ ရင်ပေါင်တန်းနိုင်အောင် လုပ်ဆောင်ဖို့အတွက် မျိုးဆက်သစ်တွေ ဖော်ထုတ်ခြင်းဖြစ်ပါတယ်" ဟု မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသိန်းအောင်က ပြောကြားသည်။

"အရင်က ပြည်တွင်းမှာ ပထမတန်း လက်ဝှေ့သမားတွေရှိခဲ့ပါတယ်။ ယခု ပထမတန်းလက်ဝှေ့သမားတွေ မျိုးဆက်ပျက်သွားတဲ့အတွက် ဒီပွဲကို စီစဉ် တာဖြစ်ပါတယ်"ဟု မျိုးဆက်သစ်လက်ဝှေ့ပြိုင်ပွဲများကို တစ်နှစ်ပတ်လုံး တာဝန်ယူကျင်းပမည့် မြန်မာမီဒီယာဂရု(ပ်)မှ မန်နေဂျင်းဒါရိုက်တာ ဦးဝဏ္ဏက ပြောသည်။ "ဇွန် ၂၁ ရက်မှာ ကျင်းပမှာပါ။ အပတ်စဉ် တနင်္ဂနွေနေ့ မွန်းလွဲ ၂နာရီ သိမ်ဖြူအားကစားခန်းမမှာကျင်းပမှာပါ။ သုံးချီပွဲငါးပွဲနဲ့ လေးချီနှစ်ပွဲဖြစ်ပါတယ်။ တွဲဆိုင်းများကို ခုံဒိုင်နဲ့ ရိုးရာကလပ်အဖွဲ့က တွဲပေးမှာဖြစ်ပါတယ်။ တစ်နှစ်ပတ်လုံး ၁၇၅ ပွဲ၊ ပြိုင်ပွဲ ၂၅ ပွဲနဲ့ လက်ဝှေ့သမား ၃၅၀ ထိုးသတ်ယှဉ်ပြိုင်သွားမှာပါ။ သုံးချီထိုးကြေးကတော့ နိုင်ရင် ခြောက်သောင်း၊ သရေ ငါးသောင်း၊ ရှုံးရင် လေးသောင်းနဲ့ လေးချီမှာတော့ နိုင်ရင်တစ်သိန်း ငါးသောင်း၊ သရေတစ်သိန်း နှစ်သောင်း၊ ရှုံးတစ်သိန်း ချီးမြှင့်သွားမှာပါ။ လက်မှတ်များကို ငွေကျပ်နှစ်ထောင် သတ်မှတ်ထားပါတယ်"ဟု ဦးဝဏ္ဏက ဆက်လက်ရှင်းပြသည်။

အဆိုပါ မြန်မာ့ရိုးရာလက်ဝှေ့မျိုးဆက်သစ်တစ်နှစ်ပတ်လုံးကျင်းပမည့် ပြိုင်ပွဲများကို စကိုင်းနက်ရုပ်သံလိုင်းက တိုက်ရိုက်ပြန်လည်ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-တင်စိုး(မြန်မာ့အလင်း)**




# မဲဆန္ဒရှင်စာရင်းတွင် ပါမပါကြည့်နိုင်မည့် ဝက်ဘ်ဆိုက်သစ်စတင်

**ရန်ကုန် မေ ၂၇**

၂၀၁၅ ခုနှစ်အထွေထွေရွေးကောက်ပွဲ မဲဆန္ဒရှင်စာရင်းတွင် မိမိအမည်ပါဝင်သည် မပါဝင်သည်ကို အင်တာနက်မှတစ်ဆင့် ရှာဖွေကြည့်ရှုနိုင်မည့် ဝက်ဘ်ဆိုက်သစ်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မေ ၂၆ ရက်တွင် စတင်လွှင့်တင်ထားကြောင်းသိရသည်။

ဝက်ဘ်ဆိုက်လိပ်စာမှာ https://checkvoterlist.uecmyanmar.org/ ဖြစ်သည်။ အဆိုပါဝက်ဘ်ဆိုက်၌ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သည် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်လျက်ရှိရာတွင် အခြေခံမဲဆန္ဒရှင်စာရင်းအား ကွန်ပျူတာစနစ်ဖြင့် ပြုစုခြင်းလုပ်ငန်းစဉ်ကို တစ်နိုင်ငံလုံး ဆောင်ရွက်နေကြောင်းနှင့် မဲဆန္ဒရှင်များအနေဖြင့် မိမိတို့ ရပ်ကွက်နှင့် ကျေးရွာအုပ်စု မဲဆန္ဒရှင်စာရင်းများတွင် မိမိအမည် ပါ မပါနှင့် အချက်အလက်များ မှန်မမှန်ကို ဤဝက်ဘ်ဆိုက်တွင် ဝင်ရောက်စစ်ဆေးနိုင်ကြောင်း ဖော်ပြထားသည်။

ဝက်ဘ်ဆိုက်ကို အသုံးပြု၍ မဲဆန္ဒရှင်စာရင်းတွင် ပါမပါ စစ်ဆေးပါက ပထမအဆင့်အနေဖြင့် မိမိနေထိုင်ရာ မြို့နယ်ကို စစ်ဆေးရမည်ဖြစ်သည်။ အွန်လိုင်းစနစ်တွင် မိမိတို့မြို့နယ်မပါသေးပါက အသုံးပြုနိုင်ဦးမည်မဟုတ်ကြောင်းနှင့် မိမိတို့မြို့နယ်ပါဝင်လာမည့်အချိန်ကို သိရှိလိုပါက သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တိုက်ရိုက်ဆက်သွယ်မေးမြန်းစုံစမ်းရမည်ဖြစ်ကာ ပါဝင်ပြီးမှသာ အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။ မိမိတို့မြို့နယ်သည် အသုံးပြုနိုင်သည့်မြို့နယ်ဖြစ်ပါက အမည်၊ မှတ်ပုံတင်အမှတ်နှင့် မွေးသက္ကရာဇ်များကို ထပ်မံဖြည့်စွက်၍ ရှာဖွေရမည်ဖြစ်သည်။

မေ ၂၆ ရက်က စတင်အွန်လိုင်းဖြစ်သည့်အဆိုပါဝက်ဘ်ဆိုက်တွင် မေ ၂၇ ရက်၌ သန်လျင်၊ သဃ်န်းကျွန်း၊ အင်းစိန်၊ ထန်းတပင်၊ လှိုင်သာယာစသည့် ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ မြို့နယ်အနည်းငယ်အတွက်သာ ရှာဖွေနိုင်သေးသည်ကို တွေ့ရသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည့်စုံမှန်ကန်သည့် မဲဆန္ဒရှင်စာရင်းရရှိရန် ကြိုးပမ်းလျက်ရှိကြောင်း၊ သို့ရာတွင် ကွန်ပျူတာစာရင်းသွင်း၍ မပြီးသေးသော မြို့နယ်များ၏ မဲဆန္ဒရှင်စာရင်းများကို ဤအွန်လိုင်းစနစ်မှ ရှာဖွေ၍မရနိုင်သေးကြောင်းကိုလည်း ဝက်ဘ်ဆိုက်တွင် ဆက်လက်ဖော်ပြထားသည်။

**သူရဖြိုး**


## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနပိုင် အောက်ဖော်ပြပါအဆောက်အအုံ/အခန်းများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ငှားရမ်းမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်-

(က) **ရန်ကုန်တိုင်းဒေသကြီး (ရန်ကုန်မြို့)**
Lot(1) အမှတ် (၅၄၄)၊ ရာဇသင်္ကြန်လမ်း၊ (၅၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်
Lot(2) အမှတ် (၁၃၆/၁၃၈)၊ (၃၅)လမ်း၊ ကျောက်တံတားမြို့နယ်၊ အခန်း(A)
Lot(3) အမှတ် (၁၃၆/၁၃၈)၊ (၃၅)လမ်း၊ကျောက်တံတားမြို့နယ်၊ အခန်း(C)

(ခ) **မန္တလေးတိုင်းဒေသကြီး (မန္တလေးမြို့)**
Lot(4) အမှတ် (၂၆၇)၊ (၂၇)လမ်း၊ (၈၃×၈၄)လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ (ယာဘက်အခန်း)
Lot(5) အမှတ် (၂၆၇)၊ (၂၇)လမ်း၊ (၈၃×၈၄)လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ (ဝဲဘက်အခန်း)

(ဂ) **တင်ဒါပုံစံရောင်းချမည့်ရက်/အချိန်** - ၂၇-၅-၂၀၁၅ ရက်မှ ၃-၆-၂၀၁၅ ရက်အထိ နံနက် ၀၉း၃၀ မှ ၁၆း၃၀ အထိ ကုန်သွယ်ရေးဦးစီးဌာန၊ ရုံးအမှတ်(၃)၊ နေပြည်တော်

(ဃ) **တင်ဒါပိတ်မည့်ရက်/အချိန်** - ၃-၆-၂၀၁၅ရက် ၁၆း၃၀နာရီ

(င) **တင်ဒါပုံစံရောင်းချမည့်နေရာ** - စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ရုံးအမှတ်(၃)၊ နေပြည်တော်

(စ) **တင်ဒါစည်းကမ်းချက်ရှင်းလင်းမည့်ရက်/အချိန်** - ၄-၆-၂၀၁၅ ရက်၊ ၁၂း၀၀ နာရီ

(ဆ) **တင်ဒါတင်သွင်းဖွင့်ဖောက်မည့်ရက်/အချိန်/နေရာ** - ၄-၆-၂၀၁၅ ရက် ၁၃း၀၀ နာရီ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၃)၊ နေပြည်တော်

၂။ တင်ဒါဖွင့်ဖောက်မည့်ရက်တွင် တင်ဒါတင်သွင်းသူကိုယ်တိုင် ဝန်ကြီးဌာန တင်ဒါစိစစ်ရေးအဖွဲ့၏ ရှေ့မှောက်တွင် အဆိုပြုလွှာအား တင်ဒါပုံးအတွင်း ထည့်သွင်းယှဉ်ပြိုင်ရမည်ဖြစ်ပါသည်။

၃။ အဆိုပါ ကုန်သွယ်ရေးဦးစီးဌာနမှ ငှားရမ်းမည့်အဆောက်အအုံ၊ အခန်းများ၏ မျက်မြင်အခြေအနေအား သက်ဆိုင်ရာမြို့နယ်သို့ သွားရောက်ကြည့်ရှုနိုင်ပြီး အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက တင်ဒါပုံစံရောင်းချမည့်နေရာတွင် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၆၇-၄၀၈၄၁၀ သို့ဖြစ်စေ မေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

## အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အားကစားနှင့်ကာယပညာဦးစီးဌာန၊ အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်)တွင် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | ပစ္စည်းအမျိုးအစား | အရေအတွက် |
|---|---|---|
| က။ | အသုံးတူပစ္စည်း | (၁၂)မျိုး |
| ခ။ | ကျောင်းသုံးပစ္စည်း | (၈)မျိုး |
| ဂ။ | အဓိကအားကစားပစ္စည်း | (၁၂)မျိုး |
| ဃ။ | အားကစားနည်း (၃၄)နည်းအတွက် အထောက်အကူပြုပစ္စည်းများ | |
| င။ | အိပ်ရာအသုံးအဆောင်ပစ္စည်း | (၆)မျိုး |

**တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၃-၆-၂၀၁၅ ရက်
**တင်ဒါလျှောက်လွှာပိတ်မည့်အချိန်** ၁၆း၀၀ နာရီ

၂။ တင်ဒါပုံစံနှင့်အသေးစိတ်သိလိုသည့် အချက်အလက်များကို အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) ကျိုက္ကဆံကွင်း၊ တာမွေမြို့နယ်တွင် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၁-၄၀၀၀၃၇၊ ၀၁-၄၀၀၀၀၆ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## ဖခင်အမည်မှန်

ဟုမ္မလင်းမြို့၊ အထက(၁)မှ မောင်မျိုးမင်းကျော် တက္ကသိုလ်ဝင်တန်းနှင့် မောင်မင်းသန့်ကျော် ဆဋ္ဌမတန်းတို့၏ ဖခင်အမည်မှန်မှာ ဦးလင်းမောင် ၅/ဟမလ(နိုင်)၀၅၅၇၂၇ ဖြစ်ပါကြောင်း။

**ဦးလင်းမောင်**

## CLAIMS DAY NOTICE
## M.V GLOVIS PACIFIC VOY:NO (015)

Consignees of cargo carried by M.V GLOVIS PACIFIC VOY:NO (015) are here by notified that the vessel will arrive on about 29-5-15 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 04:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့်တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## တစ်ဦးတည်းဖြစ်ကြောင်း

ကျိုက်မရောမြို့နယ်၊ လက်ပန်ရွာနေ ဦးထွန်းခိုင်၏သား မောင်ပြေငြိမ်းနှင့် မောင်ကျော်ငြိမ်းထွန်းသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**မောင်ပြေငြိမ်း (ခ)**
**မောင်ကျော်ငြိမ်းထွန်း**
**၁၀/ကမရ(နိုင်)၁၃၄၁၉၅**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးစောကြိုင်ထွေး၏သမီး အဝေးသင်တက္ကသိုလ် ဘားအံဌာနခွဲ တတိယနှစ်အင်္ဂလိပ်စာမှ နန်းမီယိုးထိုင်နှင့် နန်းမိုင်းဟောကိုမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**နန်းမီယိုးထိုင်(ခ)နန်းမိုင်းဟောကို**
**၃/ဘအန(နိုင်)၂၇၁၂၇၂**

# ဖွံ့ဖြိုးတိုးတက်မှုအကောင်းဆုံး စံပြကျေးရွာဆုရရှိသည့် "ကူမဲ"

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကိုရှေးရှု၍ အထူးအလေးထားဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ပူးပေါင်းပါဝင်ဆောင်ရွက်သူများကို နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် တတိယအကြိမ်မြောက် နိုင်ငံ့စွမ်းဆောင်ရည်ဆုများကို မေ ၁၅ ရက် ညနေ ၃ နာရီခွဲခန့်က Myanmar Cooperation Center နေပြည်တော်တွင် ဆုချီးမြှင့်ခဲ့ရာ မြန်မာနိုင်ငံအတွင်း ကျေးရွာပေါင်းခြောက်သောင်းကျော်ခန့်ရှိသည့်အနက် ဖွံ့ဖြိုးတိုးတက်မှုအကောင်းဆုံး စံပြကျေးရွာဆုကို မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် ကူမဲကျေးရွာဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုဥက္ကဋ္ဌမှ ဆုချီးမြှင့်ခံခဲ့ရမှုနှင့်ပတ်သက်ပြီး မေးမြန်းခဲ့သည်များကို တင်ပြလိုက်ရပါသည်။



ဦးတင်ထွေး(ကော်မတီဥက္ကဋ္ဌ)

မေး။ ဆရာ့အမည်နှင့်ရာထူးကို ဖြေကြားပေးပါဦး။

ဖြေ။ ဦးတင်ထွေးဖြစ်ပါတယ်။ မြစ်သားမြို့နယ် ကူမဲကျေးရွာရဲ့ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုကော်မတီဥက္ကဋ္ဌဖြစ်ပါတယ်။

မေး။ နိုင်ငံတော်သမ္မတရဲ့ ဖွံ့ဖြိုးတိုးတက်မှုအကောင်းဆုံးစံပြကျေးရွာ ဆုကို ရရှိဖို့အတွက် ဆရာရဲ့ ကြိုးစားမှုကိုလည်း ဖြေကြားပေးပါဦး။

ဖြေ။ ၂၀၁၄ခုနှစ်ကတည်းက ကျွန်တော်တို့ကျေးရွာ ဖွံ့ဖြိုးတိုးတက်မှု အကောင်းဆုံးစံပြကျေးရွာဆု ရရှိဖို့အတွက်ကိုမန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်ရဲ့ လမ်းညွှန်မှုအရ နိုင်ငံတော်သမ္မတကိုယ်တိုင် ပေးအပ်မယ့် နိုင်ငံ့စွမ်းဆောင်ရည်ဆု ခေါင်းစဉ်အောက်မှာရှိတဲ့ ဆုတစ်ဆုကို ရရှိဖို့အတွက် ကြိုးစားယှဉ်ပြိုင်ခဲ့ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ကျေးရွာ ဖွံ့ဖြိုးရေးအနေနဲ့ ပြည့်စုံလုံလောက်မှုမရှိတဲ့အတွက် နိုင်ငံတော်သမ္မတကြီး ရွေးချယ်တဲ့ အကောင်းဆုံးစံပြဆု မရရှိခဲ့ပါဘူး။ သို့သော် ကျွန်တော်တို့ စိတ်ဓာတ်မကျဘဲ ဆက်လက်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြိုးစားခဲ့ပြီးယှဉ်ပြိုင်ခဲ့တာကြောင့် ယခုနှစ်မှာ နိုင်ငံတော်သမ္မတကြီးရဲ့ ဖွံ့ဖြိုးတိုးတက်မှုအကောင်းဆုံးကျေးရွာ စံပြဆုကို ကျေးရွာပေါင်း ခြောက်သောင်းကျော်ရှိတဲ့အနက် ကျွန်တော်တို့ကျေးရွာက ထိုက်ထိုက်တန်တန် ချီးမြှင့်ခြင်းခံခဲ့ရပါတယ်။

မေး။ ဖွံ့ဖြိုးတိုးတက်မှုအကောင်းဆုံးစံပြကျေးရွာဆုရရှိဖို့အတွက် ဆရာတို့အနေနဲ့ ဘယ်အခန်းကဏ္ဍက ပါဝင်ယှဉ်ပြိုင်ခဲ့ပါသလဲ။

ဖြေ။ ကျွန်တော်တို့ကျေးရွာ ဖွံ့ဖြိုးတိုးတက်မှုအကောင်းဆုံးစံပြကျေးရွာဆု ရရှိဖို့အတွက် ကျေးရွာတစ်ရွာမှာ ရှိသင့်ရှိထိုက်တဲ့အရည်အချင်းများဖြစ်တဲ့ လယ်ယာထွက်ကုန်၊ ကုန်ထုတ်လုပ်မှုတန်ဖိုး၊ လူ့စွမ်းအားအရင်းအမြစ်၊ သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး၊ နေ့စဉ်လူတွေနဲ့ အမြဲထိတွေ့နေတဲ့ စာကြည့်တိုက်၊ ဆေးရုံ၊ စာသင်ကျောင်း၊ ရဲစခန်း စသည်များကို စည်းကမ်းစည်းမျဉ်းအတိုင်း ချမှတ်ထားတာတွေ အားလုံးကို ဘောင်ဝင် သွားလို့လည်း ဒီဆုကိုရရှိခဲ့တာပါ။

မေး။ ယခုလို ဖွံ့ဖြိုးတိုးတက်မှုအကောင်းဆုံးစံပြကျေးရွာဆုကို ရယူတဲ့အခါမှာ ဆရာတစ်ဦးတည်း(သို့)ဘယ်နှစ်ဦး သွားယူခဲ့ပါသလဲ။

ဖြေ။ ကျွန်တော်တို့ကျေးရွာ ဖွံ့ဖြိုးတိုးတက်မှုအကောင်းဆုံးစံပြကျေးရွာဆုကို ရယူတဲ့အခါမှာ မြစ်သားမြို့နယ်အုပ်ချုပ်ရေးမှူး ကူမဲကျေးရွာရပ်/ ကျေးအုပ်ချုပ်ရေးမှူးနဲ့ ကျွန်တော်အပါအဝင် သုံးဦးသွားရောက်ဆုယူခဲ့ပါတယ်။

မေး။ ဖွံ့ဖြိုးတိုးတက်မှု အကောင်းဆုံးစံပြကျေးရွာဆုကိုရရှိခဲ့မှုအပေါ် ဆရာ့အနေနဲ့ ဘယ်လိုဝမ်းသာပီတိမျိုး ဖြစ်ပေါ်ခဲ့ပါသလဲ။

ဖြေ။ ဖွံ့ဖြိုးတိုးတက်မှုအကောင်းဆုံးစံပြကျေးရွာဆုကို နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် ပေးအပ်ခဲ့တဲ့အတွက် ဝမ်းသာဂုဏ်ယူမိပါတယ်။ အဓိကက ဘယ်အစိုးရတက်တက် ကျွန်တော်တို့ ကူမဲကျေးရွာလေး ဖွံ့ဖြိုးတိုးတက်မှုများနဲ့ ပြည့်စုံနိုင်အောင် အမြဲတမ်းကြိုးစားနေမှာပါ။ ထို့အတူ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးဥက္ကဋ္ဌတာဝန်ကို ယူထားတဲ့အတွက် အမြဲတမ်းဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တိကျမှန်ကန်စွာ ဆောင်ရွက်နေမှာပါ။ ဖွံ့ဖြိုးတိုးတက်မှုအကောင်းဆုံး စံပြကျေးရွာဆုကိုရရှိပြီး ပြန်လာတဲ့အခါမှာလည်း မြစ်သားမြို့နယ် ကူမဲကျေးရွာမှာရှိတဲ့ ဒေသခံ ပြည်သူများက အားရဝမ်းသာဂုဏ်ယူ ကြိုဆိုနေကြပါတယ်။ ဆက်လက်ပြီးလည်း ကျေးရွာဖွံ့ဖြိုးတိုးတက်မှုအတွက် သက်ဆိုင်ရာတာဝန်ရှိသူများနဲ့ လက်တွဲကာ ဆောင်ရွက်သွားမှာပါ။ အခုဆိုရင် ကျွန်တော်တို့ ကျေးရွာမှာ အစိုးရအထက်တန်းကျောင်းလည်းရှိပါတယ်။ ဒါပေမယ့် ကျောင်းသား ကျောင်းသူဦးရေက ၄၀၀၀ ကျော်ခန့်ရှိပြီး ဆရာ ဆရာမများနည်းနေတာကြောင့် ကလေးများ ပညာရေးအတွက်ရှေးရှုပြီး တာဝန်ရှိသူများက ဆရာ၊ ဆရာမများ ထပ်မံတိုးပေးစေချင်သလို ကျောင်းဆောင်အသစ်များကိုလည်း သက်ဆိုင်ရာတာဝန်ရှိသူများက ပြုလုပ်ဆောင်ရွက်ပေးစေချင်ပါတယ်။

နိုင်ငံတော်သမ္မတ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်းဆုံးစံပြကျေးရွာဆုကို ရရှိခဲ့သော ကူမဲကျေးရွာဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုဥက္ကဋ္ဌနှင့် တွေ့ဆုံမေးမြန်းမှုများကို ရေးသားတင်ပြလိုက်ရပါသည်။

**ကျော်ကျော်(မလှိုင်)**

## ၂၀၁၅ -၂၀၁၆ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ ကျင်းပ

**မူဆယ်**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင်၌ ပညာရေးဝန်ကြီးဌာန ၂၀၁၅-၂၀၁၆ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ကို မေ ၂၅ ရက်က အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပခဲ့ပါသည်။

ရှေးဦးစွာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်းက အမှာစကားပြောကြားပြီး ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့တို့မှလည်း ကျောင်းတော်ပတ်ဝန်းကျင် သာယာစိုပြည်ရေးအတွက် ငွေကျပ် တစ်သိန်း၊ မူဆယ်မြို့မှ ကျောင်းအကျိုးတော်ဆောင်အဖွဲ့များက အထက(၁)၊ (၂)၊ (၃)ကျောင်းတို့အတွက် ကျောင်းသုံးတစ်ယောက်ထိုင် ထိုင်ခုံများဝယ်ယူရန်အတွက် တစ်ကျောင်းလျှင် ငွေကျပ် ၁၅ သိန်းစီကို ခရိုင်ပညာရေးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းကြည်အား ပေးအပ်ခဲ့သည်။ နိုင်ငံတော်အစိုးရအဖွဲ့မှ အခြေခံပညာမူလတန်းကျောင်းများအတွက် အခမဲ့ ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ကျောင်းဝတ်စုံများနှင့် ဗလာစာအုပ်များကို ကျောင်းသားကျောင်းသူများအား တိုက်ရိုက်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

**ကိုမိုင်း(iprd)**

**ရှာင်**

၂၀၁၅ -၂၀၁၆ပညာသင်နှစ် ရှာင်မြို့နယ် မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၅ ရက် က အထက ရှာင် ပြဒါးလင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဦးဗိုလ်သန်းက ကျောင်းအပ်နှံရေးနှင့်ပတ်သက်သည်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ပညာရေးဝန်ကြီးဌာနမှ ထောက်ပံ့သည့် မူလတန်းအဆင့် ကျောင်းသား ကျောင်းသူတစ်ဦးလျှင် ဗလာစာအုပ် ခြောက်အုပ်နှုန်းနှင့် ၅၀၄၆ ဒါဇင်ကိုလည်းကောင်း၊ အခမဲ့ ဖြန့်ဝေသည့် ပြဋ္ဌာန်းစာအုပ်များကို လည်းကောင်း၊ ကျောင်းဝတ်စုံပေါင်း ၉၃၀၀ ကို လည်းကောင်း၊ မြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းဝင်း**

**ဟုမ္မလင်း**

မေ ၂၅ ရက်မှစတင်၍ ဟုမ္မလင်းမြို့နယ်အတွင်းရှိ ကျောင်းများအားလုံးတွင် ကျောင်းလာရောက်အပ်နှံသူများလက်ခံလျက်ရှိရာ ဟုမ္မလင်းမြို့ပေါ်ကျောင်းရှစ်ကျောင်းတွင် ကျောင်းသားမိဘများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ ပျော်ရွှင်စွာဖြင့် ကျောင်းအပ်နှံရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ကျောင်းအပ်နှံရေး ဆောင်ရွက်မှုကို ကျောင်းအပ်နှံရေး သီတင်းပတ်အဖြစ် မေ ၂၅ ရက်မှ ၃၁ ရက်အထိ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။

**လင်းလင်း (ပြန်/ဆက်)**



**ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်း ၂၂ ကျောင်း၊ အလယ်တန်း နှစ်ကျောင်း၊ အထက်တန်း ခြောက်ကျောင်း စုစုပေါင်းကျောင်း ၃၀ တွင် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် မေ ၂၅ ရက်က ကျောင်းသား ကျောင်းသူများ အပ်နှံနေပြီး အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်းတွင် ကျောင်းသား ကျောင်းသူများအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ဖြူဖြူညွန့် ကြီးကြပ်၍ ကျောင်းသုံးဖတ်စာအုပ်များ အခမဲ့ထုတ်ပေးနေစဉ်။**

အောင်သန်း (မင်္ဂလာတောင်ညွန့်)

## မိုးပွင့်(အထူး)စီမံချက်အား အရှိန်အဟုန်တိုးမြှင့်ဆောင်ရွက်



**နေပြည်တော် မေ ၂၇**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် သစ်လေးလုံးကျေးရွာအုပ်စု ပုရွက်ဆိတ်ကုန်းကျေးရွာ၌ မိုးပွင့်အထူးစီမံချက်ကို မေ ၂၄ ရက်က ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

အဆိုပါကျေးရွာနေ အသက်(၇၆နှစ်) အရွယ်ရှိ အဘိုး ဦးမြသောင်းက နိုင်ငံသား စိစစ်ရေးကတ်ပြားရရှိခဲ့မှုအပေါ် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။ One Stop Service ဖြင့် ပြုလုပ်ပြီးစီးခဲ့သော နိုင်ငံသားစိစစ်ရေးကတ်ပြားများကို နေပြည်တော်ကောင်စီဝင်၊ ပျဉ်းမနားမြို့နယ်တာဝန်ခံ ဗိုလ်မှူးကြီးမြင့်အောင်သန်း လှူဒါန်းထားသော ပလတ်စတစ်ကတ်လောင်းစက်ဖြင့် ဒေသခံပြည်သူ ၂၇၈ ဦးကို ပျဉ်းမနားမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှ ဦးစီးမှူး ဦးအောင်နိုင်ဦးနှင့် ဝန်ထမ်းများက နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မျိုးဇေယျာ(ပျဉ်းမနား)**

## မိုးဦးကျနှင့် မိုးရာသီတွင်ဖြစ်ပွားတတ်သော ရောဂါများအတွက် နှိုးဆော်ချက်

၁။ မိုးဦးကျနှင့်မိုးရာသီတွင် အောက်ဖော်ပြပါ ကူးစက်တတ်သော ရောဂါများ ပုံမှန်ဖြစ်ပွားလေ့ရှိပါသည်။

(က) ဝမ်းပျက်ဝမ်းလျှောနှင့် ကာလဝမ်းရောဂါအပါအဝင်ဝမ်းနှင့် ပတ်သက်သည့် ရောဂါများ၊ အသည်းရောင်အသားဝါ ရောဂါနှင့် သံကောင်၊ တုပ်ကောင်ရောဂါများ

(ခ) သွေးလွန်တုပ်ကွေးနှင့်ငှက်ဖျားရောဂါ

(ဂ) တုပ်ကွေး၊ နှာစေးချောင်းဆိုးနှင့်အဆုတ်အအေးမိရောဂါ

၂။ ဖြစ်ပွားရသည့် အကြောင်းရင်းများမှာ

(က) မိုးဦးကျလာပြီဖြစ်၍ လှိုင်လှိုင်ပေါလာသည့် အချိုဓာတ်ပါသော သရက်သီး၊ ပိန္နဲသီး၊ ဖရဲသီး၊ ကြက်မောက်သီး၊ မင်းကွတ်သီး စသည့်သစ်သီးဝလံများ၏ အခွံအစေ့ စသည်များကို စည်းကမ်းမဲ့ မဆင်မခြင်စွန့်ပစ်ခြင်းကြောင့် ယင်ပေါက်ပွား၍ ယင်ပေါများခြင်း၊

(ခ) ရာသီစာအမှည့်လွန်အသီးများကို စားသုံးခြင်း၊

(ဂ) မိုးရွာပြီးရေတင်ရေဝပ်သဖြင့် ရေအိုင်ရေဗွက်ဖြစ်၍ ရေမြောင်းပိတ်ခြင်းနှင့် ချုံနွယ်ပိတ်ပေါင်းထူထပ်၍ ခြင်ပေါက်ပွားခြင်း၊

(ဃ) ရာသီဥတုအပြောင်းအလဲဖြစ်၍ အပူလျှပ်ခြင်း၊ အအေးပတ်ခြင်း၊

(င) ပတ်ဝန်းကျင်သန့်ရှင်းမှုနှင့်တစ်ကိုယ်ရေသန့်ရှင်းမှုနည်းပါးခြင်း၊

(စ) ကျန်းမာရေးနှင့်ညီညွတ်သည့် အသိပညာနှင့် အလေ့အကျင့်အားနည်းခြင်း၊

၃။ အောက်ဖော်ပြပါတို့ကို လိုက်နာကျင့်သုံးခြင်းဖြင့် ဖော်ပြပါရောဂါများ ကူးစက်ပျံ့နှံ့ခြင်းမှ ကာကွယ်တားဆီးနိုင်မည်ဖြစ်ကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။

(က) အမှည့်လွန်အသီးများကို စားသုံးခြင်းမှရှောင်ကြဉ်ပါ၊

(ခ) ယင်နားစာများကို မဆင်မခြင်စားသုံးခြင်းမှ ရှောင်ကြဉ်ပါ၊

(ဂ) စားကြွင်းစားကျန် အမှိုက်သရိုက်များနှင့် အညစ်အကြေးကို စည်းကမ်းမဲ့ စွန့်ပစ်ခြင်းမှရှောင်ကြဉ်ပါ၊

(ဃ) မိမိတို့မိသားစုတွင် ကျန်းမာရေးအသိပညာ ဖြန့်ဝေပါ၊ လိုက်နာကျင့်သုံးပါ၊

(င) တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုပြုလိုက်နာဆောင်ရွက်ပါ၊

(စ) ရေကိုကျိုချက်၍ သောက်ပါ၊

(ဆ) လတ်ဆတ်သန့်ရှင်းသည့် အသီးအနှံနှင့် အစားအစာ များကို ပူပူနွေးနွေး ချက်ပြုတ်စားသုံးပါ၊

(ဇ) ရာသီဥတုအပူအအေး အပြောင်းအလဲကိုသတိရှိပါ၊

(ဈ) ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းနှင့် ခြင်၊ ယင်နှိမ်နင်းရေးလုပ်ငန်းများကို အမျိုးသားရေးအမြင်ဖြင့် ဝိုင်းဝန်းစုပေါင်းဆောင်ရွက်ပါ၊

(ည) ရောဂါတစ်မျိုးမျိုးဖြစ်ပွား ပျံ့နှံ့လာပါက ကျန်းမာရေးဌာနသို့ အမြန်ဆုံးသတင်းပို့ပါ၊

(ဋ) လိုအပ်ပါက နီးရာဆေးပေးခန်း၊ ဆေးရုံများသို့ အချိန်မီသွားရောက် ပြသစစ်ဆေးကုသမှုခံယူပါ၊

**ကျန်းမာရေးဝန်ကြီးဌာန**

# ကျူးကျော်ယာများတွင် အစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းများ တည်ထောင်

**မြစ်သား မေ ၂၇**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် သစ်တောဦးစီးဌာနက ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ကျူးကျော်ယာများတွင် ဒေသခံပြည်သူများကို အစုအဖွဲ့ပိုင်သစ်တောစိုက်ခင်းများ တည်ထောင်ပေးခဲ့ကြောင်း သိရသည်။

"မြစ်သားမြို့နယ်မှာ ကျူးကျော်ယာ ၁၅၅ ဒသမ ၄၅ ဧကရှိပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ကျူးကျော်ယာတွေမှာ ဒေသခံပြည်သူ အစုအဖွဲ့ ပိုင်သစ်တောစိုက်ခင်းတွေကို တည်ထောင်ခွင့်လက်မှတ်ထုတ်ပေးပြီးတာဟာ စာရင်းအရ ၁၅၆ ဒသမ ၁၇ ဧကဖြစ်ပါတယ်။ ဒေသခံပြည်သူတွေ လုပ်ကိုင်ရမယ့် နည်းစနစ်ဟာ သီးနှံသစ်တောရောနှောစိုက်ပျိုးရမယ့် နည်းစနစ်ပါ။ ထို့အတူ သဘာဝပတ်ဝန်းကျင်ကိုထိန်းသိမ်းပြီး သစ်တောပြုန်းတီးမှုမရှိစေဖို့ ကျွန်တော်တို့မြို့နယ်သစ်တောဦးစီးဌာနက ၂၀၁၄-၂၀၁၅ ခုနှစ်အတွင်း ကျွန်း၊ သစ်မာ၊ အခြားသစ် ၇၇ ဒသမ ၀၂၆ တန်ကို ၂၈ ကြိမ်တိုင် ဖမ်းဆီးသိမ်း ဆည်းခဲ့ပါတယ်"ဟု မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးမျိုးထက်က ဆိုသည်။

ဆက်လက်၍ မြစ်သားမြို့နယ် ကျီတိုင်ကျေးရွာအုပ်စု ဖိုးအင်ကျေးရွာရှိ ဒေသခံ ပြည်သူများကလည်း " ၁၉၈၀ ခုနှစ်လောက်က မီးသွေး၊ ထင်းလိုအပ်ချက် ကြောင့် ကျွန်တော်တို့ ကျေးရွာအပါအဝင် အနီးအနားမှာရှိတဲ့ သစ်တောတွေပြုန်းတီးလာပါတယ်။ နောက် ကျွန်တော်တို့ကျေးရွာအပါအဝင် အနီးအနား ကျေးရွာတွေလာ ကျေးရွာသူ ကျေးရွာသားတွေဟာ သဘာဝပတ်ဝန်းကျင်ကို သိရှိလာပြီး သဘာဝတောဧက ၂၀၀ ကျော်လောက်ကို ထိန်းသိမ်းခဲ့တယ်။ ထိန်းသိမ်းပြီးနောက်ပိုင်း ကျွန်တော်တို့ကျေးရွာမှာ ရေထွက် တစ်ခုထွက်လာပါတယ်။ ထွက်တဲ့ ရေက ရေပူရေအေးနှစ်မျိုးစလုံး ထွက်ပါတယ်။ ရေထွက်ကရေကိုတစ်ရွာလုံး သောက်သုံးရေ၊ စိုက်ပျိုးရေရရှိပြီး နွေ၊ မိုး၊ ဆောင်းသုံးရာသီလုံး စိုက်ပျိုးနိုင်ပါတယ်။ အခုဆိုရင် မြို့နယ် သစ်တောဦးစီးဌာနက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းဖို့ ဟောပြောပွဲတွေ ပြုလုပ်လာချိန်တွင် ကျွန်တော်တို့ကျေးရွာက ဒေသခံတွေလည်း ခေတ်အဆက်ဆက်က ထိန်းသိမ်းလာခဲ့တဲ့ သဘာဝတောလေးကို ဒေသခံစု ဖွဲ့ပိုင်သစ် တောစိုက်ခင်း



တည်ထောင်နိုင်တယ်ဆိုတဲ့ အသိပညာရရှိလာခဲ့ပါတယ်။

ယခုအခါ အသုံးပြုသူများအဖွဲ့ ဖွဲ့ပြီးပြီလည်းဖြစ်ပါတယ်။ သစ်တောကြိုးဝိုင်းအတွင်း ပါဝင်မှုမရှိတဲ့အတွက် သက်ဆိုင်ရာဌာနတွေနဲ့ ညှိနှိုင်းပြီး အစုအဖွဲ့ပိုင်သစ်တောစိုက်ခင်းတွေ တည်ထောင်ခွင့်ပြု လျှောက်လွှာကို သက်ဆိုင်ရာဌာနများကို တင်ပြသွားမှာဖြစ်ပါတယ်။ မြစ်သားမြို့နယ်မှာဆိုရင် ကြိုးဝိုင်းအနေနဲ့ ပြက္ခယွေကြိုးဝိုင်း၊ မောင်းကွေး ကန်ကြိုးဝိုင်း နှစ်ခုရှိပါတယ်။ ဒါ့ကြောင့် အခုအခါ ကျွန်တော်တို့ကျေးရွာက ဒေသခံများဟာ သစ်တောတွေ ပြုန်းတီးမှုမရှိစေအောင် ထိန်းသိမ်းခဲ့တာကြောင့် စိုက်ပျိုးရေကို လုံလောက်စွာရရှိခဲ့တဲ့အတွက် စီးပွားရေးဖွံ့ဖြိုး တိုးတက်လျက်ရှိပါတယ်။ ထို့ကြောင့် သဘာဝတောတွေကို ယခုအခါမှာ အသက်ပေးကာကွယ် စောင့်ရှောက်သွားမှာပါ"ဟု အဆိုပါကျေးရွာမှ ဒေသခံပြည်သူများက ပြောကြားသည်။

**ကျော်ကျော်(မလှိုင်)**



ဝါရင့်သတင်းစာဆရာ စာရေးဆရာကြီး မေမြို့ချစ်ဆွေသည် လေဖြန်းသော ရောဂါဝေဒနာဖြစ်ပွားသဖြင့် မေ ၁၄ ရက်က မန္တလေးမြို့ ပြည်သူ့ဆေးရုံကြီး ကိုးထပ်ဆောင် ဖျားနာဆောင်(၁) ငါးလွှာ အခန်း ၁၃ တွင် တက်ရောက် ဆေးဝါးကုသမှုခံယူလျက်ရှိရာ အထက်မြန်မာပြည် သတင်းစာဆရာများအသင်း ဥက္ကဋ္ဌ ဦးဌေးအောင်နှင့် အမှုဆောင် လူကြီးများက ဆရာမေမြို့ချစ်ဆွေအား ငွေကျပ်ငါးသောင်း ဂါရဝပြုထောက်ပံ့ပေးအပ်စဉ်။

စိုးဝင်းဗိုလ်

# လူမှုဝန်ထမ်းဦးစီးဌာနမှ မျက်မမြင်သင်တန်းသားများခေါ်ယူ

**ရန်ကုန် မေ ၂၇**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှု ဝန်ထမ်းဦးစီးဌာန မျက်မမြင်ကျောင်း(ကြည့်မြင်တိုင်) နှင့်မျက်မမြင်ကျောင်း (စစ်ကိုင်း) တို့တွင် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် စာပေနှင့် အသက်မွေးဝမ်းကျောင်း ပညာသင်ကြားလိုသော အိမ်ထောင်မရှိသူ မျက်မမြင် အမျိုးသား၊ အမျိုးသမီး (လူမျိုးဘာသာမရွေး) စည်းကမ်းသတ်မှတ်ချက်နှင့် ညီညွတ်သူများ လျှောက်ထားနိုင်သည်။

လျှောက်ထားသူသည် လုံးဝမျက်မမြင်သူများ၊ အနည်းငယ်မြင်သူများ(အမြင်အား ၃/၁၀ ထက် မပိုရ)သောသူများ၊ ကုသ၍မရနိုင်သည့် မျက်မမြင်များဖြစ်ပြီး စာပေနှင့်လက်မှုပညာများကို သင်ယူလိုစိတ်ရှိပြီး ကိုယ်စိတ်ကျန်းမာသူ ဖြစ်ရမည်။ အသက် ၆ နှစ် မှ ၁၈ နှစ် အတွင်း ဖြစ်ရမည့်ဖြစ်ပြီး မိဘ (သို့မဟုတ်) အုပ်ထိန်းသူ ရှိရမည်။

အထက်ပါအချက်အလက်နှင့် ပြည့်စုံသူများသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန မျက်မမြင်ကျောင်း အမှတ်-၁၃၂ ပန်းပင် ကြီးလမ်း ကြည့်မြင်တိုင်မြို့နယ် ရန်ကုန်မြို့သို့လည်းကောင်း၊ မျက်မမြင်ကျောင်း မြို့သစ်ရပ်ကွက် မရှိခဏဘုရားအနီး စစ်ကိုင်းမြို့သို့ လည်းကောင်း၊ တိုက်ရိုက် ဖြစ်စေ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ လူမှုဝန်ထမ်းရုံးများမှ တစ်ဆင့်ဖြစ်စေ သွားရောက်စုံစမ်းနိုင်သည်။ သင်တန်း တက်ရောက်ခွင့်ရှိပါက သင်တန်းသား၏ စားဝတ်နေရေးအားလုံးကို နိုင်ငံတော်က တာဝန်ယူမည် ဖြစ်သည်။ ကျောင်းဝင်ကြေးနှင့် ကျောင်းလခ ပေးရန်မလိုကြောင်း သိရသည်။ လျှောက်လွှာများကို ၂၀၁၅ ခုနှစ် ဇွန် ၁ ရက်မှ စ၍ လျှောက်ထားနိုင်သည်။

အသေးစိတ် သိလိုပါက လူမှုဝန်ထမ်းဦးစီးဌာန ဖုန်း ၀၆၇-၄၀၄၂၉၄၊ ကြည့်မြင်တိုင် မျက်မမြင်ကျောင်း ဖုန်း ၀၁-၅၃၅၅၄၈၊ ၅၃၈၃၀၉ နှင့် စစ်ကိုင်းမျက်မမြင်ကျောင်း ဖုန်း ၀၇၂-၂၂၂၃၇၊ ၀၉-၉၁၀၃၃၇၃၆ တို့ကို ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# အခြေခံလေကြောင်းလူငယ်မောင်မယ်များအား ဂုဏ်ပြု

**ဟုမ္မလင်း မေ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းလေတပ်စခန်းဌာနချုပ်မှ ကြီးမှူးကျင်းပသော တံခွန်စိုက်ဆုရ အမှတ်စဉ်(၁/၂၀၁၅) အခြေခံလေကြောင်းလူငယ်မောင်/မယ်များအား ဂုဏ်ပြုပွဲကို မေ ၂၅ ရက်က ဟုမ္မလင်းလေတပ်စခန်းဌာနချုပ်ခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် ဟုမ္မလင်းလေတပ်စခန်းဌာနချုပ်ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဇော်စန်းမြင့်က ဂုဏ်ပြုအမှာစကားပြောကြားသည်။

အဆိုပါ သင်တန်းတွင် တံခွန်စိုက်ဆုရ မောင်/မယ်များအား လေတပ်စခန်းဌာနချုပ်မှူးကလည်းကောင်း၊ ထူးချွန်ဆုရလေကြောင်း လူငယ်မောင်/မယ်များအား ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသူရကလည်းကောင်း၊ ဘက်စုံတံခွန်စိုက်ဆုရသူများအား မြို့နယ် ပညာရေးမှူးကလည်းကောင်း၊ နည်းပြဆရာ၊ ဆရာမများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုနှင့်အမှတ်တရလက်ဆောင်များ ပစ္စည်းများပေးအပ်ခဲ့ကြောင်း သိရသည်။

**လင်းလင်း(ပြန်/ဆက်)**

# နတ်တောင်ကျေးရွာသို့ သောက်ရေများလှူဒါန်း

**စဥ့်ကူး မေ ၂၇**

ပြင်ဦးလွင်ခရိုင် စဥ့်ကူးမြို့နယ်တွင် နွေကာလ သောက်ရေရှားပါးသော နတ်တောင်ကျေးရွာသို့ စဥ့်ကူးမြို့မှ လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကမိသားစုအလှူရှင်များ၊ အရာရှိ၊ အရာခံ ဝန်ထမ်းမိသားစုများနှင့် စေတနာရှင်ရပ်ကွက်သူ၊ ရပ်ကွက်သားများ စုပေါင်း၍ နေ့စဉ်လိုလို ရေဂါလန် ၁၆၀၀ ဆံ့ ရေသယ်ဘောက်ဆာကားများဖြင့် သွားရောက်လှူဒါန်းလျက်ရှိကြောင်း သိရသည်။

အဆိုပါကျေးရွာတွင်လူနေအိမ်ခြေ ၄၂၀၊ အိမ်ထောင်စု ၃၆၀ နှင့် လူဦးရေ ၁၃၂၀ ခန့်ရှိပြီး သောက်သုံးရေရရှိရန် ရေတွင်း၊ ရေကန်များ ရှိသော်လည်း သောက်သုံး၍မရသည့် ထုံးဓာတ်များလွန်ကဲစွာ ပါရှိနေသော မသန့်ရှင်းသည့်ရေများသာထွက်ရှိသဖြင့် သောက်ရေနှင့်သုံးရေများ လိုအပ်လျက်ရှိကြောင်း သိရသည်။

စဥ့်ကူးမြို့နယ် နတ်တောင်ကျေးရွာသည် နွေရာသီတွင် နှစ်စဉ်နှစ်တိုင်း သောက်ရေရှားပါးသည့် ကျေးရွာဖြစ်သဖြင့် စဥ့်ကူးမြို့နှင့် မြို့နယ်တွင်းမှ ရေအလှူရှင်များက နှစ်စဉ် နှစ်တိုင်း အဆိုပါကျေးရွာနေ ပြည်သူများအတွက် သောက်သုံးရေများ သွားရောက်လှူဒါန်းကြလေ့ရှိသည်။

ယခုနှစ်တွင် ထိုကဲ့သို့ သောက်သုံးရေများ သွားရောက်လှူဒါန်းလိုသူများအတွက်အဆင်ပြေ လွယ်ကူစေရန် စဥ့်ကူးမြို့နယ် မီးသတ်ဦးစီးဌာနက ရေဂါလန် ၁၆၀၀ ဆံ့ မီးသတ်ယာဉ်များဖြင့် အခမဲ့အကူအညီပေးလျက်ရှိကြောင်းနှင့် စေတနာရှင် အလှူရှင်များအနေဖြင့် သွားရောက်လှူဒါန်းနိုင်ကြကြောင်း သိရသည်။

**ဝင်းမောင်(စဥ့်ကူး)**

# မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနေ့ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်

**မန္တလေး မေ ၂၇**

၂၀၁၅ ခုနှစ် ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အဖြစ် ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲများကို မေ ၂၃ ရက် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ အမှတ်(၁၄)အခြေခံပညာအထက်တန်းကျောင်း ပန်းမျိုးတစ်ရာခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းတို့မှ ပန်းချီနှင့် ကာတွန်းပြိုင်ပွဲတို့တွင် ၅၈ ဦးစီနှင့် ပိုစတာပြိုင်ပွဲတွင် ၂၉ ဦးတို့ ပြိုင်ပွဲဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ပြိုင်ပွဲသို့ မန္တလေးတိုင်းဒေသကြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးဝင်းရှိန်၊ တိုင်းဒေသကြီး တားဆီးကာကွယ်ရေး ကော်မတီဝင်များ ဆပ်ကော်မတီမှ တာဝန်ရှိ သူများက ပြိုင်ပွဲဝင်ယှဉ်ပြိုင်မှု လက်ရာများကို ကြည့်ရှုအားပေးခဲ့ကြကြောင်းနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲကို မေ ၂၄ ရက်က အဆိုပါကျောင်း၌ ဆက်လက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှု ဆရာဖြစ်သင်တန်းဆင်း

**ကော့ကရိတ် မေ ၂၇**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်အတွင်းရှိ အခြေခံပညာသင်ကျောင်းများတွင် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုများ သင်ကြားနိုင်ရေးအတွက် ဖွင့်လှစ်ခဲ့သော ပအိုဝ်း တိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှု ဆရာဖြစ်သင်တန်း အပတ်စဉ်(၄)ဆင်းပွဲကို မေ ၂၄ ရက်က ရေကျော်ကြီးကျေးရွာ မူလတန်းလွန်ကျောင်း၌ ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီး ဦးခွန်သန်းမြင့်၊ ခရိုင်ပညာရေးမှူး ဦးမင်းစိုးမြင့်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်လင်းဦးတို့က အမှာစကားပြောကြားပြီး တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်၊ သင်တန်းဆရာဂုဏ်ပြုလက်မှတ်နှင့် ပအိုဝ်းတိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုရုံးဆောက်လုပ်ရန် ရန်ပုံငွေထည့်ဝင်လှူဒါန်းသူများအား ဂုဏ်ပြုလွှာများပေးအပ်ခဲ့သည်။ အဆိုပါသင်တန်းသို့ ကော့ကရိတ်မြို့နယ်အတွင်းရှိ ပအိုဝ်းကျေးရွာခုနစ်ရွာမှ အခြေခံပညာကျောင်း ဆရာ ဆရာမများ တက်ရောက်ခဲ့ကြသည်။ **တင်ဝင်းလှိုင်(ကော့ကရိတ်)**

## ကျေးရွာချင်းဆက်ကွန်ကရစ်လမ်း ခင်းကျင်းပြီးစီး

**ဖျာပုံ မေ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် တင်ပုလွဲကျေးရွာနှင့် ဓမင်းဆိပ်ကျေးရွာ ဆက်သွယ်သည့် ကျေးရွာချင်းဆက် ကွန်ကရစ်လမ်း ခင်းကျင်းပြီးဖြစ်သဖြင့် မေ ၂၅ ရက်က ဖွင့်လှစ်ခဲ့သည်။

အဆိုပါ ကျေးရွာချင်းဆက်လမ်းသည် အရှည်ပေ ၃၆၀၀၊ အမြင့်ခြောက်လက်မ၊ အကျယ်လေးပေရှိ ကွန်ကရစ်လမ်းဖြစ်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ ၉၃ သိန်းနှင့် ဒေသခံပြည်သူများ စုပေါင်းထည့်ဝင်ငွေဖြင့် ခင်းကျင်းခဲ့ခြင်းဖြစ်သည်။ လမ်းဖွင့်ပွဲတွင် တင်ပုလွဲကျေးရွာ အောင်မြေသာစည်ကျောင်းဆရာတော်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် သီရိပျံချီ ဦးစိုးနိုင်၊ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှူး ဦးကြည်စောနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီမှ တာဝန်ရှိသူတစ်ဦးက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဓမင်းဆိပ်-တင်ပုလွဲ ကျေးရွာချင်းဆက်လမ်း ကောင်းမွန်လာသည့်အတွက် ဒေသခံပြည်သူများ၏ လမ်းပန်းဆက်သွယ်ရေး လွယ်ကူအဆင်ပြေလာမည့်အပြင် ပင်လယ်ထွက်ပေါက် ရွာတစ်ရွာဖြစ်နေသည့် ဓမင်းဆိပ်ကျေးရွာအနေဖြင့် ရုတ်တရက် သဘာဝဘေး ကြုံတွေ့ရပါက တင်ပုလွဲကျေးရွာရှိ Cyclone Shelter သို့ အလွယ်တကူ သွားရောက်ခိုလှုံနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

## မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့တွင် ကျောင်းဝတ်စုံများနှင့် ဗလာစာအုပ်များ ထောက်ပံ့ပေးအပ်

**မြင်းမူ မေ ၂၇**

၂၀၁၅-၂၀၁၆ ပညာသင်နှစ် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားနှင့် ကျောင်းဝတ်စုံများ၊ ကျောင်းသုံးဗလာစာအုပ်များ ထောက်ပံ့ပေးအပ်ပွဲကို စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့ အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ မေ ၂၅ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသောင်းမြင့်နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးသိန်းဇော်တို့က အမှာစကားပြောကြားကြပြီး မြို့နယ်ပညာရေးမှူး ဒေါ်ကြည်ကြည်မာက ကျောင်းနေအရွယ်ကလေးအားလုံး ရာနှုန်းပြည့်ကျောင်းအပ်နှံရေးအတွက် စီမံဆောင်ရွက်ထားမှုများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌက အလှူငွေကျပ် သုံးသိန်းကို မြို့နယ်ပညာရေးမှူးထံသို့လည်းကောင်း၊ ပညာရေးဝန်ကြီးဌာနနှင့် မြို့မိမြို့ဖများ အလှူရှင်များက ကျောင်းဝတ်စုံများနှင့် ကျောင်းသုံးဗလာစာအုပ်များကို သက်ဆိုင်ရာကျောင်းများမှ ကျောင်းအုပ်ကြီးများထံသို့ လည်းကောင်း ထောက်ပံ့လှူဒါန်းခဲ့သည်။

ပြီးခဲ့သည့် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် မြင်းမူမြို့နယ်အနေဖြင့် ကျောင်းအပ်နှံမှု ၉၇ ဒသမ ၂၆ ရာခိုင်နှုန်း ရှိခဲ့ပြီး မူလတန်းကျောင်းသား၊ ကျောင်းသူများအတွက် ဗလာစာအုပ် ၄၄၁၄ ဒါဇင်နှင့် ပညာသင် ထောက်ပံ့ကြေး စုစုပေါင်းကျပ် ၈ ဒသမ ၈၂၇ သန်း ထောက်ပံ့ပေးခဲ့သည်။ ယခု ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် လာရောက်ကျောင်းအပ်နှံသော ကျောင်းသား ကျောင်းသူတစ်ဦးလျှင် ဗလာစာအုပ်နှင့် စာရေးကိရိယာများအပြင် ကျောင်းဝတ်စုံများလည်း ထောက်ပံ့ပေးလျက်ရှိသည်။ **အောင်စိုးဖေ(iprd)**




## တရုတ်ဘက်မှ တရားမဝင်ဝယ်ယူနေခြင်းက အသေးစားဆန်ကုန်သည်များအတွက်ပို၍ အဆင်ပြေသည်ဟုဆို

**မန္တလေး မေ ၂၇**

တရုတ်နိုင်ငံသို့ တင်ပို့နေသည့် SME အသေးစားဆန်ကုန်သည်များသည် ငွေကို အချိန်ကြာ ရင်းနှီးထားနိုင်ခြင်းမရှိ၍ တရုတ်အစိုးရမှ တရားဝင်ခွင့်ပြုပေးခြင်းမရှိသေးဘဲ ဝယ်ယူနေခြင်းက ပို၍ အဆင်ပြေကြောင်း မန္တလေးဆန်ကုန်သည်များအသင်း ဥက္ကဋ္ဌ ဦးအောင်သန်းထွန်းက ပြောသည်။

"တရားဝင်ဖြစ်သွားလို့ စာချုပ်ချုပ်လိုက်ရင် ဥပမာ တန် ၅၀၀၀ ဆိုရင် (အိတ်တစ်သိန်း) ချုပ်မယ်ဆိုပါတော့၊ ကုန်သည်စုပေါင်းလုပ်ရမယ်၊ လူများရင် စကားများလာမယ်၊ အိတ်တစ်သိန်း အသံကြားတာနဲ့ ဈေးကတက်ပြီ၊ တောင်သူကလည်း မရောင်းတော့ဘဲ ထိန်းထားမယ်" ဟု ၎င်းက ပြောသည်။

တရားဝင်ဝယ်ယူပါက နှစ်ဖက်စာချုပ်ချုပ်ဆိုပြီးချိန်တွင် ဝယ်လိုအားကိုသိရှိသွား၍ ပြည်တွင်းဆန်ဈေးကွက်တွင်စာချုပ်ပါ ဈေးနှုန်းထက် မြင့်သွားနိုင်ကြောင်း၊ လက်ရှိတွင် ဆန်တန်ချိန် ၈၀၀၀ ဝယ်ယူရန် ကမ်းလှမ်းမှုများကြောင့် ဆန်ဈေးတက်နေကြောင်း သိရသည်။

"တစ်လကို ဆန်အိတ်တစ်သောင်းကနေ တစ်သိန်းလောက်ဝယ်နိုင်တဲ့ SME (အသေးစား)တွေက တရုတ်ဘက်က တရားမဝင်ဝယ်တာကို ပိုကြိုက်တယ်။ ဒိုင်းမွန်းစတား၊ ရွှေဝါရောင် အဲဒီကုမ္ပဏီကြီးတွေက ကမ္ဘာမှာရောင်းချတဲ့ပုံစံကို အသားကျပြီးသားဆိုတော့ တရားဝင်စာချုပ်နဲ့ ရောင်းတဲ့စနစ်ကို ကြိုက်တယ်။ ဘာကြောင့်လဲဆိုရင် RISK မပါချင်ဘူး။ ငွေကို တောင့်ခံနိုင်တယ်" ဟု ဆန်ကုန်သည် ဦးမိုက်က ပြောသည်။

လက်ရှိအချိန်တွင် မူဆယ်သို့ တစ်ရက်လျှင် ဆန်အိတ် ၃၀၀၀ တင်ပို့ခြင်းဖြင့် တစ်လပြည့်လျှင် ဆန်အိတ်တစ်သိန်းနီးပါးတင်ပို့ပြီးဖြစ်၍ ငွေလည်ပတ်နိုင်ကြောင်း၊ တရားဝင်သဘောတင်စနစ် ဖြင့် ရောင်းချလျှင် စာချုပ်ပါ ဆန်တန်ချိန် အားလုံး သဘောပေါ်ရောက်မှ တစ်ဖက်နိုင်ငံက ငွေလွှဲရရှိခြင်းကြောင့် ဆန်ဝယ်သူစုဆောင်းချိန်နှင့် သဘောတင်ချိန်တို့အတွက် ပေးရသည့်အချိန်အတွင်း ငွေရင်းနှီးထားရကြောင်း သိရသည်။

" FOB နဲ့ ဆန် ရောင်းရမယ်ဆိုရင် သင်္ဘောတင်ဖို့ အိတ်တစ်သိန်းအတွက် ငွေရှိရမှာ။ ကားထောင်ထားသူတွေလည်း FOB အရ သင်္ဘောနဲ့ တင်ပို့ရမယ်ဆိုရင်အကုန်လုံး ရောင်းရမှာ မဟုတ်ဘူး" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

မြန်မာနိုင်ငံမှ နိုင်ငံပေါင်း ၃၀ ဝန်းကျင်သို့တင်ပို့သည့် ဆန်မက်ထရစ်တန်ချိန်မှာ ၂၀၁၂ က ၁ ဒသမ ၆ သန်း၊ ၂၀၁၃တွင် ၁ ဒသမ ၂သန်း၊ ၂၀၁၄တွင် ၁ ဒသ၀မ ၃၉ သန်းဖြစ်ရာ တရုတ်နိုင်ငံက အများဆုံးဝယ်ယူပြီး ၅၀ ရာခိုင်နှုန်းအထက်ရှိ၍ မူဆယ်နယ်စပ်ပေါက်မှ တရုတ်ကုန်သည်များက တရားမဝင် ဝယ်ယူနေခြင်းဖြစ်ကြောင်း သိရသည်။ **ခိုင်ဆက်ဝေ**

## မန်ကျည်းရွက်နု ပေါ်ချိန်တွင် အလုပ်သမားရှားပါးမှု ကြုံနေရ

**မလှိုင် မေ ၂၇**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်တွင် မန်ကျည်းရွက်နုများပေါ်ပြီး ဈေးကောင်းရသည့်အချိန်ဖြစ်သဖြင့် လက်လုပ်လက်စားအလုပ်သမားများ၊ နေ့စားအလုပ်သမားများအနေဖြင့် မန်ကျည်းရွက်နု ခူးရောင်းသည့် အလုပ်ကိုသာ လုပ်နေကြရာ စိုက်ပျိုးရေးလုပ်ငန်းများအပါအဝင် အခြားလုပ်ငန်းခွင်အမျိုးမျိုးတွင် အလုပ်သမားရှားပါးမှု ကြုံတွေ့နေရကြောင်းသိရသည်။

"ဒီအချိန်က စိုက်ချိန်ပျိုးချိန်လေ။ မိုးကျတာနဲ့ တစ်ပြိုင်နက် တောင်သူတိုင်းက နှမ်းစိုက်ပဲစိုက် စိုက်ကြပြီး နေ့စားအလုပ်သမား မဖြစ်မနေ ခေါ်ကြရတယ်။ အလုပ်သမားတစ်ယောက်ကို တစ်နေ့နှစ်ထောင်ကျပ်ပေးရတယ်။ မန်ကျည်းရွက်နုခူးရောင်းရင် တစ်နေ့ကို ၇၀၀၀ ကနေ ၈၀၀၀ ကျပ်လောက်အထိရနေတော့ စိုက်ပျိုးဖို့ နေ့စားလိုက်လုပ်မယ့်လူ မရှိတော့ဘူး။ မန်ကျည်းရွက်ပဲ လည်ခူးနေကြတယ်။ သစ်ပင်မတက်နိုင်သူလောက်ပဲ ခေါ်လို့ရလို့ စိုက်ရေးပျိုးရေးအတွက် အလုပ်သမားရှားပါးနေပါတယ်" ဟု ဒေသခံ တောင်သူတစ်ဦးက ပြောပြသည် ။

ဒေသခံပန်းရန်ဆရာတစ်ဦးကလည်း"ကျွန်တော့်ဆီမှာ အုတ်သယ်၊ ကျောက်သယ်၊ မဆလာသယ်တဲ့ အလုပ်သမားတစ်ယောက်ကို တစ်ရက် ၂၅၀၀၊ ၃၀၀၀ ကျပ် ပေးပါတယ်။ ခုလို မန်ကျည်းရွက်ပေါ်ချိန်ဆို အလုပ်သမားက မလိုက်ချင်ကြဘူး။ မန်ကျည်းရွက်ကို နယ်အနှံ့ ဆိုင်ကယ်နဲ့သွားပြီး လိုက်ခူးကြတယ်။ ဒီအချိန်ဆို အလုပ်သမားရှားလို့ လုပ်ငန်းတွေကိုတောင် လာအပ်သလောက် လက်မခံရဲဘူး။ ရွေးပြီးလက်ခံနေရပါတယ်"ဟု ပြောပြသည်။

မလှိုင်မြို့နယ်၌ မန်ကျည်းရွက်နု တစ်ပိဿာကို ယခင်က ကျပ် ၇၀၀၊ ၈၀၀ ခန့်နှုန်းဖြင့်ရောင်းချရပြီး ယခုအချိန်တွင် တစ်ပိဿာကို ကျပ် ၄၀၀၊ ၄၅၀ ခန့်ဖြင့် ရောင်းချနေရသည်။ လူတစ်ယောက် တစ်နေ့ကုန်ခူးပါက ၁၀ ပိဿာမှ ၁၂ ပိဿာကြား ခန့်ရရှိသဖြင့် အခြားအလုပ်များထက် ဝင်ငွေပိုရသောကြောင့် မန်ကျည်းရွက်နုခူးသည့်အလုပ်ကို လုပ်ကြသူ များနေခြင်းဖြစ်သည်။ ခူးပြီးသော မန်ကျည်းရွက်နုများကို မန်ကျည်းချဉ်သိပ်သူများက ရသလောက်ဝယ်ယူနေကြကြောင်း သိရသည်။

**အောင်ဌေး(မလှိုင်)**

## ကျေးရွာ နှစ်ရွာသို့ သောက်သုံးရေများ လှူဒါန်း

**ယင်းမာပင် မေ ၂၇**




စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ် ရွှေပန်းခိုင်ကျေးရွာအုပ်စုရှိ တယ်ပင်ကန်ကျေးရွာနှင့် စည်လှော်ကျေးရွာအုပ်စုရှိ အောင်ချမ်းအေးကျေးရွာများတွင် အပူချိန်မြင့်တက်မှုကြောင့် သောက်သုံးရေအခက်အခဲ ကြုံတွေ့နေရသော ဒေသခံပြည်သူ ၂၀၀၀ ကျော်အတွက် သောက်သုံးရေများကို ခရိုင်မီးသတ်ဦးစီးဌာနနှင့် အလှူရှင်များပူးပေါင်းပြီး ရေသယ်ယာဉ်များဖြင့် ဖြန့်ဝေလှူဒါန်းလျက်ရှိကြောင်း သိရသည်။

သောက်သုံးရေ လှူဒါန်းရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန အစီအစဉ်ဖြင့် ယင်းမာပင်မြို့နယ်နှင့် ၈ မိုင်ကွာဝေးသည့် တယ်ပင်ကန်ကျေးရွာသို့ ရေဂါလန် ၈၀၀ နှင့် ၁၆၀၀ ဆံ့ မီးသတ်ရေသယ်ယာဉ်ဖြင့် မေလပထမပတ်မှစပြီး အခမဲ့ဖြန့်ဝေပေးလျက်ရှိကာ မေ ၂၅ ရက်အထိ ငါးကြိမ် သွားရောက်လှူဒါန်းပြီးဖြစ်ကြောင်း သိရသည်။

"အောင်ချမ်းအေး ကျေးရွာမှ ဒေသခံပြည်သူတွေအတွက်လည်း လွန်ခဲ့တဲ့ ဧပြီလလယ်ကနေ လကုန်ပိုင်းအထိ ကျွန်တော်တို့ဌာနမှ ဝန်ထမ်းများက မြို့နယ်အဆင့် တာဝန်ရှိသူများရဲ့ စီစဉ်ပေးမှုနဲ့ မီးသတ်ရေသယ်ယာဉ်နဲ့ ရေသယ်ပြီး သုံးကြိမ်လှူဒါန်းခဲ့ပါတယ်။ မြို့နယ်အတွင်းက နှစ်စဉ်ရေရှားပါးတဲ့ အောင်ချမ်းအေးကျေးရွာနဲ့ တယ်ပင်ကန်ကျေးရွာတို့မှာနေတဲ့ ဒေသခံပြည်သူ၂၀၀၀ကျော်အတွက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီရဲ့ အစီအစဉ်ဖြင့် သော်လည်းကောင်း၊ မိမိတို့ မီးသတ်ဦးစီးဌာနအနေဖြင့် သော်လည်းကောင်း ဒေသတွင်းမှအလှူရှင်များနဲ့ ရပ်ဝေးရပ်နီးမှ အလှူရှင်များရဲ့ထည့်ဝင်လှူဒါန်းငွေတွေနဲ့ သောက်သုံးရေရရှိအောင် ဆက်လက်လှူဒါန်းသွားမှာပါ"ဟု ယင်းမာပင်ခရိုင် မီးသတ်ဦးစီးမှူး ဦးအောင်ဇေမိုးက ပြောကြားသည်။

"ဒီနှစ်က မိုးခေါင်တော့ ရွာမှာရှိတဲ့ကန်ထဲမှာရေမရှိသလောက် နည်းပါတယ်။ ရေရှားတဲ့အတွက် ချိုးရေသုံးရေ ခက်ခဲရုံမက သောက်ရေလည်း ရှားပါးနေလို့ ရွာနဲ့နှစ်မိုင်ဝေးတဲ့ ကြေးစင်တောင်မိုင်းကို ဆိုင်ကယ်၊ စက်ဘီးတွေနဲ့ ရေပုံးတွေသယ်ပြီး ရေသွားခပ်ပြီး သောက်ရတယ်။ ရေအခက်အခဲဖြစ်နေချိန်မှာ လာရောက်လှူဒါန်းတဲ့ ခရိုင်မီးသတ်နဲ့ အလှူရှင်တွေကို ကျေးဇူးတင်ပါတယ်"ဟုတယ်ပင်ကန်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးသောင်းစိန်က ပြောကြားသည်။

အဆိုပါကျေးရွာများတွင် သောက်သုံးရေရရှိရေးအတွက် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ၂၀၁၄ ခုနှစ် နိုဝင်ဘာလတွင် အနက်ပေ ၆၁၀ ရှိ နှစ်လက်မစက်ရေတွင်းကို တူးဖော်ပေးခဲ့သော်လည်း ရေမထွက်ကြောင်း၊ ယခုအခါ ကျေးရွာ၏ တောင်ဘက်တွင်ရှိသည့် မြေသားရေကန်အပြင် တစ်ဖက်ရပ်မြေသားဆည် အသစ်တစ်ခုကိုလည်း ခရိုင်နှင့် မြို့နယ်မှ တာဝန်ရှိသူများက တူးဖော်ပေးလျက်ရှိကြောင်း၊ မိမိတို့ကျေးရွာမှ ပြည်သူ ၁၁၀၀ ကျော်အတွက် ရာသီမရွေး သန့်ရှင်းသောသောက်သုံးရေဖူလုံစွာ ရရှိအောင် အမြန်ဆုံးဆောင်ရွက်ပေးစေလိုကြောင်းလည်း တယ်ပင်ကန်ကျေးရွာ အုပ်ချုပ်ရေးမှူးက ဆက်လက်ပြောကြားခဲ့သည်။

**ထွန်းကိုကို(ယင်းမာပင်)**

## ကျေးရွာချင်းဆက် ကျောက်ချောလမ်းခင်း

**ဝါးခယ်မ မေ ၂၇**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် သော်ကတံတားကြီးကျေးရွာ၊ အောက်သက်ကယ်ကျေးရွာ ကျေးရွာချင်းဆက် ကျောက်ချောလမ်းခင်းကျင်းနေမှုကို မေလပထမပတ်က မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဝါးခယ်မမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးလွင်၊ ဝါးခယ်မမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးကျော်မျိုးအောင်၊ ဝါးခယ်မမြို့နယ် စာရင်းစစ်ရုံးဦးစီးမှူး၊ လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မင်းနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများက သော်ကလမ်းပိုင်း ပြီးမြောက်မှုအခြေအနေကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **ဝါးခယ်မ(မြင့်ဦး)**

# ရေသိုလှောင်ပုံးများနှင့် သောက်သုံးရေများ လှူဒါန်း

**ကလေး မေ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်အတွင်းမှ သောက်သုံးရေအခက်အခဲကြုံတွေ့နေရသည့် ကျေးရွာတစ်ခုဖြစ်သော အောင်ချမ်းသာကျေးရွာမှ ပြည်သူများ သောက်သုံးရေရရှိရန်အတွက် စက်ရေတွင်းတစ်တွင်းနှင့်ရေသိုလှောင်သိမ်းဆည်းရန် ပလတ်စတစ်ပုံးများကို ကာယကံမေတ္တာ လူမှုကူညီရေးအသင်းက မေ ၂၅ ရက်တွင် သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

နေသာပညာဒါနဆရာတော်ဦးခေမိန္ဒက ဦးဆောင်သော ကာယကံမေတ္တာ လူမှုကူညီရေးအသင်းနှင့် ကံပုလဲအရှေ့ကျေးရွာမှ ဦးကျော်ဝင်းတို့က ကျေးရွာအတွက် အမြဲတမ်းအသုံးပြုနိုင်မည့် လေးလက်မစက်ရေတွင်းတစ်တွင်း၊ ကာယကံမေတ္တာလူမှုကူညီရေးအသင်းအဖွဲ့က တစ်ပုံးလျှင် ကျပ် ၅၈၀၀ တန် ရေသိုလှောင်ပုံး ၃၀ နှင့် နိဗ္ဗာန်ယာဉ် နာမှုကူညီရေးအဖွဲ့(စမ်းမြို့)က ရေသိုလှောင်ပုံး ၁၀ ပုံးကို လှူဒါန်းခဲ့ခြင်းဖြစ်သည်။



"ကျွန်တော်တို့ရွာမှာ အိမ်ထောင်စု ၁၀၀ ကျော်နဲ့လူဦးရေ၄၄၀ကျော်နေထိုင်ပါတယ်။ သောက်သုံးရေကို ကျေးရွာအနောက်ဘက်မှာရှိတဲ့ ရေစုကန်ကနေ ရေပိုက်သွယ်တန်းပြီး ကျေးရွာအရောက် ရေတိုင်တွေစိုက်ပြီး ရေရရှိခဲ့ပါတယ်။ ဒီနှစ်မှာ ရာသီဥတုက သိသိသာသာပူလာတာကြောင့် ရေစုကန်က ရေမဝင်တော့ဘဲ ရေအခက်အခဲဖြစ်ရတာပါ။ ကျေးရွာမှာ ရေအခက်အခဲဖြစ်နေပါတယ်ဆိုတာကိုမြို့နယ်ကတာဝန်ရှိသူတွေကို အကြောင်းကြားတဲ့အခါ ဌာနဆိုင်ရာတွေနဲ့ လူမှုရေးအသင်းအဖွဲ့တွေက လာပြီးကူညီပေးခဲ့ကြပါတယ်"ဟု ကျေးရွာရပ်မိရပ်ဖတစ်ဦးက ပြောသည်။

အောင်ချမ်းသာကျေးရွာတွင် မေလဆန်းခန့်မှစ၍ သောက်သုံးရေ အခက်အခဲကြုံတွေ့နေရခြင်းဖြစ်ပြီး ကျေးရွာနေပြည်သူများအနေဖြင့် သောက်သုံးရေအတွက် လာရောက်လှူဒါန်းသောရေကိုသာ အားထားနေရကြောင်း သိရသည်။

**သျှင်နေမင်း**

# ရေစကြို-ရွှေကျောင်း ကျေးလက်ဖွံ့ဖြိုးရေးလမ်း ကျောက်ကြမ်းခင်းမှု ရာနှုန်းပြည့် ပြီးစီး

**ရေစကြို မေ ၂၇**

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၂၄၅ သိန်းဖြင့် ကျေးလက်ဖွံ့ဖြိုးရေးလမ်းတစ်လမ်းဖြစ်သော ရေစကြိုမြို့နှင့် ရွှေကျောင်းကျေးရွာဆက်လမ်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူ၍ ကျောက်ခင်းလျက်ရှိရာ မေ ၂၅ ရက်တွင် ရာနှုန်းပြည့်ပြီးစီးခဲ့ကြောင်း သိရသည်။

"အခုဆောင်ရွက်နေတဲ့လမ်းက အရှည်ပေ ၄၀၀၀၊ အကျယ် ၁၂ ပေ ရှိပါတယ်။ လမ်းမျက်နှာပြင်ညီအောင် မြေဖို့တာ၊ အမာခံရအောင် လမ်းကြိတ်စက်နဲ့ ကြိတ်တာတွေလုပ်ပြီးမှ အောက်ခံကျောက်ကြီးစီပြီး ကျောက်သေးဖြည့်၊ လမ်းကြိတ်စက်နဲ့ ကြိတ်ရပါတယ်။ အခုအမာခံကျောက်ကြီးခင်းလုပ်ငန်း ပြီးစီးတာဖြစ်ပြီး မြေနီကျောက်စရစ်ခင်းတာနဲ့ လမ်းသားကြံ့ခိုင်အောင် လမ်းကြိတ်စက်နဲ့ ကြိတ်တာတွေ ဆက်လက်ပြီးတော့ လုပ်ဖို့ကျန်ပါတယ်"ဟု တာဝန်ခံအင်ဂျင်နီယာ ဦးစိုးနိုင်ဦးက ပြောသည်။

အဆိုပါလမ်းပြီးစီးပါက ရွှေကျောင်းကျေးရွာအပြင် ပတ်ဝန်းကျင်ရှိ ကျေးရွာ ၂၀ ခန့်မှပြည်သူများအနေဖြင့် ရေစကြိုမြို့ပေါ်သို့ ဆက်သွယ်သွားလာရေး လွယ်ကူချောမွေ့သွားမည်ဖြစ်ရာ ကျေးလက်ဒေသများဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုမည့် လမ်းတစ်လမ်းဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။

**ဖေထွဏ်းဇော်(ရေစကြို)**



# ကျောင်းအပ်နှံရေးပထမနေ့တွင် ၃၀ ရာခိုင်နှုန်း လာရောက်အပ်နှံ

**ပြင်ဦးလွင် မေ ၂၇**

၂၀၁၅-၂၀၁၆ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ကို မေ ၂၅ မှ ၃၁ အထိ သတ်မှတ်ထားပြီး ကျောင်းအပ်လက်ခံလျက်ရှိရာ ပြင်ဦးလွင်မြို့ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများရှိ အခြေခံပညာကျောင်းများ၌ စတင် ကျောင်းအပ်လက်ခံသည့် မေ ၂၅ တစ်ရက်တည်းတွင် ကျောင်းသားဦးရေ၏ ၃၀ ရာခိုင်နှုန်းခန့်ကို လာရောက်အပ်နှံခဲ့ကြောင်း သိရသည်။

ပြင်ဦးလွင်မြို့သည် အခြားဒေသများမှ လာရောက်အလုပ်လုပ်ကိုင်နေကြသော ရွှေ့ပြောင်းမိသားစုများ အများအပြားရှိသလို ပုဂ္ဂလိကအထက်တန်းကျောင်းများ၊ ပြင်ပဘော်ဒါများလည်းရှိကာ နှစ်စဉ်ကျောင်းသားဦးရေများစွာရှိသောမြို့ဖြစ်သည်။ ပြင်ဦးလွင်မြို့နယ်အတွင်း အခြေခံပညာကျောင်းများ၌ ၂၀၁၄-၂၀၁၅ပညာသင်နှစ်အတွင်းကျောင်းသားဦးရေ ၄၀၇၅၆ ဦး တက်ရောက်ပညာသင်ကြားခဲ့ကြောင်း၊ ယခု ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံရာတွင် မေ ၂၅ တစ်ရက်တည်း၌ ကျောင်းသားဦးရေ၏ ၃၀ ရာခိုင်နှုန်းဖြစ်သော ၁၃၀၀၀ ကျော်ကို လာရောက်အပ်နှံခဲ့ကြောင်း၊ သူငယ်တန်း စတက်မည့်ကျောင်းသားအရေအတွက်မှာ ၂၅၀၀ ကျော်ရှိကြောင်း သိရသည်။



ပညာရေးဝန်ကြီးဌာန၏ အခမဲ့ပညာသင်ကြားရေးစနစ်များ သတ်မှတ်ချက်အရ ယခုပညာသင်နှစ်တွင် သူငယ်တန်းမှ စတုတ္ထတန်းအထိ ကျောင်းသားကျောင်းသူများအား ကျောင်းဝတ်စုံတစ်စုံ၊ ပုံနှိပ်စာအုပ်နှင့် ဗလာစာအုပ်များ အခမဲ့ပေးအပ်ပြီး အလယ်တန်းနှင့် အထက်တန်း ကျောင်းသားများအတွက် ကျောင်းလခ အခမဲ့နှင့် ပုံနှိပ်စာအုပ်များအခမဲ့ပေးအပ်သည့် အစီအစဉ်များဖြင့် ကျောင်းအပ်လက်ခံလျက်ရှိသည်။

ပြင်ဦးလွင်မြို့နယ်၌ မေ ၂၅ရက်က ကျင်းပသော ကျောင်းအပ်နှံရေးနေ့ အခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဦးတင်နိုင်သိန်း၊မြို့နယ်အထောက်အကူပြုကော်မတီ ဥက္ကဋ္ဌ၊ ခရိုင်ပညာရေးမှူးနှင့် ကျောင်းအုပ်ကြီးများ တက်ရောက်အားပေးခဲ့ကြောင်း သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**

# ရမည်းသင်းမြို့နယ်ရဲတပ်ဖွဲ့ ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာပေး ဆင့်ပွားသင်တန်းဖွင့်

**ရမည်းသင်း မေ ၂၇**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်ရဲတပ်ဖွဲ့၌ ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာပေး ဆင့်ပွားသင်တန်းကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးမြင့်ဝင်းက ဦးစီး၍ မေ ၂၄ ရက်က ဖွင့်လှစ်ခဲ့ပြီး ရမည်းသင်းမြို့နယ်ရဲတပ်ဖွဲ့အောက်ရှိ ရဲစခန်းနှင့် ရဲကင်းများမှ တပ်ဖွဲ့ဝင် ၅၀ တက်ရောက်ခဲ့ကာ သင်တန်းကာလ ငါးရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

နှစ်ကုန်ပိုင်း၌ ကျင်းပမည့် ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာပေး ဆင့်ပွားသင်တန်းများကို မြို့နယ်အသီးသီးရှိ ရဲတပ်ဖွဲ့များ၌ ဖွင့်လှစ်လျက်ရှိသည်။

**အတ်ကလေး(ရမည်းသင်း)**

# သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှုများ နယ်လှည့်ဆောင်ရွက်

**စစ်တွေ မေ ၂၇**

ရခိုင်ပြည်နယ် စစ်တွေမြို့မှ ဒေသခံပြည်သူများအား သွားနှင့်ခံတွင်း အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုများကို ကျန်းမာရေးဝန်ကြီးဌာန သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှု နယ်လှည့်ကွင်းဆင်းကုသရေးအဖွဲ့က စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ မေ ၂၅ ရက်တွင် ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီနှင့် ထူးဖောင်ဒေးရှင်းတို့ပူးပေါင်း၍ ဆေးကုသရေးခရီးစဉ်အဖြစ် စစ်တွေမြို့၌ သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်းဖြစ်ပြီး မေ ၂၅ မှ ၂၇ အထိ သုံးရက်ကြာကုသပေးခဲ့ကာ အခြားမြို့များတွင်လည်း ဆက်လက်ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သွားနှင့်ခံတွင်း ဆေးကောင်စီဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာပိုင်စိုး ဦးဆောင်သော ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများ ပါဝင်သည့် အဖွဲ့ဝင် ၃၄ ဦးက ဒေသခံပြည်သူများအား သွားနှင့်ခံတွင်း ရောဂါဆိုင်ရာများ စစ်ဆေးခြင်း၊ သွားရောဂါများကို ကုသပေးခြင်းနှင့် သွားတုစိုက်ပေးခြင်းကို အခမဲ့ဆောင်ရွက်ပေးပြီး လိုအပ်သည့် ဆေးဝါးများကိုလည်း အခမဲ့ပေးအပ်ခဲ့ကြောင်း သိရသည်။ သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှုကို အမ်းမြို့တွင်လည်း ဆက်လက်ကွင်းဆင်းကုသပေးရန် စီစဉ်ထားကြောင်း သိရသည်။

**ဇော်နိုင်ထွန်း**(iprd)



# စပိန် ဘုရင့်ဖလားကို ဘယ်အသင်း ကိုင်မြှောက် အောင်ပွဲခံမလဲ



မိုးမြင့်လင်းလက်

ဒီနှစ်ဘောလုံးရာသီရဲ့ စပိန်လာလီဂါပွဲစဉ်တွေ ကန့်လန့်ကာချခဲ့ပြီဖြစ်ပေမယ့် စပိန်ဘုရင့်ဖလားဗိုလ်လုပွဲကိုတော့ မေ ၃၀ ရက်မှာ ဘီလ်ဘာအိုနဲ့ ဘာစီလိုနာတို့ ယှဉ်ပြိုင်ကစားကြမှာ ဖြစ်ပါတယ်။ လက်ရှိ ခြေစွမ်းအနေအထားအရ ဘာစီလိုနာကို ဘီလ်ဘာအိုတို့ မယှဉ်နိုင်ပေမယ့် စပိန်ဘုရင့်ဖလားဗိုလ်လုပွဲမှတ်တမ်းကောင်းရှိနေတဲ့ ဘီလ်ဘာအိုကို ဘာစီလိုနာတို့ လျှော့တွက်ရင်တော့ သေချာပေါက်မျှော်မှန်းထားတဲ့ ဖလားတစ်လုံးကို လက်လွှတ်ရမယ့် ကိန်းဆိုက်သွားနိုင်တာ အမှန်ပါပဲ။

စပိန်ဘုရင့်ဖလား ဗိုလ်လုပွဲရောက် ဒီနှစ်သင်းရဲ့ အနေအထားကို ကြည့်ရင် ဘာစီလိုနာတို့က စပိန်ဘုရင့်ဖလား ချန်ပီယံ (၂၆)ကြိမ်ဖြစ်ခဲ့ပြီး ဒုတိယ (၁၀)ကြိမ်ရရှိခဲ့လို့ အအောင်မြင်ဆုံးအသင်းလို့ သတ်မှတ်ခံထားရတာဖြစ်ပါတယ်။ ဘီလ်ဘာအိုတို့က စပိန်ဘုရင့်ဖလားကို (၂၃) ကြိမ်ရယူနိုင်ခဲ့ပြီး ဒုတိယဆုကို (၁၃) ကြိမ်ရရှိခဲ့တာမို့ ဘီလ်ဘာအိုရဲ့ စပိန်ဘုရင့်ဖလား ဗိုလ်လုပွဲ အောင်မြင်မှုဟာ ဒုတိယအအောင်မြင်ဆုံး ဖြစ်ခဲ့တာပါ။

ဘာစီလိုနာတို့ရဲ့ လက်ရှိခြေစွမ်းပိုင်းကိုကြည့်ရင် ဒီနှစ် စပိန်ဘုရင့်ဖလားပွဲစဉ်တွေမှာ အောင်မြင်မှုတွေ ဆက်တိုက်ရရှိခဲ့ပြီး အရေးကြီးတဲ့ အဆုံးအဖြတ် ပွဲစဉ်တွေတိုင်းမှာနိုင်ပွဲရအောင်ဖော်ထုတ်နိုင်တဲ့ အစဉ်အလာရှိနေပါတယ်။ ဒါ့အပြင် သမိုင်းတစ်လျှောက် ဘာစီလိုနာနဲ့ ဘီလ်ဘာအိုတို့ ဆုံတွေ့ခဲ့မှု ရလဒ်တွေကို ကြည့်ရင် ဘာစီလိုနာတို့ကချည်း နိုင်ပွဲတွေရရှိခဲ့တာများတာမို့ အဲဒီအစဉ်အလာကိုဆက်ထိန်းနိုင်မလားကြည့်ရမှာပါ။

ဘာစီလိုနာနဲ့ ဘီလ်ဘာအိုတို့ စုစုပေါင်းဆုံတွေ့မှု အနေအထားကို ကြည့်ရင် ဘီလ်ဘာအိုတို့ အသာစီးမရခဲ့ပါဘူး။ စပိန်ဘုရင့်ဖလား ပွဲစဉ်ပေါင်း ၃၆ ပွဲ တွေ့ဆုံခဲ့ရာမှာ ဘာစီလိုနာတို့က ၁၉ ကြိမ်နိုင်ပြီး ဘီလ်ဘာအိုတို့က ၁၁ ကြိမ်နိုင်ကာ သရေပွဲ ခြောက်ပွဲဖြစ်ထားပါတယ်။ ပြိုင်ပွဲစုံ ပွဲပေါင်း ၂၁၀ မှာဆိုရင်လည်း ဘာစီလိုနာတို့က ၁၀၃ ပွဲနိုင်ပြီး ဘီလ်ဘာအိုတို့က ၇၂ ပွဲနိုင်ခဲ့ကာ သရေပွဲ ၃၅ ပွဲဖြစ်ထားတာမို့ ခြေစွမ်းအရ ကွာဟမှုရှိနေတာ အမှန်ပါပဲ။

ဒါ့အပြင် ဘာစီလိုနာနဲ့ ဘီလ်ဘာအိုတို့ နောက်ဆုံးတွေ့ဆုံခဲ့တဲ့ ငါးပွဲရလဒ်ကိုကြည့်ရင် ဘာစီလိုနာတို့က သုံးပွဲနိုင်ပြီး ဘီလ်ဘာအိုက တစ်ပွဲနိုင်ကာ တစ်ပွဲသရေဖြစ်ထားပါတယ်။ ဘာစီလိုနာဟာ ဘီလ်ဘာအိုကို ပြတ်သားတဲ့ရလဒ်နဲ့ အနိုင်ယူခဲ့တဲ့ ပွဲတွေကိုကြည့်ရင် ၂၀၁၀-၂၀၁၁ ခုနှစ်က ဘာစီလိုနာတို့ ဘီလ်ဘာအိုကို ခုနစ်ဂိုးပြတ်နဲ့ နိုင်ခဲ့သလို ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလက တွေ့ဆုံခဲ့တဲ့ပွဲမှာလည်း ငါးဂိုး-နှစ်ဂိုးနဲ့ နိုင်ခဲ့ပါတယ်။

ဒီနှစ် စပိန်ဘုရင့်ဖလားပွဲမှာ ဘာစီလိုနာအတွက် ဂိုးအများဆုံး သွင်းယူပေးထားတာကတော့ တိုက်စစ်မှူးနေမာဖြစ်ပြီး ခြောက်ဂိုးသွင်းယူထားပါတယ်။ ဘီလ်ဘာအိုမှာတော့ အဒူရစ်က ငါးဂိုးသွင်းယူထားသလို အဖွင့်ဂိုး သုံးဂိုးကိုလည်း အဒူရစ်ကပဲ သွင်းယူပေးခဲ့တာဖြစ်ပါတယ်။ နှစ်သင်းစလုံးမှာ ခြေစွမ်းထက်မြက်တဲ့ ဘောလုံးသမားတွေ ပါဝင်နေပြီး သမိုင်းအစဉ်အလာကြီးမားတဲ့ အသင်းတွေ တွေ့ဆုံမှုကြောင့် စိတ်ဝင်စားစရာကောင်းနေတာတော့ အမှန်ပါပဲ။

တကယ်တော့ ဘီလ်ဘာအိုတို့ဟာ စပိန်ဘုရင့်ဖလား ဘောလုံးပြိုင်ပွဲ စတင်ခဲ့တဲ့ ၁၉၀၃ ခုနှစ်မှာပဲ ပထမဆုံးဗိုလ်စွဲခဲ့တဲ့အသင်းဖြစ်ပြီး အခုအချိန်အထိ စပိန်ဘုရင့်ဖလားပွဲ သမိုင်းတစ်လျှောက်မှာ ဂိုးအများဆုံး ၈၁ ဂိုးသွင်းယူခဲ့တဲ့ တိုက်စစ်မှူး ဇာရာဆိုတာကလည်း ဘီလ်ဘာအိုအသင်းက ဖြစ်ခဲ့ပါတယ်။

ဒါကြောင့် စပိန်ဘုရင့်ဖလားပြိုင်ပွဲမှာ သမိုင်းအစဉ်အလာ ကြီးမားတဲ့ နှစ်သင်း တွေ့ဆုံတဲ့ပွဲဖြစ်တာမို့ နာမည်ကြီး ဘာစီလိုနာတို့ လွယ်လွယ်ကူကူ နိုင်ပွဲရယူဖို့လွယ်မှာ မဟုတ်သလို အကြိတ်အနယ်နွှဲရမယ့် ပွဲကောင်းတစ်ပွဲအဖြစ် အားပေးရဦးမှာဖြစ်ပါတယ်။ ။



## အပြန်မလှတဲ့ အန်ဆယ်လော့တီရဲ့ ဇာတ်လမ်း

ရီးရဲမက်ဒရစ်နည်းပြ အန်ဆယ်လော့တီအနေနဲ့ ပြီးခဲ့တဲ့ရာသီက ချန်ပီယံလိဂ်ဖလား ဆွတ်ခူးပေးနိုင်ခဲ့ပေမယ့် ဒီနှစ်မှာတော့ ဖလားတစ်လုံးမှ မရခဲ့တဲ့အတွက် နည်းပြအလုပ်ဖြုတ်ခံလိုက်ရလို့ အန်ဆယ်လော့တီအတွက် အိမ်အပြန်မလှဖြစ်ခဲ့ရပါတယ်။ ရီးရဲမက်ဒရစ် နည်းပြအဖြစ် နှစ်နှစ်ကြာ တာဝန်ထမ်းဆောင်အပြီး အလုပ်ဖြုတ်ခံလိုက်ရတာဖြစ်ပါတယ်။ အသက် ၅၅ နှစ်အရွယ်ရှိတဲ့ အန်ဆယ်လော့တီဟာ ရီးရဲမက်ဒရစ်ကို ပြီးခဲ့တဲ့ရာသီက ၁၀ ကြိမ်မြောက်အဖြစ် လာလီဂါဖလားကို ဆွတ်ခူးနိုင်အောင် ဦးဆောင်နိုင်ခဲ့ပါတယ်။ သို့ပေမယ့် ဒီနှစ်မှာတော့ ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲမှာ ဂျူဗင်တပ်စ်ကိုရှုံးပြီး ထွက်ခဲ့ရတဲ့အချိန်မှာ ဘာစီလိုနာက လာလီဂါဖလားကို ရယူသွားခဲ့ပါတယ်။ လစ်လပ်သွားတဲ့ ရီးရဲမက်ဒရစ်အသင်းရဲ့ နည်းပြနေရာကိုတော့ နာပိုလီနည်းပြ ဘင်နီတက်ဇ်ကို ခန့်ထားဖို့ ရေပန်းစားနေပါတယ်။ အီတလီစီးရီးအေ တာဝန်ပြီးဆုံးချိန်မှာ ဘင်နီတက်ဇ်ကို ခန့်မယ်လို့ ရေပန်းစားနေပါတယ်။ အန်ဆယ်လော့တီရဲ့ ရီးရဲမက်ဒရစ်အသင်းဟာ ဒီနှစ်မှာတော့ လာလီဂါဖလား ဆွတ်ခူးပြီး ချန်ပီယံလိဂ်ဗိုလ်လုပွဲတက်သွားတဲ့ ဘာစီလိုနာရဲ့နောက်မှ နှစ်မှတ်ခွာပြီး ဒုတိယနဲ့သာ ကျေနပ်ခဲ့ရပါတယ်။ လာမယ့် သီတင်းပတ်မှာ နည်းပြသစ်ခန့်ဖို့ အန်ဆယ်လော့တီကို အလုပ်ဖြုတ်ဖို့ ဆုံးဖြတ်ချက်ချရတာ မလွယ်ပါဘူးလို့ အသင်းဥက္ကဋ္ဌပီယက်စ်က ဆိုပါတယ်။ အန်ဆယ်လော့တီ ဘာတွေအမှားလုပ်ခဲ့လို့လဲ၊ ကျွန်တော်တော့ မသိပါဘူးလို့ အသင်းဥက္ကဋ္ဌက ဆိုပါတယ်။

## လာမယ့်ရာသီမှာ ချန်ပီယံလိဂ်ဝင်ခွင့် တစ်နေရာရသွားတဲ့ ရိုးမား

စီးရီးအေမှာ ဂျူဗင်တပ်စ်တို့ ချန်ပီယံဖြစ်ပြီးနောက် ရိုးမားက တတိယနေရာမှ လာဇီယိုကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ကစားပြီး လာမယ့်ရာသီမှာ ချန်ပီယံလိဂ်ဝင်ခွင့်နေရာ ရရှိသွားပြီဖြစ်ပါတယ်။ ရိုးမားအသင်းအနေနဲ့ လာဇီယိုကို အကြိတ်အနယ်ကစားပြီးမှ ချန်ပီယံလိဂ်ဝင်ခွင့်ရခဲ့တာဖြစ်ပါတယ်။ နယူးကာဆယ် နောက်တန်းကစားသမားဟောင်း ရန်ဂါအမ်ဘီဝါက ရိုးမားအတွက် နောက်ကျဂိုးသွင်းယူပြီး ချန်ပီယံလိဂ်ဝင်ခွင့်နေရာကို စတုတ္ထနေရာမှရရှိသွားခဲ့တာ ဖြစ်ပါတယ်။ တတိယနေရာမှ လာဇီယိုအသင်းအနေနဲ့ ချန်ပီယံလိဂ်ဝင်ခွင့်အတွက် နာပိုလီအသင်းနဲ့ ကစားရာမှာ တစ်မှတ်ရဖို့လိုအပ်မှာ ဖြစ်ပါတယ်။ ဘင်နီတက်ဇ်ရဲ့ နာပိုလီအသင်းဟာ ချန်ပီယံဂျူဗင်တပ်စ်ကို သုံးဂိုး-တစ်ဂိုးနဲ့ ရှုံးသွားတဲ့အတွက် ရမှတ် သုံးမှတ် ဆုံးရှုံးသွားပြီး ရိုးမားတို့ ချန်ပီယံလိဂ်ဝင်ခွင့် နေရာအတွက် အလားအလာကောင်းတစ်ခု ရရှိခဲ့ပါတယ်။

## ပရီမီယာလိဂ်သို့ နောက်ဆုံးမှ တန်းတက်လာတဲ့ နော့ဝှစ်

ကောင်းမြတ်သူ - စုစည်းသည်

နော့ဝှစ်စီးတီး အသင်းဟာ ပရီမီယာလိဂ်သို့ နောက်ဆုံးမှ တန်းတက်လာခဲ့ပါတယ်။ မစ်ဒယ်ဘရော့အသင်းနဲ့ ချန်ပီယံရှစ် play-off ဗိုလ်လုပွဲကစားရာမှာ နော့ဝှစ်က နှစ်ဂိုးပြတ်နဲ့ အနိုင်ရလိုက်တဲ့အတွက် တန်းတက်ခွင့်ရရှိခဲ့ပါတယ်။ နော့ဝှစ် မတိုင်မီက ဘုန်းမောက်နဲ့ ဝက်ဖို့ဒ်တို့ တန်းတက်ခဲ့ပါတယ်။ နော့ဝှစ်ကတော့ မစ်ဒယ်ဘရော့နဲ့ play-off ကစားပြီး တန်းတက်ခဲ့ပါတယ်။ နော့ဝှစ်နည်းပြ အဲလက်ဇ်နေးလ်ကတော့ သူ့အသင်းအနေနဲ့ လာမယ့်ရာသီ ပရီမီယာလိဂ်မှာအကောင်းဆုံး ယှဉ်ပြိုင်နိုင်ဖို့ အသင့်ပြင်ထားတယ်လို့ မစ်ဒယ်ဘရော့ကို နိုင်တဲ့ပွဲအပြီး ပြောဆိုလိုက်ပါတယ်။ "ကျွန်တော်တို့ အေးတိအေးစက်လုပ်နေလို့တော့ မဖြစ်ပါဘူး။ ကျွန်တော်တို့အတော်လေးကြိုးစားကြရမှာပါ။ ကျွန်တော်တို့အသင်းဟာ ပရီမီယာလိဂ်မှာ အသင်းငယ်တွေထဲက အားအနည်းဆုံး အသင်းဖြစ်ပါတယ်"လို့ အသက် ၃၃ နှစ်အရွယ်ရှိ နည်းပြအဲလက်ဇ်နေးလ်ကဆိုပါတယ်။ နော့ဝှစ်နည်းပြ အဲလက်ဇ်နေးလ်ကို ဇန်နဝါရီလအတွင်း နည်းပြမခန့်မီ သူဟာစကော့တလန် ပရီမီယာရှစ်မှာ ဟာမီတန်အသင်းကို ဦးဆောင်ခဲ့တာဖြစ်ပါတယ်။ နေးလ်ဟာ နော့ဝှစ်အသင်း နည်းပြဖြစ်လာပြီးနောက် ၂၅ ပွဲမှာ ၁၇ ပွဲ အနိုင်ရအောင် ကြိုးစားပေးနိုင်ခဲ့တယ်လို့ ဆိုပါတယ်။ သူဟာ လာမယ့် ရာသီမှာ ပရီမီယာလိဂ်မှာတော့ အသက် ၃၃ နှစ်နဲ့ အသက်အငယ်ဆုံးနည်းပြဖြစ်လာလိမ့်မယ်လို့ သိရပါတယ်။



နော့ဝှစ်အသင်းကို အားပေးနေသော ပရိသတ်များ။

*စာမျက်နှာ ၂၂ မှ*

လျှင်လှုပ်သည့် အကြိမ်တိုင်း ပြိုကျခဲ့ရသော ရွှေမော်ဓောစေတီ တော်မြတ်၏သမိုင်းသည် ပဲခူးမြို့၏ လျှင်မှတ်တမ်းများကို ဖော်ပြလျက်ရှိနေသလို ပဲခူး လျှင်များ၏ အင်အားပြင်းထန်မှုကိုလည်း မီးမောင်း ထိုးပြလျက်ရှိနေသည်။ အတိတ်ကာလများက လှုပ်ခဲ့သည့် လျှင်အကြိမ်ရေများစွာတို့နှင့် တစ်ကြိမ်နှင့် တစ်ကြိမ်အကြား ကြာမြင့်ခဲ့သော နှစ်ကာလအပိုင်း အခြားတို့ သည် လက်ရှိအချိန်တွင် ပဲခူးမြို့သူမြို့သားများကို လျှင်နှင့်ပတ်သက်၍ မေ့မေ့လျော့လျော့ မရှိကြဖို့ သတိပေးလျက်ရှိနေသည်။

၁၉၃၀ ပြည့်နှစ် မေလက လှုပ်ခဲ့သော ပဲခူး လျှင်ကြီးနှင့် ခုနစ်လခန့်သာခြားပြီး နောက်ဆက်တွဲ လျှင်အဖြစ် ဖြူးမြို့၌ အင်အားပြင်းလျှင်ကြီး လှုပ်ခဲ့သည်။ ထိုနှစ်ဒီဇင်ဘာ ၃ ရက်က လှုပ်ခဲ့သော မာကယ်လီစကေးအဆင့် ၉ ရှိသည့် ဖြူးလျှင်သည် အဆောက်အအုံအများအပြားကို ဖြိုချဖျက်ဆီးခဲ့ပြီး လူပေါင်း ၃၀ ကိုပါ အသက်ဆုံးရှုံးစေခဲ့သည်။

မြန်မာနိုင်ငံတစ်ဝန်းလုံး၌ အကြိမ်ပေါင်းများစွာ လှုပ်ခဲ့သောလျှင်များကြောင့် လျှင်ဇုန်ရပ်ဝန်းများလည်း အများအပြား ပေါ်ထွက်လာခဲ့သည်။ စစ်ကိုင်းပြတ်ရွေ့ကြောင်းကြီး၏ အထက်ပိုင်း၌ရှိသော အထက်မြန်မာပြည် လျှင်ဇုန်ရပ်ဝန်း၊ စစ်ကိုင်းပြတ်ရွေ့ကြောင်းကြီး၏ အောက်ပိုင်း၌ရှိသော အောက်မြန်မာပြည်လျှင်ဇုန်ရပ်ဝန်း၊ အရှေ့မြောက်ဒေသ လျှင်ဇုန်ရပ်ဝန်း၊ အန်ဒပန်ပင်လယ်ပြင် လျှင်ဇုန်ရပ်ဝန်းစသည်ဖြင့် ဖြစ်ပေါ်လာခဲ့ပြီး လျှင်ဇုန်ရပ်ဝန်း တစ်ခုချင်းစီ၏ အတွင်း၌ ပြည်နယ်နှင့် တိုင်းများအလိုက် ဒေသအများအပြား ပါဝင်လျက်ရှိနေကြသည်။

**လျှင်ရပ်ဝန်း အများအပြားရှိနေသော မြန်မာနိုင်ငံ၏ အနာဂတ်ကာလများတွင် ပဲခူး၊ ဖြူး၊ မန္တလေး၊ အမရပူရ၊ စစ်ကိုင်း၊ ဗန်းမော်၊ ကလေးဝ၊ ခန္တီး၊ မော်လိုက်၊ မြစ်ကြီးနား၊ ကျိုင်းတုံ၊ တောင်ကြီး၊ လားရှိုး၊ သရက်၊ တောင်ငူ၊ ပြည်၊ ကျောက်ဖြူ၊ စစ်တွေ၊ သံတွဲ၊ လှိုင်ကော်၊ ရန်ကုန်၊ ပုသိမ်၊ ရမည်းသင်း၊ ပျဉ်းမနား၊ မကွေး၊ မင်းဘူး၊ မုံရွာ၊ မော်ချီး၊ ချောက်၊ ပခုက္ကူ၊ မိတ္ထီလာ၊ ဘားအံ၊ မြိတ်၊ ထားဝယ်၊ မော်လမြိုင်မြို့ များသည် အင်အားပြင်းလျှင်များ လှုပ်နိုင်ချေရှိကြောင်း လျှင်သုတေသီတို့က ခန့်မှန်းထားကြသည်။**

လျှင်သည် ရှောင်လွှဲ၍မရနိုင်သော သဘာဝဘေးဆိုးကြီးတစ်ခုဖြစ်သည့်အတွက် လျှင်ကြောင့် ဖြစ်ပွားလာနိုင်ဖွယ်ရှိသည့် ဘေးအန္တရာယ် အသွယ်သွယ်တို့ကို အတတ်နိုင်ဆုံး လျော့ပါးသက်သာအောင် ကြိုတင်စီမံ ဆောင်ရွက်ကြရမည်သာဖြစ်သည်။ စံသတ်မှတ်ချက်နှင့်ကိုက်ညီမှုမရှိသော အရည်အသွေးနိမ့် အဆောက်အအုံများ၊ တံတားများ၊ ဓာတ်ပြုပေါက်ကွဲစေနိုင်သော ဓာတုပစ္စည်းသိုလှောင်ရုံများ၊ ဓာတ်ဆီဆိုင်များ၊ သဘာဝဓာတ်ငွေ့အရောင်းဆိုင်များ၊ စနစ်တကျ ဆောက်လုပ်တပ်ဆင်ထားခြင်းမရှိသော လျှပ်စစ်ဓာတ်အားပေးစက်ရုံများနှင့် ဓာတ်အားခွဲရုံများစသည်တို့သည် လျှင်ဘေးနှင့်ကြုံတွေ့ရသည့်အခါ ထိခိုက်ပျက်စီးဆုံးရှုံးမှုများကို ကြီးမားစွာဖြစ်ပေါ်စေနိုင်သော အရာများဖြစ်ကြသည်။

သို့ဖြစ်၍ အင်အားပြင်းလျှင်များ၏ဒဏ်ကို ကောင်းစွာခံနိုင်ရည်ရှိသော အဆောက်အအုံများကို ခေတ်သစ်နည်းပညာများဖြင့် ဆောက်လုပ်နေထိုင်ခြင်း၊ ဓာတ်ဆီဆိုင်နှင့် သဘာဝဓာတ်ငွေ့အရောင်းဆိုင်များကို လူနေအိမ်များနှင့်အလှမ်းဝေးရာ၌သာ ဖွင့်လှစ်ရောင်းချစေခြင်း၊ ဓာတုပစ္စည်းသိုလှောင်ရုံများကို လူနေရပ်ကွက်နှင့်ဝေးရာ၌သာထားရှိခြင်း၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၊ ဓာတ်အားခွဲရုံများ၊ လျှပ်စစ်ဓာတ်တိုင်များနှင့် ထရန်စဖော်မာများ စသည်တို့ကို လျှင်ဒဏ်ခံနိုင်အောင် စနစ်တကျ တွက်ချက်တည်ဆောက် တပ်ဆင်ထားခြင်း၊ လျှင်ဘေးကျရောက်သည့်အခါ လုပ်ဆောင်ရမည့် နည်းလမ်းများကို အများသူငါတို့ ကျယ်ကျယ်ပြန့်ပြန့် သိရှိအောင် ကြိုတင်နှိုးဆော်သတိပေးထားခြင်း၊ လျှင်၏ သဘောသဘာဝများကို ကောင်းစွာသိရှိအောင် ပညာပေးပို့ချခြင်း၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို လျင်မြန်ထိရောက်စွာ ဆောင်ရွက်နိုင်အောင် လေ့ကျင့်သင်တန်းပေးထားခြင်း စသည်တို့သည် လျှင်ဘေးကြုံရသည့်အခါ ထိခိုက်ပျက်စီးမှုနှင့် အသက်ဆုံးရှုံးရမှုများကို များစွာ လျော့ချပေးနိုင်မည့် နည်းလမ်းကောင်းများဖြစ်ကြသည်။

ကမ္ဘာတစ်ဝန်းလုံး၌ ပျက်စီးဆုံးရှုံးမှုများကိုဖြစ်ပေါ်စေနိုင်သော လျှင်များသည် နှစ်စဉ်ပျမ်းမျှအားဖြင့် အကြိမ်ရေ ၂၇၀ ခန့် လှုပ်လေ့ရှိသည်။ ထိုအကြိမ်ရေပမာဏထဲတွင် လူအများက သတိမပြုမိလိုက်သော လျှင်ငယ်ကလေးများ၊ သတိပြုမိသည့်တိုင် ပျက်စီးဆုံးရှုံးမှုများကို မဖြစ်စေနိုင်သောအင်အားနည်းသည့် လျှင်များ၊ မပြောပလောက်သော ပျက်စီးမှုအနည်းငယ်မျှ လောက်ကိုသာ ဖြစ်ပေါ်စေသည့်အလတ်စား လျှင်များပါဝင်ခြင်း မရှိသေးပေ။

၂၀၁၅ ခုနှစ် ဧပြီ ၂၅ ရက်က နီပေါနိုင်ငံ လန်ဂျွန်းမြို့ အရှေ့တောင်ဘက် ၂၁ မိုင်အကွာနေရာကို ဗဟိုပြု၍ ၇ ဒသမ ၉ မဂ္ဂနီကျူရှိသော လျှင်ကြီးလှုပ်ခဲ့သည့်အတွက် အဆောက်အအုံပေါင်း ခြောက်သိန်းနီးပါးခန့်ပြိုကျ ပျက်စီးသွားခဲ့သည်။ လျှင်လှုပ်ချိန်သည် နီပေါနိုင်ငံသားများ အိပ်မောကျနေချိန်ဖြစ်သည့်အတွက် လူထောင်ပေါင်းများစွာ အသက်ဆုံးရှုံးခဲ့ကြရသည်။ မြို့တော် ခတ္တမန္ဒူရှိ ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်စာရင်းဝင် ဒါယာရာယားမျှော်စင်ကြီး ပြိုကျပျက်စီးသွားသည်အထိ ဖြစ်ခဲ့ရသော လျှင်ကြီးသည် လူဦးရေ ၂၈ သန်းနေထိုင်သည့် နီပေါနိုင်ငံအတွက် နှစ်ပေါင်း ၈၀ အတွင်း အင်အားအပြင်းထန်ဆုံးနှင့်ပျက်စီးဆုံးရှုံးမှု အကြီးမားဆုံးသော လျှင်ကြီးဖြစ်သည်။

အင်အားပြင်းလျှင်များ လှုပ်ခတ်ပြီးသည့်အခါ လတ်တလောတွေ့ကြုံခံစားကြရသည့် ပြဿနာကြီးများအဖြစ် အိုးအိမ်မဲ့ဖြစ်ရခြင်း၊ အစားအစာနှင့် သောက်သုံးရေအကျပ်အတည်းဖြစ်ပေါ်ခြင်း၊ အဝတ်အထည်နှင့် စောင်၊ ခြင်ထောင်များ လုံလောက်မှုမရှိခြင်း၊ မိလ္လာစနစ်ပျက်ယွင်းသွားသည့်အတွက် အညစ်အကြေးစွန့်ရန် အခက်အခဲဖြစ်ပေါ်ခြင်း၊ စနစ်တကျမဖြစ်သော အညစ်အကြေးစွန့်ထုတ်မှုများကြောင့် ဝမ်းရောဂါနှင့်တကွ ကူးစက်ရောဂါအမျိုးမျိုးဖြစ်ပွားခြင်း စသည်တို့ကို ဧကန်မလွဲ ရင်ဆိုင်ကြရသည်။ ၂၀၁၀ ပြည့်နှစ် ဟေတီ လျှင်ကြောင့် လူပေါင်းသောင်းနှင့်ချီပြီး ကာလဝမ်းရောဂါဖြစ်ပွားကာ ယင်းတို့အနက် လူ ၈၀၀၀ ကျော် သေဆုံးခဲ့ကြရခြင်းသည် အင်အားပြင်းလျှင်ကြီးများ၏ နောက်ဆက်တွဲပြဿနာများထဲက အစိတ်အပိုင်းတစ်ရပ်မျှသာဖြစ်သည်။

လျှင်ဘေးဒဏ်ခံရသော ဒေသများ၌ တည်ဆောက်ရေးလုပ်ငန်းများအပါအဝင် ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးရေးနှင့် စိတ်ပိုင်းဆိုင်ရာမြှင့်တင်ရေး စသော ပြန်လည်ထူထောင် ရေးလုပ်ငန်းများအတွက် ငွေကြေးအင်အား၊ လူအင်အား၊ နည်းပညာနှင့်အချိန် စသည်တို့ကို ရင်းနှီးမြှုပ်နှံပြီးမှသာ မူလအနေအထားကို ပြန်လည်ရောက်ရှိကြသည်မှာ ဖြစ်မြဲဓမ္မတာဖြစ်သည့်အားလျော်စွာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို စိန်ခေါ်နေသည့် နောက်ပြန်ဆွဲနေသော သက်ရောက်မှုများ ပင်ဖြစ်ကြသည်။

အချုပ်ဆိုရသော် လျှင်လှုပ်မည့်အရေးကို ကြိုတင်ခန့်မှန်းနိုင်သည့် နည်းပညာသစ်များ မပေါ်ပေါက်သေးသရွေ့ကာလပတ်လုံး လျှပ်တစ်ပြက်ရန်သူနှင့်တူသော လျှင်၏ထိုးနှက်တိုက်ခိုက်မှုများအတွက် အဆိုးထဲက အကောင်းဆုံးဖြစ်အောင် ပြင်ဆင်ထားကြခြင်းသည်သာလျှင် အသင့်လျော်ဆုံးဖြစ်ပေသည်။

# တောင်သူလယ်သမားများ မိုးကြိုလယ်ယာလုပ်ငန်း ဝင်ကြပြီ

**ဖြူး မေ ၂၇**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်ဖြူးမြို့နယ်သည် တောင်ငူခရိုင်အတွင်းရှိ ရေတာရှည်၊ တောင်ငူ၊ အုတ်တွင်း၊ ထန်းတပင်၊ ကျောက်ကြီးစသည့် ခြောက်မြို့နယ်အတွင်း မိုးစပါးနှင့်ဆောင်းသီးနှံ မတ်ပဲများကို နှစ်စဉ်ရာသီအလိုက် မိုးကောင်း ရေသောက်စနစ်ဖြင့် မိုးစပါးဧက တစ်သိန်းခွဲကျော်နှင့် မတ်ပဲဧက တစ်သိန်းကျော်အထိ အများဆုံး စိုက်ပျိုးသော မြို့နယ်တစ်ခုဖြစ်သည်။



ယခု ၂၀၁၅ ခုနှစ်တွင်ရာသီဥတုဖောက်ပြန်မှုကြောင့် နေ့အပူချိန်များ စံချိန်တင်မြင့်တက်ခဲ့ပြီး မိုးရွာသွန်းမှု နောက်ကျသောကြောင့် မိုးကြိုလယ်ယာလုပ်ငန်းများ ဝင်ရောက်ကြရန် မိုးကိုစောင့်ဆိုင်းမျှော်ကိုးနေကြစဉ် မေ ၁၇ ရက် ညနေပိုင်းမှစ၍ မိုးများအဆက်မပြတ်ရွာသွန်းခဲ့သဖြင့် လယ်သမားကြီးများ မိုးကြိုလယ်ယာလုပ်ငန်းများဖြစ်သည့် လယ်ကွက်များမီးရှို့ခြင်း၊ ပျိုးထောင်ရန် ပျိုးခင်းလယ်ကွက်များ ထယ်ထိုးခြင်း၊ သဘာဝမြေသြဇာများ တိုက်ချခြင်း လုပ်ငန်းများကို စတင်လုပ်ကိုင်နေကြပြီဖြစ်သည်။

ယခုနှစ်တွင်လည်း ဖြူးမြို့နယ်ကျေးရွာအုပ်စု ၅၉ အုပ်စုနှင့်မြို့ပေါ်ရပ်ကွက်အချို့မှ လယ်သမားကြီးများက မိုးစပါးစိုက်ဧက ၁၅၄၃၂၆ ကျော် စိုက်ပျိုးသွားကြမည်ဖြစ်သည်။

"ယခုနှစ်က နေ့အပူချိန်များ အလွန်ပူပြင်းတဲ့အတွက် ကျွန်တော်တို့ လယ်သမားများ မိုးကြိုလယ်ယာလုပ်ငန်းများအနည်းငယ် နောက်ကျနေကြရပါတယ်၊ အခါတိုင်းနှစ်တွေကကဆုန်လဆန်းတာနဲ့ မိုးရွာတော့ မိုးကြိုလယ်ယာလုပ်ငန်းများ အစောလုပ်ကိုင်ပြီးစီးကြပြီး အခုအချိန်နယုန်လဆန်းဆိုရင် ယခင်နှစ်က အချို့လယ်သမားများ ပျိုးထောင်ပြီးနေကြပါပြီ။ ကျွန်တော်တို့မြို့နယ်က ဆည်ရေသောက်စနစ်မရသေးတော့ မိုးရေကိုသာအားကိုးပြီး လယ်ယာလုပ်ငန်းလုပ်နေကြရတာကြောင့် မိုးမှန်မှန်ရွာဖို့ကိုပဲ ဆုတောင်းနေကြရပါတယ်" ဟုဖြူးမြို့နယ် ဇဟားကျေးရွာမှဒေသခံ လယ်သမားကြီး ဦးတင်ညိုလေးကပြောသည်။

**မြင့်ဦး(ဖြူး)**

# ၂၄ နာရီ လျှပ်စစ်မီးဖွင့်ပွဲအခမ်းအနားကျင်းပ

**ပင်လောင်း မေ ၂၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် တောင်ထိဗ္ဗာကျေးရွာ ၁၁ ရွာ ၂၄ နာရီ လျှပ်စစ်မီးဖွင့်ပွဲ အခမ်းနားကို မေ ၂၄ ရက် က တောင်ထိဗ္ဗာကျေးရွာအုပ်စု နန်းပန်းကျေးရွာ လျှပ်စစ်မီးဖွင့်ပွဲမှခ်ဦးရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစိုင်းဆာလူ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးဥက္ကဋ္ဌ ဦးခွန်စံလွင်တို့က အမှာစကားပြောကြားပြီး တောင်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစောမြင့်ထွန်းက လျှပ်စစ်မီးလင်းရေးလုပ်ငန်းနှင့်ပတ်သက်သည်များကို ရှင်းလင်းတင်ပြသည်။

တောင်ထိဗ္ဗာကျေးရွာ ၁၁ ရွာ မီးလင်းရေးအတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် လျှပ်စစ်ဝန်ကြီးဌာနမှ ၁၁ ကေဗွီ ဓာတ်အားလိုင်း ၁၁ ဒသမ ၃ မိုင် အတွက် ခန့်မှန်းကုန်ကျငွေကျပ် ၂၅၇ ဒသမ ၆ သန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၁၀၀ ကေဗွီအေ ထရန်စဖော်မာ ၁၂ လုံး၊ ၁၆၀ ကေဗွီအေ ထရန်စဖော်မာ သုံးလုံးနှင့် ကွန်ကရစ်ဓာတ်တိုင် ၂၂၇ တိုင်အတွက် ခန့်မှန်း ကုန်ကျငွေကျပ်သန်း ၉၀ နှင့် ကျေးရွာပြည်သူများမှ ၄၀၀ ဗို့ ဓာတ်အားလိုင်း ၈ ဒသမ ၉ မိုင်အတွက် ခန့်မှန်းကုန်ကျ ငွေကျပ်သန်း ၂၀၀ ထည့်ဝင်ပြီး စုစုပေါင်း စီမံကိန်းတစ်ခုလုံး ကုန်ကျငွေကျပ် ၅၄၇ ဒသမ ၆ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့်အတွက် အိမ်ခြေ ၈၂၇ လုံး နှင့် လူဦးရေ ၃၃၀၈ ဦးတို့၏ လူမှုကိစ္စအဝဝတို့ကို အကျိုးပြုပေးနိုင်ပြီဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

ဗုဒ္ဓံ ဓမ္မံ သံဃံ
အကာယ်ဒမီ 2
အဆင့်မြင့် ခရီးသည်ပို့ဆောင်ရေး
"အကာယ်ဒမီ-၂" အဆင့်မြင့် ခရီးသည်ပို့ဆောင်ရေးမှ "မန္တလေး ⇄ စစ်တွေ" ခရီးစဉ်ကို (၁-၆-၂၀၁၅) ရက်နေ့မှစ၍ စတင်ပြေးဆွဲပါမည်။ KING LONG အဆင့်မြင့် မော်တော်ယာဉ်များဖြင့်သာ ပြေးဆွဲမည်ဖြစ်ပြီး ယာဉ်များတွင် ပါရှိသည့် ABS ဘရိတ်စနစ်၊ အဆင့်လေးဆင့်ပါ Retarder အရှိန်ထိန်းစနစ်၊ အလိုအလျောက် မီးငြိမ်းသတ်သည့်စနစ်၊ စံချိန်မီ လေအေးပေးစနစ်များကြောင့် ခရီးသည်များအတွက် လုံခြုံမှုအပြည့်အဝဖြင့် စိတ်ချမ်းမြေ့စွာ လိုက်ပါစီးနင်းနိုင်ပါသည်။
ခရီးစဉ်တစ်လျှောက် ထမင်းကျွေးခြင်းအပြင် အချိုရည်+မုန့်၊ စနီးတာဝါ၊ ရေသန့်၊ သွားတိုက်ဆေး/တံ၊ ကျန်းမာရေး အထောက်အကူပြု ပစ္စည်းများကို ယဉ်ကျေးပျူငှာသော ယာဉ်မယ်များမှ ဝန်ဆောင်မှု ပေးသွားပါမည်။
မန္တလေး ▪ အခန်း(၁)၊ ချမ်းမြရွှေပြည်အဝေးပြေးကားကွင်း။ 02-78885, 02-78699, 02-71623
▪ အမှတ်(၁၁၃)၊ ၂၉လမ်း၊ ၈၀-၈၁ လမ်းကြား။ 02-69322, 09-33013533, 09-33013535
စစ်တွေ ▪ စစ်တွေအဝေးပြေးကားကွင်း၊ စစ်တွေမြို့။ 09-257642277, 09-257642288, 09-257642299

ကြယ်ပဲ Sacha Inchi
စိုက်နည်း၊ ပျိုးနည်း
ဖုန်း 01-501812, 09-5117226

ဟိုက်ခြောလစ်/လေဖိအား
Fully Auto အုတ်ရိုက်စက်
ခေတ်မီမြေအုတ်ရိုက်စက် ရပြီ
09 420035 882, 09 73199 410
09 420035 884, 09 73199 257

SEVEN စံ ဗာံ
မြေကွက်ရောင်းဝယ်ရေး
ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊
တောင်ပိုင်းရှိ မြေကွက်များ
ရောင်းလိုပါသလား?
SEVEN စံ နှင့်ဆက်သွယ်လိုက်ပါ။
အိမ်အရောက်ငွေပေးချေသည်
"ပွဲခလုံးဝမယူပါ"
Ph:09-33333 511, 09-33333 514
09-33333 644

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စက်မှုလယ်ယာဦးစီးဌာန
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာနမှ အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | ထွန်စက်ကြီးအပိုပစ္စည်းများ | 7Lot |
| (ခ) | ရိတ်သိမ်းခြွေလှေ့စက်အပိုပစ္စည်းများ | 3Lot |
| (ဂ) | ထယ်/ထွန်အပိုပစ္စည်းများ | 1Lot |
| (ဃ) | တာယာနှင့်ကျွတ်မျိုးစုံ | 1Lot |
| (င) | ဘက်ထရီ | 1Lot |
| (စ) | လက်တွန်းထွန်စက်အပိုပစ္စည်းများ | 3Lot |
| (ဆ) | စက်ဆီ၊ ချောဆီများ | 3Lot |

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ၂၉-၅-၂၀၁၅ ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါလိပ်စာ၌ လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၅ခုနှစ် ဇွန် ၂၆ရက် ၄း၀၀နာရီ ဖြစ်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**စက်မှုလယ်ယာဦးစီးဌာန**
**ရုံးအမှတ် ၅၀၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၁၁၂၄၃၊ ၀၆၇-၄၁၁၂၄၂၊ ၀၆၇-၄၁၁၂၄၅**

---

## ပြည်ထဲရေးဝန်ကြီးဌာန
## စက်နှင့်စက်ပစ္စည်းဝယ်ယူရေးလုပ်ငန်းများဆောင်ရွက်ရန်
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၏ အောက်ဖော်ပြပါ တပ်ဖွဲ့/ဦးစီးဌာနများတွင် စက်နှင့်စက်ပစ္စည်း ဝယ်ယူရေးလုပ်ငန်းဆောင်ရွက်ရန်ရှိပါသဖြင့် ပြည်တွင်းမြန်မာနိုင်ငံသား ပုဂ္ဂလိကကုမ္ပဏီ လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါ ဖိတ်ခေါ်အပ်ပါသည်။

(က) မြန်မာနိုင်ငံရဲတပ်ဖွဲ့
(ခ) အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန
(ဂ) အကျဉ်းဦးစီးဌာန
(ဃ) မီးသတ်ဦးစီးဌာန

၂။ အထက်ပါတပ်ဖွဲ့/ဦးစီးဌာနများတွင် အသုံးပြုရန် ဝယ်ယူမည့်စက်နှင့် စက်ပစ္စည်းများ အတွက် အဆိုပြုတင်ဒါ၊ အဆိုပြုလွှာ ဈေးနှုန်းတင်သွင်းခြင်း တင်ဒါပုံစံနှင့် အိတ်ဖွင့်တင်ဒါ စည်းကမ်းချက်များအား ၂၂-၄-၂၀၁၅ရက်မှ ၁၅-၅-၂၀၁၅ရက်အတွင်း ရောင်းချခဲ့ပြီး ဖြစ်ပါသည်။

၃။ အဆိုပြု တင်ဒါအဆိုပြုလွှာ တင်သွင်းထားသော လုပ်ငန်းရှင်များ၏ ဈေးနှုန်းတင်သွင်းခြင်း တင်ဒါပုံစံများနှင့်ပတ်သက်၍ ၂၆-၅-၂၀၁၅ရက်မှစ၍ ပြည်ထဲရေးဝန်ကြီးဌာန(ရုံးအမှတ်-၁၀)ရှေ့ရှိ ပြည်ထဲရေးဝန်ကြီးဌာန၊ မှုလတန်းကြိုကျောင်းတွင် လာရောက်ကြည့်ရှုနိုင်သည်။

၄။ ဈေးနှုန်းတင်သွင်းခြင်း တင်ဒါပုံစံတင်သွင်းရမည့် ကုမ္ပဏီများအနေဖြင့် တပ်ဖွဲ့/ဦးစီးဌာန များ၏ လုပ်ငန်းအုပ်စု အမှတ်စဉ်အလိုက် တင်ဒါဖွင့်ဖောက်မည့်ရက်များ၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်(ရုံးအမှတ်-၈)၊ အရိန္ဒမာခန်းမတွင် တင်သွင်းရမည်ဖြစ်ပါသည်။ (သတ်မှတ်ချိန် ကျော်လွန်၍ တင်သွင်းလာသောဈေးနှုန်း တင်သွင်းခြင်း တင်ဒါပုံစံများကို လက်ခံစဉ်းစားခြင်း မပြုပါ။)

၅။ ကုမ္ပဏီများ၏ ဈေးနှုန်းတင်သွင်းလာသော တင်ဒါပုံစံများကို တပ်ဖွဲ့/ဦးစီးဌာန များ၏ လုပ်ငန်းအုပ်စုအလိုက် အောက်ပါရက်များတွင် နံနက် ၁၀နာရီ၌ ဖွင့်ဖောက် ကြေညာပေးသွားမည်ဖြစ်သည်-

(က) အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ၁-၆-၂၀၁၅ ရက်
(ခ) အကျဉ်းဦးစီးဌာန ၁-၆-၂၀၁၅ ရက်
(ဂ) မီးသတ်ဦးစီးဌာန ၂-၆-၂၀၁၅၊၃-၆-၂၀၁၅၊၄-၆-၂၀၁၅ရက်
(ဃ) မြန်မာနိုင်ငံရဲတပ်ဖွဲ့ ၅-၆-၂၀၁၅၊၈-၆-၂၀၁၅၊၉-၆-၂၀၁၅ရက်

၆။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါဖုန်းများသို့ ဆက်သွယ် စုံစမ်းနိုင် ပါသည်-

**(က) ပြည်ထဲရေးဝန်ကြီးဌာန** ဖုန်း-၀၆၇-၄၁၂၄၃၆၊၀၆၇-၄၁၂၄၃၇
**(ခ) မြန်မာနိုင်ငံရဲတပ်ဖွဲ့** ဖုန်း-၀၆၇-၄၁၂၅၁၂၊၀၆၇-၄၁၂၂၅၈
**(ဂ) အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန** ဖုန်း-၀၆၇-၄၃၁၃၉၆၊၀၆၇-၄၃၁၃၇၄
**(ဃ) အကျဉ်းဦးစီးဌာန** ဖုန်း-၀၆၇-၄၃၁၄၁၆၊၀၆၇-၄၃၁၄၂၀
**(င) မီးသတ်ဦးစီးဌာန** ဖုန်း-၀၆၇-၄၂၀၀၂၅၊၀၁-၆၆၁၅၄၄

---

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
## သစ်တောဦးစီးဌာန၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီး ဌာန၊ ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ တောင်ကြီးမြို့နယ်နှင့် ကလောမြို့နယ်တို့တွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေမှ ကွန်ကရစ်ခင်း၊ ၂" သံပိုက်လုံး၊ အမြင့် ၇' ဖြင့် အောက်ဖော်ပြပါ ပျိုးစင် ၁၄ စင် တည်ဆောက်မည် ဖြစ်ပါသဖြင့် မြန်မာနိုင်ငံသား ကုမ္ပဏီ/လုပ်ငန်းရှင်များအား သတ်မှတ်ချက် များနှင့်အညီ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

**တောင်ကြီးမြို့နယ်**

| | | | | |
|---|---|---|---|---|
| (၁) | ပြည်နယ်သစ်တောရုံးဝင်းအတွင်း | (၅၂'×၄၅') | = | ၃ စင် |
| (၂) | ခရိုင်ရုံးဝင်းအတွင်း | (၅၂'×၄၅') | = | ၁ စင် |
| (၃) | မြို့နယ်ရုံးဝင်းအတွင်း | (၅၂'×၄၀') | = | ၁ စင် |
| (၄) | အေးသာယာပျိုးဥယျာဉ် | (၁၀၀'×၅၀') | = | ၂ စင် |

**ကလောမြို့နယ်**

| | | | | |
|---|---|---|---|---|
| (၁) | ဟဲဟိုးပျိုးဥယျာဉ် | (၁၁၀'×၅၀') | = | ၄ စင် |
| (၂) | အင်းပြင်ပျိုးဥယျာဉ် | (၇၂'×၂၇') | = | ၂ စင် |
| | အင်းပြင်ပျိုးဥယျာဉ် | (၉၂'×၅၀') | = | ၁ စင် |

၂။ ဆောက်လုပ်လိုသည့် ကုမ္ပဏီ/လုပ်ငန်းရှင်များသည် ဌာနမှသတ်မှတ်ထားသော ဒီဇိုင်းပုံစံနှင့် ပါရှိရမည့် အခြေခံပျိုးဥယျာဉ်အတိုင်း အသေးစိတ်တွက်ချက်ရေးဆွဲ၍ တင်ပြရန်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါစည်းကမ်းချက်များနှင့် တင်ဒါပုံစံကို ၃၀-၅-၂၀၁၅ ရက် ၀၉း၃၀ နာရီမှစ၍ ရောင်းချမည်ဖြစ်ပြီး ၁၅-၆-၂၀၁၅ ရက် ၁၆း၃၀ နာရီတွင် တင်ဒါပိတ်မည်ဖြစ်ပါသည်။ တင်ဒါဖွင့်မည့်ရက်ကို သတ်မှတ်ချက်နှင့်ကိုက်ညီသည့် တင်ဒါတင်သွင်းသူများထံ ဆက်သွယ်အကြောင်းကြားသွားမည်ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်သိလိုပါက ရုံးချိန်အတွင်း ရှမ်းပြည်နယ် သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး၊ ဖုန်း-၀၈၁-၂၁၂၁၀၁၁၊ ၀၈၁-၂၁၂၁၃၄၂ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းနှင့်စိစစ်ရွေးချယ်ရေးကော်မတီ**

---

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရုံးအတွက် လိုအပ်သော Server, ၊ Video Conference System,Color Printer (A3)၊ ရုံးသုံး သံဗီရိုနှင့် စားပွဲများ ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ ကုမ္ပဏီများမှ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

၂။ တင်ဒါစည်းကမ်းအသေးစိတ်နှင့် ဝယ်ယူမည့်ပစ္စည်းကိရိယာများ အသေးစိတ် စာရင်းကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ အုပ်စု(၁)၊ အားကစား လေ့ကျင့်ရေးစခန်း၊ နေပြည်တော်သို့ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍ လည်းကောင်း၊ ဖုန်း-၀၆၇-၈၁၀၃၃၇၀သို့ ဆက်သွယ်၍လည်းကောင်း စုံစမ်း မေးမြန်းနိုင်ပါသည်။

**တင်ဒါရောင်းချမည့်ရက်** - ၂၈-၅-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်** - ၈-၆-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၅း၀၀နာရီ

**ပစ္စည်းဝယ်ယူရေးနှင့်ထုခွဲရောင်းချရေးကြီးကြပ်မှုကော်မတီ**
**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး**

---

## ကချင်ပြည်နယ်တရားလွှတ်တော်
## မြစ်ကြီးနားမြို့
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကချင်ပြည်နယ်တရားလွှတ်တော်၊ ပူတာအိုခရိုင်နှင့် မြို့နယ်တရားရုံးတွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါ သဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ခေါ်ယူအပ်ပါသည်-

(က) **လုပ်ငန်းအမည်**
(၁) ပူတာအိုခရိုင်နှင့်မြို့နယ်တရားရုံးအဆောက်အအုံ အလျား ၁၃၂ ပေ× အနံ ၆၆ ပေ သံကူကွန်ကရစ် အဆောက်အအုံဆောက်လုပ်ခြင်း (နှစ်ထပ် အာရ်စီ အဆောက်အအုံ၊ လျှပ်စစ်မီးအပါအဝင်)
(၂) အချုပ်ခန်း၊ CRO ရုံးခန်းဆောက်လုပ်ခြင်း အလျား ၄၀ ပေ× အနံ ၃၆ ပေ
(၃) စက်ရေတွင်း၊ ရေလှောင်ကန်နှင့်သံကူကွန်ကရစ် ရေစင်ပြုလုပ်ခြင်း
(ခ) **တင်ဒါစတင်ရောင်းချမည့်ရက်** - ၂၅-၅-၂၀၁၅ ရက်
(ဂ) **တင်ဒါပိတ်ရက်** - ၁၂-၆-၂၀၁၅ ရက်
(ဃ) **တင်ဒါတင်သွင်း/စိစစ်ရွေးချယ်မည့်နေရာ** - ကချင်ပြည်နယ်တရားလွှတ်တော်ရုံး

၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်း အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၇၄-၂၉၀၇၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ကချင်ပြည်နယ်တရားလွှတ်တော်**

---

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(၅/၂၀၁၅)

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများကို တင်ဒါခေါ်ယူလိုပါ သည်-

**မြန်မာကျပ်ငွေဖြင့်ဝယ်ယူခြင်း**
(က) စက်နှင့်စက်အရန်ပစ္စည်းများ- Fire Extinguisher(3)Items, Flexible Hose Pipe (23)Nos,Sewing Head (1)Set
(ခ) ကုန်ကြမ်းပစ္စည်းများ-(4 ½" x 6½" ) Plastic Bag (10,000)Lb, Candle Wick (5, 500)Viss
(ဂ) စက်ဆီ/ချောဆီ- Ultra Coolant Oil(400)Liter

**နိုင်ငံခြားငွေဖြင့်ဝယ်ယူခြင်း**
(က) ဓာတုဗေဒပစ္စည်းများ- Propylene Dichloride (PDC) (74)Kg

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၇-၅-၂၀၁၅ရက်
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၆-၆-၂၀၁၅ ရက် ၁၂း၀၀ နာရီ

၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**စွမ်းအင်ဝန်ကြီးဌာန**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ စီမံရေးဌာန/ဘဏ္ဍာရေးဌာန**
**ရုံးအမှတ် (၄၄)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၁၁၂၃၊ ၀၆၇-၄၁၁၁၉၃**

---

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးနှင့် တိုင်း ဒေသကြီးအတွင်းရှိ ပုသိမ်ကြီး၊ စဉ့်ကူး၊ မြစ်သား၊ တံတားဦး၊ မလှိုင်၊ မြင်းခြံ၊ နွားထိုးကြီး၊ ပျော်ဘွယ်၊ ကျောက်ပန်းတောင်း၊ ညောင်ဦး(ပုဂံမြို့) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ရုံးအဆောက်အအုံနှင့် ဝန်ထမ်းနေအိမ် များ ဆောက်လုပ်ရန်ရှိပါသဖြင့် အဆောက်အအုံတည်ဆောက်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ရရှိထားသည့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အဆိုပါ အဆောက်အအုံဆောက်လုပ်လိုသော လုပ်ငန်းရှင်များသည် တင်ဒါအဆိုပြုလွှာနှင့် စည်းကမ်းချက်များကို ၂၆-၅-၂၀၁၅ ရက်မှစ၍ ၂၃လမ်းနှင့် ၆၄လမ်းထောင့်၊ မန္တလေးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနတွင် ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး ၂၅-၆-၂၀၁၅ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ မန္တလေးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ပြန်လည်တင်သွင်းရမည်ဖြစ်ပြီး ၃၀-၆-၂၀၁၅ ရက်တွင် တင်ဒါဖွင့်လှစ်မည် ဖြစ်ပါသည်။

၃။ လုပ်ငန်းရှင်များသည် တင်ဒါအဆိုပြုလွှာနှင့်အတူ အဆောက်အအုံ ဆောက်လုပ်ခွင့် လိုင်စင်၊ ကုမ္ပဏီမှတ်ပုံတင်မိတ္တူနှင့် ကုမ္ပဏီ Profile တို့ကို တင်ပြရမည်ဖြစ်ပါသည်။

၄။ အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။
၀၂-၆၇၃၄၀၊ ၀၂-၃၉၀၇၉

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မန္တလေးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

---

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရန်ကုန် လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အကောင်အထည်ဖော်ဆောင်ရွက်မည့် အောက်ဖော်ပြပါ ဓာတ်အားလိုင်းတည်ဆောက်ခြင်း လုပ်ငန်းများအား Turnkey စနစ် (မြန်မာကျပ်ငွေ)ဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါ သဖြင့် တင်ဒါများဖိတ်ခေါ်အပ်ပါသည်။

(က) တွံတေးတူးမြောင်း မြောက်ဘက်ခြမ်းဒေသများ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် တည်ဆောက်ပြီးဖြစ်သည့် (၁၁)ကေဗွီ ကောင်းကင်ဓာတ်အားလိုင်းမှ ကျေးရွာ များအရောက် (၁၁)ကေဗွီ ကောင်းကင်ဓာတ်အားလိုင်းများ စုစုပေါင်း (၃၄) မိုင်ခန့်အား (ACSR 95 $mm^2$) ဖြင့်တည်ဆောက်ခြင်း

(၁) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၈-၅-၂၀၁၅ ရက်
(၂) **တင်ဒါပိတ်မည့်ရက်** - ၂၅-၆-၂၀၁၅ ရက်
(၃) **တင်ဒါပိတ်မည့်အချိန်** - ၁၄း၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက် စုံစမ်းဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရန်ကုန် လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊**
**ပစ္စည်းစီမံရေးဌာန ဖုန်း-၀၁-၂၂၀၈၅၉၊ ၀၁-၂၂၀၈၁၆**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
## ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး
## ဟားခါးမြို့
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ချင်းပြည်နယ် ပြည်နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး လုပ်ငန်း၏ မြို့ပြတည်ဆောက်ရေးလုပ်ငန်းများ (ဝန်ထမ်းနေအိမ်ဆောက်လုပ်ခြင်း)၊ လျှပ်စစ်နှင့် စက်မှုပိုင်းဆိုင်ရာပစ္စည်းများဝယ်ယူခြင်းနှင့် ဓာတ်အားလိုင်းများတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် စိတ်ပါဝင်စားသောကုမ္ပဏီနှင့် လုပ်ငန်းရှင်များမှ အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာနှင့် စည်းကမ်းချက်များကို ချင်းပြည်နယ်၊ ပြည်နယ်လျှပ်စစ်ဓာတ် အားဖြန့်ဖြူးရေးလုပ်ငန်း၊ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံးတွင် ၂၆-၅-၂၀၁၅ ရက်မှ စတင် ဝယ်ယူနိုင်ပြီး ၉-၆-၂၀၁၅ ရက် ၁၆း၀၀နာရီ နောက်ဆုံးထားတင်သွင်းရမည်ဖြစ်ပါသည်။

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် တင်ဒါခေါ်ယူသည့်အချက်အလက်များ အသေး စိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်-

(က) ၀၇၀-၂၁၉၄၄
(ခ) ၀၇၀-၂၂၄၂၄

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

---

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ ဗဟိုဆေးသိုလှောင်ရေးဌာနသည် ဆေးရုံသုံး စက်ကိရိယာပစ္စည်းများနှင့် လူနာတင်ယာဉ်များကို ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

တင်ဒါစည်းမျဉ်း၊ စည်းကမ်းချက်များနှင့် ဆေးရုံသုံး စက်ကိရိယာ ပစ္စည်းများစာရင်းအသေးစိတ်ကို ဒုတိယညွှန်ကြားရေးမှူး (ဆေး ပစ္စည်း)၊ ဗဟိုဆေးသိုလှောင်ရေးဌာနရုံးခန်း၊ အမှတ်(၅၇)စကားဝါ လမ်း၊ ဒဂုံမြို့နယ်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၂၇-၅-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၆-၆-၂၀၁၅ရက်၊မွန်းလွဲ ၂း၀၀နာရီ
**ဆက်သွယ်ရန်ဖုန်း**- ၀၁-၃၇၁၂၈၄၊ ၀၁-၃၇၂၃၆၂

**ဗဟိုဆေးသိုလှောင်ရေးဌာန၊ ကုသရေးဦးစီးဌာန**

---

## နိုင်ငံပိုင်လုပ်ငန်းဌာနများနှင့်
## ဆောက်လုပ်ရေးလုပ်ငန်းလုပ်ဆောင်သူများသို့
# အသိပေးကြေညာချက်

- ၂၀၁၅ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ(စ)၏ ဇယားတွင် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ရှိသည့် ဝန်ဆောင်မှုလုပ်ငန်း အမျိုးအစား(၂၃)မျိုး ဖော်ပြထားပြီး ကျန်ဝန်ဆောင်မှုလုပ်ငန်းများ၏ ဝန်ဆောင်မှုရငွေအပေါ် ၅ ရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန်ကျသင့်စေရမည်ဖြစ်ကြောင်း ပုဒ်မခွဲ(ဆ)တွင် ပြဋ္ဌာန်းထားပါသည်။
- နေအိမ်မဟုတ်သည့် မြေ၊ အဆောက်အအုံငှားရမ်းခြင်းဝန်ဆောင်မှုသည် ကုန်သွယ် လုပ်ငန်းခွန်ကျသင့်သည့် ဝန်ဆောင်မှုအမျိုးအစားဖြစ်ပါသည်။
- ထို့အတူ အဆောက်အအုံဆောက်လုပ်ပေးခြင်း ဝန်ဆောင်မှုသည်လည်း ကုန်သွယ်လုပ်ငန်းခွန် ကျသင့်သည့် ဝန်ဆောင်မှုအမျိုးအစားဖြစ်ပါသည်။
- ဆောက်လုပ်ရေးဝန်ဆောင်မှု ဆောင်ရွက်သူ၊ နေအိမ်ငှားရမ်းခြင်းမှအပဖြစ်သော မြေနှင့် အဆောက်အအုံငှားရမ်းခြင်း ဝန်ဆောင်မှုဆောင်ရွက်သူတို့သည် ကုန်သွယ်လုပ်ငန်းခွန် မကျသင့်မီ ဝန်ဆောင်မှုရငွေနှင့်အတူ ကျသင့်ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်းကို ကောက်ခံပေးရမည်ဖြစ်ပါသည်။ (ဥပမာ-အဆောက်အအုံ ဆောက်လုပ်ပေးခြင်းအတွက် ဝန်ဆောင်ခ ကျပ် ၁၀၀ ကျသင့်ပါက ဝန်ဆောင်မှုဆောင်ရွက်သူသည် ဝန်ဆောင်ခ ကျပ် ၁၀၀ နှင့်အတူ ကျသင့်အခွန် ၅ ကျပ်ကိုပါ ဝန်ဆောင်မှုရယူသူထံမှ တစ်ပါတည်း ကောက်ခံပေးရမည်ဖြစ်ပါသည်။)
- နိုင်ငံပိုင်လုပ်ငန်းဌာနများ၊ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရတို့ပိုင် မြေနှင့်အဆောက်အအုံများ ငှားရမ်းခြင်းအတွက် ကျသင့်ငှားရမ်းခရငွေနှင့်အတူ ကျသင့် ကုန်သွယ်လုပ်ငန်းခွန်ကိုပါ တစ်ပါတည်းကောက်ခံပြီး သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီး ဌာနမှူးရုံးများသို့ ပေးသွင်းရန်လိုအပ်ပါသည်။
- ဆောက်လုပ်ရေးဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်သူများအနေဖြင့်လည်း အစိုးရဌာန များသို့ တင်ဒါတင်သွင်းရာ၌ ဆောက်လုပ်မှုကုန်ကျစရိတ်တွင် ကုန်သွယ်လုပ်ငန်းခွန် ထည့်သွင်းတွက်ချက်ပေးရန် လိုအပ်မည်ဖြစ်ပါသည်။ ထို့အပြင် ထည့်သွင်းတွက်ချက် ထားသည့် ကုန်သွယ်လုပ်ငန်းခွန်ကိုလည်း မိမိတို့နှင့် သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီး ဌာနမှူးရုံးများသို့ ကုန်သွယ်လုပ်ငန်းခွန် ဥပဒေနှင့်အညီ ပေးသွင်းရန်လိုအပ်ပါသည်။
- ဝန်ဆောင်မှုလုပ်ငန်းအပေါ် ကောက်ခံပေးသွင်းရသည့် ကုန်သွယ်လုပ်ငန်းခွန်နှင့် ပတ်သက်၍ ရှင်းလင်းမှုမရှိပါက သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်
# (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

ဧရာဝတီတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ ဖျာပုံခရိုင်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု/တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် လမ်း/တံတားလုပ်ငန်းများ ဆောက်ရွက်ရန်အတွက် လိုအပ်သော လမ်းခင်းကျောက်များနှင့် တည်ဆောက်ရေး ပစ္စည်းများအား (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

**တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၁-၆-၂၀၁၅ ရက်
**တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၂-၆-၂၀၁၅ ရက်
**တင်ဒါလျှောက်လွှာပိတ်မည့်အချိန်** - မွန်းတည့် ၁၂:၀၀ နာရီ
**တင်ဒါဖွင့်မည်ရက်/အချိန်/နေရာ** - ၂-၆-၂၀၁၅ ရက်၊ မွန်းလွဲ ၂:၀၀နာရီ
လက်ထောက်ညွှန်ကြားရေးမှူးရုံး၊
လမ်းဦးစီးဌာန၊
(၁၁)ရပ်ကွက်၊ (၅)လမ်း၊ ဖျာပုံမြို့။

အိတ်ဖွင့်တင်ဒါစည်းကမ်းချက်၊ ပစ္စည်းလိုအပ်ချက်နှင့် အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် ၁-၆-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**လျှောက်လွှာဝယ်ယူရမည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူးရုံး၊
လမ်းဦးစီးဌာန၊
(၁၁)ရပ်ကွက်၊ (၅)လမ်း၊ ဖျာပုံမြို့။
ဖုန်း- ၀၄၅-၄၀၄၂၅

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## ၂၀၁၅-၂၀၁၆ ပညာသင်နှစ်
## အစိုးရနည်းပညာအထက်တန်းကျောင်းများအတွက်
# သင်တန်းသားသစ်များခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ အစိုးရနည်းပညာအထက်တန်းကျောင်းများတွင် သင်တန်းသားသစ်များခေါ်ယူမည်ဖြစ်ပါ၍ မည်သည့်နှစ်တွင်မဆို အခြေခံပညာအလယ်တန်း(အဋ္ဌမတန်း) အောင်မြင်သော ကျောင်းသား ကျောင်းသူများ လျှောက်ထားနိုင်သည်။

၂။ (၂)နှစ်သင်တန်းတွင် ထူးချွန်စွာအောင်မြင်ပါက နည်းပညာတက္ကသိုလ်များသို့ သက်ဆိုင်ရာနည်းပညာတက္ကသိုလ်များ၏ ဝင်ခွင့်ရွေးချယ်ရေးမူများအတိုင်း တက်ရောက်ခွင့် ရရှိမည်ဖြစ်ပါသည်။

၃။ (၂)နှစ်သင်တန်းတွင် ရိုးရိုးအဆင့်ဖြင့် အောင်မြင်ပါက လုပ်ငန်းခွင်လက်တွေ့သင်တန်း (၄)လတက်ရောက်ရမည်ဖြစ်ပြီး သင်တန်းပြီးပါက A.G.T.I ပထမနှစ်သင်တန်းသို့ သက်ဆိုင်ရာ အစိုးရစက်မှုလက်မှုသိပ္ပံများ၏ ဝင်ခွင့်ရွေးချယ်ရေးမူများအတိုင်းတက်ရောက်ခွင့်ရရှိမည်ဖြစ်ပါသည်။

၄။ အစိုးရနည်းပညာအထက်တန်းကျောင်းအောင်လက်မှတ် (Certificate)ရရှိပြီးပါက အစိုးရဌာနများနှင့် ပုဂ္ဂလိကလုပ်ငန်းများသို့ စက်မှုကျွမ်းကျင်ဝန်ထမ်းအဖြစ် အလုပ်လျှောက်ထားနိုင်မည်ဖြစ်သည်။ အစိုးရနည်းပညာအထက်တန်းကျောင်း ဒုတိယနှစ်သင်တန်းကို အောင်မြင်သည်ဖြစ်စေ၊ ကျရှုံးသည်ဖြစ်စေ တက္ကသိုလ်ဝင်တန်းစာမေးပွဲကြီးကို ဝင်ရောက်ဖြေဆိုလိုပါက ပြင်ပဖြေအနေဖြင့် ဝင်ရောက်ဖြေဆိုခွင့်ရရှိမည်ဖြစ်သည်။

၅။ အစိုးရနည်းပညာအထက်တန်းကျောင်းများသို့ တက်ရောက်ခွင့်ရရှိသော ကျောင်းသား ကျောင်းသူများအား တစ်ဦးလျှင် တစ်လ ၃၀၀၀ဝိ/-နှုန်းဖြင့် သင်တန်းတက်သည့်ကာလများအတွင်း ထောက်ပံ့ကြေးပေးအပ်မည့်အစီအစဉ်ရှိပါသည်။

**ဖွင့်လှစ်မည့်သင်တန်းများ**

၆။ အောက်ပါသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးပါမည်-
(က) အဆောက်အအုံနည်းပညာသင်တန်း(Building Technology)
(ခ) အီလက်ထရွန်နစ်နည်းပညာသင်တန်း(Electronics Technology)
(ဂ) လျှပ်စစ်နည်းပညာသင်တန်း(Electrical Technology)
(ဃ) မော်တော်ယာဉ်နည်းပညာသင်တန်း(Auto Mechanics Technology)
(င) စက်ပစ္စည်းအစိတ်အပိုင်းများ ထုတ်လုပ်ခြင်းနည်းပညာသင်တန်း (Machining Technology)
(စ) ရေခဲသေတ္တာနှင့် လေအေးပေးစက်နည်းပညာသင်တန်း (Refrigeration and Air Conditioning Technology)
(ဆ) သတ္တုပစ္စည်းထုတ်လုပ်မှု နည်းပညာသင်တန်း (Metal Process Technology)
(ဇ) သုတနည်းပညာသင်တန်း(Information Technology)

၇။ သင်တန်းများကို မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု "စံ"သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့၏ ကျွမ်းကျင်မှုအဆင့်များရရှိစေရန် စာတွေ့ ၃၀ ရာခိုင်နှုန်းနှင့် လက်တွေ့ ၇၀ ရာခိုင်နှုန်း သင်ကြားပေးမည်ဖြစ်ပါသည်။

**သင်ကြားရမည့်ဘာသာရပ်များ**

၈။ အောက်ပါဘာသာရပ်များကို သင်ကြားရမည်ဖြစ်သည်-

| | |
|---|---|
| (က) မြန်မာစာ | (င) ဓာတုဗေဒ |
| (ခ) အင်္ဂလိပ်စာ | (စ) ဘောဂဗေဒ |
| (ဂ) သင်္ချာ | (ဆ) မိမိသင်တန်း၏အထူးပြုဘာသာရပ် |
| (ဃ) ရူပဗေဒ | (ဇ) ပုံဆွဲဘာသာရပ် |

**ကျောင်းအပ်စတင်လက်ခံမည့်ရက်** - ၂၅-၅-၂၀၁၅ ရက်
**ကျောင်းစတင်ဖွင့်လှစ်မည့်ရက်** - ၁-၆-၂၀၁၅ ရက်
**ကျောင်းအပ်လက်ခံမည့်နောက်ဆုံးရက်** - ၂၁-၆-၂၀၁၅ ရက်

၉။ ကျောင်းဝင်ခွင့်လျှောက်လွှာများကို နီးစပ်ရာအစိုးရနည်းပညာအထက်တန်းကျောင်းများတွင် ရရှိနိုင်မည်ဖြစ်ပြီး သတ်မှတ်ကျောင်းအပ်ရက်အတွင်း မိမိတက်ရောက်လိုသည့် အစိုးရ နည်းပညာအထက်တန်းကျောင်းသို့ လျှောက်လွှာတင်သွင်းရမည်ဖြစ်သည်။

၁၀။ အသေးစိတ်သိရှိလိုပါက မိမိလျှောက်လွှာရယူသော အစိုးရနည်းပညာအထက်တန်းကျောင်းများတွင် ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**

# အများသိစေရန်ကြေညာချက်

မြစ်ကြီးနားမြို့၊ ကျွန်းပင်သာရပ်ကွက်နေ မောင်ရဲ့ကျီကျုံး(ခ) မောင်အောင်ကျော်ကျော် ၁/မကန(နိုင်)၁၂၆၁၄၂ သည် မြစ်ကြီးနားမြို့၊ ရမ်ပူရပ်ကွက်နေ(ဦးတင်မြင့်)-ဒေါ်ခင်ခင်ဝင်း ၁/မကန(နိုင်)၀၁၅၅၈၇တို့၏ တူတော်စပ်ကြောင်းနှင့် မွေးစားသား မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်ခင်ဝင်း**
**၁/မကန(နိုင်)၀၁၅၅၈၇**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## အထူးကုဆေးရုံ၊ သာကေတ
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် အထူးကုဆေးရုံ(သာကေတ)တွင် တက်ရောက်ကုသကြသည့် လူနာများအား ကုသပေးရန်လိုအပ်သည့် ဆေးဝါးများအား ဝယ်ယူမည်ဖြစ်ပါသဖြင့် အစိုးရအသိအမှတ်ပြုကုမ္ပဏီများထံမှ တင်ဒါခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၂၉-၅-၂၀၁၅ ရက် (သောကြာနေ့)
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၉-၆-၂၀၁၅ ရက် (တနင်္လာနေ့)

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အထူးကုဆေးရုံ(သာကေတ)၊ ဆေးရုံအုပ်ရုံးသို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**အထူးကုဆေးရုံ(သာကေတ)**

## ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန
## တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ထားဝယ်မြို့
# အမှတ်စဉ်(၁/၂၀၁၅) အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွက် ဆောင်ရွက်မည့် ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းများအတွက် လိုအပ်သောလမ်းခင်းကျောက်များကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | ရေတွက်ပုံ | မှတ်ချက် |
|---|---|---|---|---|
| ၁။ | လမ်းခင်းကျောက်ရှယ်စုံ | ၁၉၀၀.၀၀ | ကျင်း | ပြည်ထောင်စုငွေလုံးရန်ပုံငွေ |
| ၂။ | လမ်းခင်းကျောက်ရှယ်စုံ | ၁၇၇၁၄.၀၀ | ကျင်း | တိုင်းဒေသကြီးပြင်ထိန်းရန်ပုံငွေ |
| | စုစုပေါင်း | ၁၉၆၁၄.၀၀ | ကျင်း | |

**တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန်** - ၃-၆-၂၀၁၅ ရက်၊ ညနေ ၄:၀၀ နာရီ
**တင်ဒါဖွင့်မည့်နေရာ/ရက်/အချိန်** - လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ ထားဝယ်မြို့၊ ၄-၆-၂၀၁၅ရက် နံနက် ၁၀:၀၀ နာရီ

တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို အထက်ဖော်ပြပါဌာနတွင် စုံစမ်း၍ ၂၁-၅-၂၀၁၅ရက်မှစပြီး လျှောက်လွှာတစ်စောင်လျှင် ကျပ်-၁၀၀၀ဝိ/-(ကျပ်တစ်သောင်း)နှုန်းဖြင့် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ ထားဝယ်ခရိုင်**
**ဖုန်း-၀၅၉-၂၁၀၂၃**

# ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွှေချီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၈/မစိုးရိမ်အရှေ့၊ မြေကွက်/ဦးပိုင်အမှတ်(၁၆ဂ)၊ ဧရိယာ ၀ဒသမ ၁၂၂၈ကေရှိ ဒေါ်ခင်နွယ်မြင့် အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဒေါ်ခင်နွယ်မြင့် ၉/ပမန(နိုင်)၀၀၇၄၁၀ (ဘ)ဦးမောင်ကိုမှပိုင်ဆိုင်ကြောင်းအထောက်အထားများတင်ပြပြီး ပေးကမ်းခြင်းစာချုပ်ချုပ်ဆိုရန် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

# ငြင်းချက်ထုတ်ရန်သမ္မန်စာ

## (တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## မန္တလေးခရိုင်တရားရုံးတော်၌
## ၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်-၁၄၀

ဒေါ်သန်းသန်းမြင့် **နှင့်** ၁။ ဒေါ်ခင်လှလှ
၂။ ဦးထွန်းနိုင်
၃။ ဦးဇော်ဝင်း

**တရားလို** **တရားပြိုင်များ**

ဦးဇော်ဝင်း (ဘ) ဦးမြင့်လွင် အကွက်အမှတ် ၄၁၅၊ ၅၈×၅၉ လမ်းကြား၊ ၃၂×၃၃ လမ်းကြား၊ ရွှေယာဉ်မွန်ရပ်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဒေါ်သန်းသန်းမြင့်က လူနေဝိုင်းမြေကွက်အား မိမိတို့မပိုင်ဆိုင်ဘဲ ပိုင်ဆိုင်ပါသည်ဟု အတူပူးပေါင်းလိမ်လည်ရောင်းချခဲ့သူ တရားပြိုင်များထံမှ တရားလိုနစ်နာဆုံးရှုံးခဲ့ရသည့် ငွေကျပ် သိန်း(၁၀၀၀)ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၅ခုနှစ် ဇွန် ၁၂ရက် (၁၃၇၇ခုနှစ် နယုန်လပြည့်ကျော် ၁၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် မေ ၁၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်ထွန်း)**
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**မန္တလေးခရိုင်တရားရုံး**

## ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်
# အကြောင်းကြားစာ

## တရားမကျင့်ထုံးကိုဒ့်ဥပဒေအမိန့်-၂၁၊ နည်း-၂၂
## တာချီလိတ်ခရိုင်တရားရုံး
## ၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၂၆ နှင့်ဆက်သွယ်သည့်
## ၂၀၁၅ခုနှစ် တရားမဇာရီမှုအမှတ်-၆

ဦးရှုံးစော(ဘ)ဦးရှော်လုံ **နှင့်** ဒေါ်နန်းမြညွန့်
**တရားနိုင်** **တရားရှုံး**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့၊ ဆန်ဆိုင်း(က)ရပ်ကွက်၊ ဇီဇဝါလမ်း၊ အမှတ်(၆/၃၀၄)နေ ဒေါ်နန်းမြညွန့် (ယခုနေရပ်လိပ်စာမသိ)အား သိစေရမည်။

၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၂၆တွင် ၁၄-၅-၂၀၁၅ ရက်၌ ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် ဒီကရီကိုအတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၅ခုနှစ် ဇွန် ၁၀ရက် (၁၃၇၇ခုနှစ် နယုန်လပြည့်ကျော် ၉ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၅ခုနှစ် မေ ၂၁ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သက်ထွန်း)**
**ခရိုင်တရားသူကြီး**
**တာချီလိတ်ခရိုင်တရားရုံး**

## အမွေဆက်ခံရန် သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်း
# အကြောင်းကြားစာ

## (အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ ၃၇၃)
## မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်တရားမရုံး၌
## ၂၀၁၅ ခုနှစ် တရားမအထွေထွေမှုအမှတ် ၉
### ကွယ်လွန်သူ ဦးစိန်မြင့်(ခ)လီစိန်ကြည်၌ကျန်ရှိရစ်သောပစ္စည်းအကြောင်း

ဒေါ်စန်းကြူ(ခ)ကြုံးတဲ့ဖုံ **လျှောက်ထားသူ**

အကွက် ၇၂၁၊ စိတ္တရမဟီရပ်၊ ၇၃လမ်း၊ ၂၇×၂၈လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့နေ ဒေါ်စန်းကြူ(ခ)ကြုံးတဲ့ဖုံက ကွယ်လွန်သူ ဦးစိန်မြင့်(ခ)လီစိန်ကြည်၏ မန္တလေးမြို့၊ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၂)တွင် ငွေစုဘဏ်စာရင်းအမှတ် SM-124469 ဖြင့် စုဆောင်းငွေရှိသည်ဖြစ်သည်ဟူ၍ မန္တလေးမြို့နေ ၄င်းကွယ်လွန်သူ ဦးစိန်မြင့်(ခ)လီစိန်ကြည်မှာ ကျန်ရှိရစ်သော ပစ္စည်းပိုင်နက် ရရန်ရှိသော ကြွေးမြီများကိုကောက်ခံရန် အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း၊ ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားကြောင်းကို အများလူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၄င်းကွယ်လွန်သူ ဦးစိန်မြင့်(ခ)လီစိန်ကြည်မှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူ လူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၅ခုနှစ် ဇွန် ၅ရက် (၁၃၇၇ခုနှစ် နယုန်လပြည့်ကျော် ၄ရက်)တွင် လာရောက်ကြရမည်။ ၄င်းရက်တွင် လျှောက်ထားသူ ဒေါ်စန်းကြူ(ခ)ကြုံးတဲ့ဖုံ၏ လျှောက်ထားချက်ကို နာကြား၍ လက်မှတ်ရသင့် မရသင့်သည်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၅ခုနှစ် မေ ၂၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**အမိန့်အရ-**

**(တင်နွယ်နွယ်)**
**ဦးစီးအရာရှိ**
**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်**

# ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ၂ရပ်ကွက်၊ (အလယ်)ဗဟိုလမ်း၊ အမှတ် ၁၆၇၊ ဟောတိုက်(၃ ၁/၂)ထပ်တိုက်၏ (မြေညီထပ်+ထပ်ခိုး)၊ အမြင့်(၁၄ပေ×၆ပေ) တိုက်ခန်းအတွင်းပိုင်းအကျယ်(၂၃ပေ×၃၇ပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်း၌ တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ၂၀-၅-၂၀၁၅ရက်စွဲပါ ဟော(၃ ၁/၂)ထပ်တိုက်သစ်တစ်လုံးဆောက်လုပ်ရန် လုပ်ငန်းလက်ခံခြင်း မြေပိုင်ရှင်နှင့် ကန်ထရိုက်တာ ကတိစာချုပ်အရ ကန်ထရိုက်တာ ဦးသိန်းဦး ၁၄/ညတန(နိုင်)၀၇၄၇၆၅မှ ခံစားခွင့်ရှိသော အခန်းဖြစ်ပြီး မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေကဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူမည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကောင်းမြတ်ဇော် အထက်တန်းရှေ့နေ (စဉ်-၃၇၂၂၅)**
**အမှတ် ၄၆၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

# ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွှေချီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၈/မစိုးရိမ်အရှေ့၊ မြေကွက်/ဦးပိုင်အမှတ်(၁၆ည)၊ ဧရိယာ ၀ဒသမ ၀၈၀ဧကရှိ ဒေါ်ခင်နွယ်မြင့် အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဒေါ်ခင်နွယ်မြင့် ၉/ပမန(နိုင်)၀၀၇၄၁၀ (ဘ) ဦးမောင်ကိုမှပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး ပေးကမ်းခြင်းစာချုပ်ချုပ်ဆိုရန် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

# ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ မင်္ဂလာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၆/မီးရထား၊ မြေကွက်/ဦးပိုင်အမှတ်(၆၁ဃ)၊ ဧရိယာ ၀ဒသမ ၁၁၀ဧကရှိ ဦးစိုးဝင်း အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဒေါ်လှလှစန်း ၉/ပမန(နိုင်)၀၂၅၅၈၈ (ဘ) ဦးလင်းထိန်မှပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး အမွေဆက်ခံစာချုပ်ချုပ်ဆိုရန် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## မိုးကုတ်ဝိပဿနာတရားစခန်းပွဲ

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးမြောက်ရပ်ကွက်၊ ရွှေဂုံတိုင်လမ်း၊ ဗန္ဓုလပင်မှတ်တိုင်၊ လိပ်ပြာကန်တိုက်၊ မြတ်တံခွန်စာသင်တိုက်တွင် ၁၃၇၇ ခုနှစ် နယုန်လပြည့်ကျော် ၄ရက်မှ ၁၀ရက် (၅-၆-၂၀၁၅ ရက် မှ ၁၁-၆-၂၀၁၅ ရက်)အထိ တရားစခန်းဖွင့်လှစ်ပါမည်။ တရားစခန်းဝင်လိုသော ယောဂီများစာရင်းပေးသွင်းနိုင်ကြပါသည်။

ဖုန်း-၀၉-၅၁၁၉၉၇၀၊ ၀၉-၇၃၁၄၇၁၄၃

## မြတ်တံခွန်စာသင်တိုက်
## သိမ်၊ ကျောင်း၊ ဓမ္မာရုံအလှူတော်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးမြောက်ရပ်ကွက်၊ ရွှေဂုံတိုင်လမ်း၊ ဗန္ဓုလပင်မှတ်တိုင်၊ လိပ်ပြာကန်တိုက်၊ မြတ်တံခွန်စာသင်တိုက်တွင် စာပေပရိယတ္တိသင်ကြားသော သံဃာတော်များ သီတင်းသုံးနေထိုင်နိုင်ရန်၊ ယောဂီများတရားအားထုတ်နိုင်ရန် (ပေ၈၀× ပေ၅၀)ရှိ သိမ်၊ ကျောင်း၊ ဓမ္မာရုံတော်ကြီး ဆောက်လုပ်နေပါသည်။အလှူရှင်များကမွှည်းတင်၍ လှူဒါန်းနိုင်ပါသည်။

| | | |
|---|---|---|
| (၁) | ဘုရားခန်း | (၇၀)သိန်း |
| (၂) | အာစီကြမ်းခင်း(၁)လွှာ | (၃၇၀)သိန်း |
| (၃) | စတီးဝရံတာပတ်လည် | (၂၃)သိန်း |
| (၄) | ခန်းမတံခါး | (၁၀)သိန်း |
| (၅) | ရေကန်(၁)ကန် | (၉)သိန်း |
| (၆) | ၁၀ပေ(၁)ခန်း | (၉)သိန်း |
| (၇) | လှေကား(၁)စင်း | (၅)သိန်း |
| (၈) | တိုင်(၁)လုံး | (၃)သိန်း |
| (၉) | ရေချိုးခန်း | (၃)သိန်း |
| (၁၀) | ကုဋီ(၁)ခန်း | (၃)သိန်း |
| (၁၁) | ပြတင်းတံခါး | (၁)သိန်း |
| (၁၂) | ၁ ပေပတ်လည် | (၃)သောင်း(၅)ထောင် |

ကျောင်းဖြစ်မြောက်ရေးအဖွဲ့
မြတ်တံခွန်စာသင်တိုက်
ဖုန်း-၀၉-၅၁၁၉၉၇၀၊ ၀၉-၇၃၁၄၇၁၄၃

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ် (ညည-၁၇)ဦးပိုင်အမှတ် (၁၉-ခ)၊ ၅၈×၅၉လမ်းကြား၊ မင်းရဲကျော်စွာ×ဗထူးလမ်းကြားရှိ ဒေါ်ညို အမည်ဖြင့် ချထားပေးသောမြေကွက်အား ဒေါ်ရင်ရင်မြင့် ၉/မရမ(နိုင်)၀၄၉၃၃၉ မှ မြေချထားမိန့်၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ်၊ အမည်ပြောင်း အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ဒီကရီအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်

## အကြောင်းကြားစာ

တရားမကျင့်ထုံးကိုဒုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂
တောင်ကြီးမြို့နယ်တရားရုံး
၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၃၂ နှင့်ဆက်သွယ်သည့်
၂၀၁၅ခုနှစ် တရားမဇာရီမှုအမှတ်-၁၃

ဦးစိုင်းနောင့်နောင့် နှင့် ၁။ ဗိုလ်ကြီးသက်ခင်
၂။ ဦးရန်ကြားဟုန်
၃။ ဒေါ်ဝေဝေမြင့်

တရားနိုင် တရားရှုံးများ

တောင်ကြီးမြို့၊ အမှတ်(၃) တိုင်းဗဟိုလေ့ကျင့်ရေးတပ်၊ ဟိုပုံးမြို့နေ ဗိုလ်ကြီးသက်ခင်နှင့် ညောင်ပင်သာရပ်ကွက်၊ ယင်းမာပင်ကျေးရွာ၊ သာစည်မြို့နယ်နေ ဦးရန်ကြားဟုန် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ တောင်ကြီးမြို့၊ မြို့နယ်တရားရုံး၏ ၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၃၂တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးစိုင်းနောင့်နောင့်က လျှောက်ထားလာသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် ဒီကရီကိုအတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုစေရန် သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၅ခုနှစ် ဇွန် ၁၉ ရက် (၁၃၇၇ခုနှစ် ပထမဝါဆိုလဆန်း ၃ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၅ခုနှစ် မေ ၂၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ပွန်ဂျာအောင်)
တွဲဖက်မြို့နယ်တရားသူကြီး
တောင်ကြီးမြို့နယ်တရားရုံး

ဒီကရီအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်

## အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဒုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
တောင်ကြီးမြို့နယ်တရားရုံး
၂၀၁၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၃ နှင့်ဆက်သွယ်သည့်
၂၀၁၅ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁၄

ဦးစိုင်းနောင့်နောင့် နှင့် ၁။ ဗိုလ်ကြီးသန်းဦး
၂။ ဦးတွမ်ကြာဖူး
၃။ ဒေါ်ဝေဝေမြင့်

တရားနိုင် တရားရှုံးများ

တောင်ကြီးမြို့၊ တိုင်းဗဟိုလေ့ကျင့်ရေးတပ်(၈)၊ လားရှိုးမြို့နေ ဗိုလ်ကြီးသန်းဦးနှင့် ညောင်ဖြူစခန်းရပ်ကွက်၊ တောင်ကြီးမြို့နေ ဦးတွမ်ကြာဖူး(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ တောင်ကြီးမြို့၊ မြို့နယ်တရားရုံး၏ ၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၃၃တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်ဦးစိုင်းနောင့်နောင့်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် ဒီကရီအတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုစေရန် သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၅ ခုနှစ် ဇွန် ၁၉ရက် (၁၃၇၇ခုနှစ် ပထမဝါဆိုလဆန်း ၃ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၅ခုနှစ် မေ ၂၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ပွန်ဂျာအောင်)
တွဲဖက်မြို့နယ်တရားသူကြီး
တောင်ကြီးမြို့နယ်တရားရုံး

# မွေးနေ့မင်္ဂလာဆုတောင်း

ချစ်ဖေဖေ ဗိုလ်မှူးစိန်ထွန်း(ငြိမ်း)(လက်ထောက်စစ်ဥပဒေချုပ်)B.A,B.L (Advocate),M.L (University of Virginia) ၏ ၂၈-၅-၂၀၁၅ရက်တွင်ကျရောက်သည့် (၉၈) နှစ်ပြည့်မွေးနေ့မင်္ဂလာရက်မြတ်မှ နောင်နှစ်ပေါင်းများစွာတိုင် ဘုရားသခင်ထံတော်မှ ကောင်းချီးမင်္ဂလာ ကြွယ်ဝစွာ ခံစားနိုင်ပါစေ။

ချစ်ဇနီး(Naw Pearl White)
ချစ်သော သားနှင့် သမီး၊ မြေး မြစ်များ

## မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ်
## အပြည်ပြည်ဆိုင်ရာသင်္ဘောသားများနေ့(၂၀၁၅)နှင့်
## (၁၃)ကြိမ်မြောက် ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနား

မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသား အလုပ်သမားများအဖွဲ့ချုပ်၊ အဖွဲ့ချုပ်ဝင်မိသားစုများ၏ **အပြည်ပြည်ဆိုင်ရာသင်္ဘောသားများနေ့(၂၀၁၅)နှင့် (၁၃)ကြိမ်မြောက် ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနား နှစ်ပတ်လည်ညစာစားပွဲ** ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

နှစ်ပတ်လည် ညစာစားပွဲတွင် (၂၀၁၃-၂၀၁၄)ပညာသင်နှစ်၊ အခြေခံပညာအထက်တန်းစာမေးပွဲ၌ ဂုဏ်ထူး(၃)ဘာသာနှင့်အထက် ထူးချွန်စွာအောင်မြင်သောအဖွဲ့ချုပ်ဝင်များ၏ သား/သမီးရင်သွေးများအား ဆုချီးမြှင့်မည့်အစီအစဉ်ပါရှိသောကြောင့် အဖွဲ့ချုပ်ဝင်များ၏ သား/သမီးများသည် ဖခင်၏အဖွဲ့ချုပ်ဝင်ကတ်၊ဆုရကျောင်းသား၏ အောင်လက်မှတ်၊ အမှတ်စာရင်း၊ အပြာရောင်နောက်ခံပတ်စ်ပို့ဆိုဒ်၊ ဓာတ်ပုံနှစ်ပုံနှင့်တကွ အဖွဲ့ချုပ်ရုံးသို့ ၅-၆-၂၀၁၅ရက် ညနေ ၄း၀၀ နာရီ နောက်ဆုံးထားလာရောက် လျှောက်ထားပါရန်နှင့် ညစာစားပွဲအခမ်းအနားသို့ တက်ရောက်မည့်သူများအနေဖြင့် ဖိတ်စာတစ်စောင်လျှင် ကျပ် ၇၀၀၀ိ/ ဖြင့် ဝယ်ယူနိုင်ပါကြောင်း အဖွဲ့ချုပ်၏အဖွဲ့ဝင် မိသားစုများအား လေးစားစွာဖြင့် အသိပေးကြေညာအပ်ပါသည်-

| | | |
|---|---|---|
| **ကျင်းပပြုလုပ်မည့်ရက်** | - | ၂၁-၆-၂၀၁၅ရက် (တနင်္ဂနွေနေ့) |
| **ကျင်းပပြုလုပ်မည့်အချိန်** | - | ညနေ ၅း၀၀ နာရီမှ ၉း၀၀ နာရီ |
| **ကျင်းပပြုလုပ်မည့်နေရာ** | - | Shwe Shan Kan Restaurant, အမှတ်(၁၃၅-ဘီ)၊ အင်းလျားလမ်း၊ University Boat Club၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့ |
| **ဆက်သွယ်ရန်လိပ်စာ** | - | အမှတ်(၅၃)၊၃၇လမ်း၊ ကျောက်တံတားမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး၊ |
| **ဖုန်း** | - | ၀၁-၃၇၅၈၂၀၊ ၀၁-၃၉၂၀၇၆၊ ၀၉-၇၃၀၅၀၆၀၂၊ ဖက်စ်နံပါတ်-၉၅(၁)၃၈၁၅၉၂ |
| **Main Sponsor** | - | RAY SHIPPING ENTERPRISE CO.,LTD. |

Co Sponsor **များအား ထပ်မံကြေညာပေးသွားပါမည်။**

ကျင်းပရေးဗဟိုကော်မတီ
အပြည်ပြည်ဆိုင်ရာသင်္ဘောသားများနေ့
(၂၀၁၅)ကျင်းပရေးအဖွဲ့

## ဖခင်အမည်မှန်

ပျဉ်းမနားမြို့၊ အထက(၂)၊ နဝမတန်း B မှ မနုဂိုယဉ်နှင့်အမက(၆၄) (ပြည်သူ့ပိုင်) ပထမတန်းမှ မငြိမ်းငြိမ်းအေးတို့၏ ဖခင်အမည်မှန်မှာ ဦးဂိုရမ်(စ်)နတ် ၇/ဖမန(နိုင်) ၁၀၀၃၉၈ ဖြစ်ပါကြောင်း။

## အခန်းငှားမည်

ကျောက်မြောင်း၊ ဘယသုဒ္ဓိလမ်း ဒု-ထပ်၊ Hall Type ငှားမည်။

ဖုန်း- ၂၀၆၀၄၉၊ ၂၀၀၇၄၇၊
လိုင်းခွဲ ၁၇၇၁

## Prime Mover (၂၂ဘီး) တွဲယာဉ်
## ယာဉ်မောင်းများ အလိုရှိသည်။

အမှတ်(၄၁၀)(ဂ)၊ စကားဝါလမ်း၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉- ၄၅၀၂၇၂၇၂၈၊ ၀၉-၄၄၈၅၃၃၂၇၂

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

တရားမကျင့်ထုံး ကိုဒုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀
ရန်ကုန်အရှေ့ပိုင်းခရိုင်၊ တွဲဖက်ခရိုင်တရားသူကြီး(၄)ရုံးတော်၌
၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၂၉၀

ဒေါ်နွယ်နီထွန်း နှင့် ဒေါ်သန်းသန်း
တရားလို တရားပြိုင်

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၇)ရပ်ကွက်၊ မဟာဗေဃျလမ်း၊ အမှတ်(၁၅)နေ ဒေါ်သန်းသန်း (ယခုနေရပ်လိပ်စာမသိ) တို့သိစေရမည်။

တရားလိုက သီးခြားသက်သာခွင့်ဥပဒေပုဒ်မ-၁၂ အရ ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ် မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ်၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော် အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ခုနှစ် ဇွန် ၅ ရက် (၁၃၇၇ခုနှစ် နယုန်လပြည့်ကျော် ၄ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေ ရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့် ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလုပ်လိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမတိုင်မီလေးရက်ကတင်သွင်းရမည်။

၂၀၁၅ခုနှစ် မေ ၂၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ငြိမ်းမြင့်)
တွဲဖက်ခရိုင်တရားသူကြီး(၄)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

## မသက်ဆိုင်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ခင်ဦးမြို့နယ်၊ ကျွန်းလည်ကျေးရွာအုပ်စု၊ ကျွန်းဆွယ်ကျေးရွာနေ ဦးစိန်မောင် ၅/ခဥန(နိုင်)၀၆၀၆၇၆၊ ဒေါ်စိန်မြ ၅/ခဥန(နိုင်)၀၄၇၁၈၀ တို့၏ တူမ မညိုသန်း ၅/ခဥန(နိုင်)၁၀၀၈၀၇သည် ဦးလေး-အဒေါ်တို့၏ ဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ တူမအဖြစ်မှ မသက်ဆိုင်ပါကြောင်း ကြေညာအပ်ပါသည်။ နောက်နောင် ၄င်းနှင့်ပတ်သက်သည့် ကိစ္စမှန်သမျှကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

ဦးကြီး- ဦးစိန်မောင်
အဒေါ် - ဒေါ်စိန်မြ

## အမည်ပြောင်း

ဦးသိန်းဝင်းထွန်း၏သား သာဝတ္ထိ အထက ၆၊ နဝမတန်း(D)မှ မောင်ထက်ဝေအောင်ထွန်းအား မောင်ဝေယံလင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်ဝေယံလင်း

## အမည်ပြောင်း

ပင်လုံမြို့၊ အထက(၂)၊ ဆဋ္ဌမတန်း (C) အောင်မှ မောင်ဟိန်းသူရအောင်အား ယနေ့မှစ၍ မောင်ဟိန်းသူရဟုပြောင်းလဲခေါ်ပါရန်။

မောင်ဟိန်းသူရ

## ဖခင်အမည်မှန်

တောင်ကြီးမြို့၊ အထက(၁၁)၊ နဝမတန်း(တွဲ-၇) အောင်မှ မောင်ခိုင်အောင်၏ ဖခင်အမည်မှန်မှာ ဦးကံဌေး ၁၃/တကန(နိုင်)၀၁၈၀၆၈ ဖြစ်ပါကြောင်း။

ဦးကံဌေး

## အမည်ပြောင်း

အထက်(၁၆)ရပ်ကွက်၊ မော်ချီး၊ ဖားဆောင်းမြို့နယ်နေ ဦးခင်ဇော်-ဒေါ်သီသီတို့၏သမီး မဖြူသီအား မခိုင်ယဉ်ဝင့် ၂/ဖဆန(နိုင်)၀၀၉၃၆၅ ဟု ပြောင်းလဲခေါ်ပါရန်။

မခိုင်ယဉ်ဝင့်

## ဖခင်အမည်မှန်

အေးသာယာမြို့၊ အထက (၁)၊ သတ္တမတန်း(ခ)မှ မောင်စိုင်းအာကာမင်းခန့်၏ဖခင်အမည်မှန်မှာ ဦးဇော်မျိုးအေး ဖြစ်ပါကြောင်း။

ဦးဇော်မျိုးအေး

## ပျောက်ဆုံးကြောင်း

ကျွန်မ မစန်းစန်းဌေး ၁၃/တကန(နိုင်) ၁၈၅၅၀၁ ၏ နိုင်ငံကူးလက်မှတ်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၂၀၀၁၈၉

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀
ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်
၂၀၁၄ခုနှစ် တရားမကြီးမှု-၁၃၉

ဒေါ်စိန်စိန်အေး (ပါ-၆) နှင့် ၁။ ဒေါ်ဝင်းရွှေ
၂။ ဒေါ်စန်းညွန့်
၃။ ဦးအောင်ဖေ
၄။ မခင်ကြည်ထက်

တရားလိုများ တရားပြိုင်များ

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ်(၁၀)ရပ်ကွက်၊ ၄၆ လမ်း၊ အမှတ် ၁၄၁ ရပ်နေ အမှတ်(၄) တရားပြိုင် မခင်ကြည်ထက် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုများက "အခမဲ့ခွင့်ပြုချက်ဖြင့် နေထိုင်သူများအား နှင်ထုတ်ဖယ်ရှားပေးစေလိုမှု" လျှောက်ထားစွဲဆိုချက်သည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ်၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် ဇွန် ၁၅ ရက် (၁၃၇၇ခုနှစ် နယုန်လပြည့်ကျော် ၄ ရက်)တနင်္လာနေ့ မွန်းလွဲ ၁နာရီတွင် အထက် အမည်ရေးသားပါရှိသူ တရားစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် မေ ၂၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ အမိန့်အရ-

(နီနီ)
လက်ထောက်ညွှန်ကြားရေးမှူး
ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်

## ဒါရိုက်တာအဖွဲ့ဝင်အဖြစ်မှရပ်စဲခြင်း

ကျွန်မတို့ POPULAR LAND Services Co.,Ltd. မှ ဒေါ်ပြုံးသင်း (ဒါရိုက်တာ)အား သဘောထားချင်းမတိုက်ဆိုင်ပါသဖြင့် ယနေ့မှစ၍ ဒါရိုက်တာအဖြစ်မှ ရပ်ဆိုင်းလိုက်ပါသည်။

ဒေါ်ချိုချိုမာ
(မန်နေဂျင်းဒါရိုက်တာ)

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ အကွက်အမှတ်(၄၁၇)၊ ဦးပိုင်အမှတ်(၁၁၄·ဏ)၊ (၁၆×၁၉)ကြား၊ (၆၀×၆၂)လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သော ခင်ပွန်းဦးဆယ်ကွယ်လွန်သဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၃၂၃/၂၀၁၅)ဖြင့် အမွေဆက်ခံခဲ့သောဇနီး ဒေါ်ထွေးတင်ထံမှ ဦးပိုင် ၁၁၄·ဏ(ခဲစင်း) မြောက်ဘက်ခြမ်းအား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၇၁၇/၂၀၁၅)ဖြင့် ဝယ်ယူခဲ့သူ ဦးသိန်းဇော် ၉/မရမ(နိုင်)၀၂၈၄၉၁ နှင့် ဦးမျိုးသိန်းထွန်း ၉/မရမ(နိုင်)၀၂၄၇၈၆ တို့မှ ဂရန်စာချုပ်မူရင်းပျောက်ဆုံးကြောင်း၊ ရဲစခန်းနှင့်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ ဂရန်မိတ္တူ၊ သက်တမ်းတိုး၊ ဦးပိုင်ခွဲ၊ အမည်ပြောင်းအမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ငွေးရီ (ကညွတ်ကွင်း)
### အသက်(၉၂)နှစ်

ဧယျာဝတီရိုမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း-ဒေါ်ခင်လေးသက်တို့၏မိခင်ကြီး ဒေါ်ငွေးရီသည် ၂၃-၅-၂၀၁၅ရက် ည ၉ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဇေယျာသီရိမြို့နယ် မဲဆန္ဒရှင်ပြည်သူများ**

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ငွေးရီ (ကညွတ်ကွင်း)
### အသက်(၉၂)နှစ်

ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း-ဒေါ်ခင်လေးသက်တို့၏မိခင်ကြီး ဒေါ်ငွေးရီသည် ၂၃-၅-၂၀၁၅ရက် ည ၉ နာရီတွင် ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးတင်ထွန်းအောင်-ဒေါ်မြမြဖြိုး Youth Force Group of Companies**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်ငွေးရီ (ကညွတ်ကွင်း)
### အသက် (၉၂)နှစ်

ဦးတိုးနိုင်မန်း (Chairman, RedLink Communications Co.,Ltd.)နှင့် ဒေါ်ဇေဇင်လတ်တို့၏ အဘွား ဒေါ်ငွေးရီ အသက်(၉၂)နှစ် (ကညွတ်ကွင်း)သည် ၂၃-၅-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးရှိန်းသူအောင်-ဒေါက်တာပြည့်ပြည့်သိန်း**
**ဦးမင်းဆွေလှိုင်-ဒေါက်တာအေးသီရိကျော်**
**ဦးသိန်းသန်းတိုး-ဒေါ်ချောစုထွေး**

### ဘုရား၊ ရဟန်း၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယကာကြီး
## ဦးကျော်သိန်း(ခ)
## Cyril Chit Hla
## B.Sc(Engg)Civil Engineer
## DSA (2nd Batch)
### စိန်ပေါလ်ကျောင်းသားဟောင်း
### အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ သံလွင်လမ်းနေ (ဦးချစ်လှ-ဒေါ်ကျင်စိန်)တို့၏သားကြီး၊ မောင်နှမ ခုနစ်ယောက်၏အစ်ကိုကြီး၊ ဒေါ်မြမြသန်း၏ ခင်ပွန်း၊ မော်မော်သိန်း၊မီမီသိန်း၊ မိုမိုသိန်း၊ ခင်သီရိသိန်းတို့၏ဖခင်၊ မြေးနှစ်ယောက်၊ မြစ်သုံးယောက်တို့၏ ဘိုးဘိုးကြီးသည် ၂၆-၅-၂၀၁၅ရက် နံနက် ၅း၄၄နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မသန္တာစိုး ၁၂/အစန(နိုင်)၁၉၀၂၇၃ သည်မိဘများ၏ဆိုဆုံးမမှုကိုနာခံခြင်းမရှိဘဲ မိဘများအား စိတ်ဆင်းရဲအောင် အမျိုးမျိုး ပြုမူဆောင်ရွက်ပြီး မိဘများအရှက်တကွဲ အကျိုးနည်းဖြစ်အောင် ကြမ်းတမ်းစွာ အော်ဟစ်ပြောဆိုပြုမူ၍ မိဘများအရှက်ရအောင် အကြိမ်ကြိမ်ပြုမူဆောင်ရွက်လျက်ရှိပါသည်။ ထို့ကြောင့် ယနေ့မှစ၍ မသန္တာစိုး ၁၂/အစန(နိုင်)၁၉၀၂၇၃အား သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ဝေဝေမော်(မိခင်)**
**၁၂/အစန(နိုင်)၁၀၉၃၃၉**

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
### ဘဒ္ဒန္တကေသရ(ဂဏဝါစက) မြို့နယ်သံဃနာယကအဖွဲ့ဝင်
### သက်တော် (၆၇)နှစ်၊ သိက္ခာတော် (၄၇)ဝါ

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးမြောက်ရပ်ကွက်၊ ဝဲပုံစာသင်တိုက်ရန်ကြီးအောင်ကျောင်း၏ နာယက စာချဆရာတော် ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ် မယင်းငယ်ကျေးရွာ (ခမည်းတော် ဦးမောင်တင်-မယ်တော် ဒေါ်မြမော်)တို့၏သား ဘဒ္ဒန္တကေသရသည် (၁၃၇၇ခုနှစ် နယုန်လဆန်း ၇ရက်)တနင်္ဂနွေနေ့ နံနက် ၃း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၇ခုနှစ် နယုန်လဆန်း ၁၁ရက်) ၂၈-၅-၂၀၁၅ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ အန္တိမစျာပန ကျင်းပမည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟတပည့်ဒါယကာ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

**ဝဲပုံစာသင်တိုက်**
**တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ငွေးရီ
### (ကညွတ်ကွင်း)
### အသက်(၉၂)နှစ်

ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း - ဒေါ်ခင်လေးသက်တို့၏မိခင်ကြီး ဒေါ်ငွေးရီသည် ၂၃-၅-၂၀၁၅ရက် ည ၉ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ် မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**သီရိပုံချို ဦးလွန်းသီ(စွမ်းအင်ဝန်ကြီး-ငြိမ်း)နှင့်ဇနီး ဒေါ်ခင်မာအေး**

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ငွေးရီ (ကညွတ်ကွင်း)
### အသက်(၉၂)နှစ်

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း-ဒေါ်ခင်လေးသက်တို့၏မိခင်ကြီး ဒေါ်ငွေးရီသည် ၂၃-၅-၂၀၁၅ရက် ည ၉နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သရေစည်သူ ဦးအေးမောင်(ရှေ့နေချုပ်-ငြိမ်း)နှင့်ဇနီး ဒေါ်ခင်မြမြမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ငွေးရီ
### အသက် (၉၂)နှစ်

ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း-ဒေါ်ခင်လေးသက်တို့၏မိခင်ကြီး ဒေါ်ငွေးရီသည် ၂၃-၅-၂၀၁၅ရက် ည ၉ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးနှင့်ဇနီး ဒေါ်တင်တင်ဝင်း**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## သီတဂူ ဒေါ်မြယဉ် (ရွှေတောင်မြို့)
### နာယက၊ ပန်းဘဲတန်းမြို့နယ် မလွန်ဆန်လျှသင်းထောက်အဖွဲ့
### အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၉)ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ အမှတ် ၄၅၃/၄၅၅ (ပထမထပ်)နေ (ဦးကျော်-ဒေါ်တင့်)တို့၏သမီး၊ သီတဂူဦးဟန်[(အတွင်းရေးမှူးချုပ်၊ သီတဂူအပြည်ပြည်ဆိုင်ရာသာသနာပြုအဖွဲ့)၊ (ဥက္ကဋ္ဌ၊ မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်ဂေါပကအဖွဲ့)၊ (ဥက္ကဋ္ဌ၊ ပန်းဘဲတန်းမြို့နယ် မလွန်ဆန်လျှအသင်းထောက်အဖွဲ့)]၏ဇနီး၊ ဒေါက်တာကံထွန်း-ဒေါက်တာခင်ဆွေလှဲ့၊ ဦးအောင်သန်း (တရားလွှတ်တော်ရှေ့နေ)-ဒေါ်ခင်ဆွေဝင်း[ကထိက၊ ရက္ခ(ငြိမ်း)]၊ ဒေါ်မိမိဟန်၊ ဦးအောင်[(တွဲဖက်အတွင်းရေးမှူး၊ မဟာသိမ်တော်ကြီးပရိယတ္တိစာသင်တိုက်ဂေါပကအဖွဲ့)၊ (အတွင်းရေးမှူးချုပ်၊ ပန်းဘဲတန်းမြို့နယ် မလွန်ဆန်လျှသင်းထောက်အဖွဲ့)] -ဒေါ်ကေသီဝင်းတို့၏မိခင်၊ မြေးရှစ်ယောက်၊ မြစ်ခြောက်ယောက်တို့၏ ဘွားဘွားကြီးသည် ၂၅-၅-၂၀၁၅ရက်(တနင်္လာနေ့) ည၇း၄၅ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၅-၂၀၁၅ရက်(သောကြာနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

(နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးအောင်ငွေ
### (ပ)စက်ခန်းအုပ်(ရေကြောင်းဦးစီး၊ ငြိမ်း)
### (မော်လမြိုင်ကျွန်းမြို့နယ်အသင်း)
### အသက်(၈၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၄/တောင်ရပ်ကွက်၊မြို့မလမ်း၊ အမှတ် ၅၈၈နေ (ဦးသာဖူး-ဒေါ်အေးတင်)တို့၏သား၊ (ဦးဖိုးဆိတ်-ဒေါ်စိန်ရွှေ)တို့၏သားသမက်၊ (ဒေါ်ညွန့်တင်)၏ချစ်လှစွာသောခင်ပွန်း၊ ဦးစောလွင်-ဒေါ်ခင်ယုန်၊ ဦးစံကြည်-ဒေါ်စန်းကြည်၊ ဒေါ်ခင်ဝင်းမြ၊ ဦးမြင့်လွင်-ဒေါ်တင်အေးတို့၏အစ်ကို၊ (ဦးဇော်မင်း) -ဒေါ်ကြည်ကြည်လင်း၊ (ဒေါ်ကြည်ကြည်သင်း)၊(ဦးပိုက်တင်)-ဒေါ်ကြည်ကြည်နှင်း၊ ဦးမြင့်အေး-ဒေါ်ခင်မာအေး၊ ဦးဝင်းအောင်၊ ဒေါ်ခင်မာထွေး(လ/ထ ညွှန်မှူး-ရေကြောင်းဦးစီး)၊ ဦးမျိုးအောင်ငွေ-ဒေါ်နုနုသန်း၊ ဦးစိုးနိုင်-ဒေါ်မိုမိုအောင်၊ ဦးမြင့်ချို (ဆည်မြောင်းဦးစီး)-ဒေါ်မီမီအောင်(ဆည်မြောင်းဦးစီး)တို့၏ဖခင်၊ မြေး ၁၉ ယောက်၊မြစ်ကိုးယောက်တို့၏အဘိုးသည် ၂၄-၅-၂၀၁၅ ရက် (တနင်္ဂနွေနေ့)ညနေ ၆း၃၅ နာရီတွင် ရန်ကုန် (ခုတင်-၅၀၀ ဆံ့) အထူးကုဆေးရုံကြီးတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၅-၂၀၁၅ ရက်(ကြာသပတေးနေ့)ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ဒေါ်ခင်ညိုညိုစိန်
### M.Sc(Physic)
### (လက်ထောက်ကထိက၊ငြိမ်း) ရန်ကုန်နည်းပညာတက္ကသိုလ်
### အသက်(၇၀)

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊(၁)ရပ်ကွက်၊ စက်မှုလမ်း၊အမှတ် ၅၈၆နေ (ဦးပန်းစိန်-ဒေါ်ခင်ရွှေ)တို့၏သမီး၊ (ဒုတိယဗိုလ်မှူးကြီးစံကြည်၊ငြိမ်း)၏ချစ်လှစွာသောဇနီး၊ ဒုတိယဗိုလ်မှူးကြီးရဲထွန်းစိန်(ငြိမ်း)-ဒေါ်မိငယ်ငယ်ထွန်း၊ ဗိုလ်မှူးထွန်းအောင်ခိုင်စိန်(ငြိမ်း) (QAM,GOLDEN Myanmar Ais lines)၊ ဦးသက်ဦး (ဒုတိယစက်ရုံမှူး၊ အမှတ်-၄၊ ဓာတ်မြေသြဇာစက်ရုံ၊ မြောင်းတကာ) -ဒေါ်ခင်ဖြူဖြူစိန် (ပထမအင်ဂျင်နီယာ၊ သန်လျင်ရေနံချက်စက်ရုံ)၊ ဦးထွန်းကျော်ခိုင်စိန် (အင်ဂျင်နီယာချုပ်၊ သယ်ပို့စက်ပြင် MOGE)-ဒေါ်ခင်မိမိမိုး၊ ဒေါ်စုသူဇာစိန် (Programme Associate,UNDP)တို့၏အစ်မကြီး၊ မသုသုဝိုင်းစံ၊ မောင်စည်သူစံ (Eternity Star Co.,Ltd.)တို့၏ချစ်လှစွာသော မိခင်သည် ၂၆-၅-၂၀၁၅ ရက် (အင်္ဂါနေ့) နံနက် ၆နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၅-၂၀၁၅ ရက်(ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ် ပါမည်။

(အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ငွေးရီ (ကညွတ်ကွင်း)
### အသက်(၉၂)နှစ်

ဦးအောင်သက်မန်း(CEO-ဧရာရွှေဝါ Group of Companies)-ဒေါ်ခင်နှင်းသန္တာတို့၏အဘွား ဒေါ်ငွေးရီသည် ၂၃-၅-၂၀၁၅ရက် ည ၉ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးနေဝင်းဦး(PEC Ltd.)-ဇနီး ဒေါ်အိငွေဖြူ EMBA(4th Batch)**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အေးမြင့်
### အသက်(၈၅)နှစ်

ဖျာပုံမြို့နေ(ဦးမှုံ-ဒေါ်အေးကြည်)တို့၏သမီး၊ ဟင်္သာတမြို့နေ ဦးအုံကြီး-ဒေါ်ရင်တို့၏သမီးချွေးမ၊ ဦးချန်ဖုး(ခ)ဦးမောင်ဝိ၏ဇနီး၊ ဦးခင်မောင်သိန်း(မြန်ယု၊ ကုန်စည်ပို့ဆောင်ရေးနှင့် အထွေထွေအကျိုးဆောင်လုပ်ငန်း)-ဒေါ်မြင့်မြင့်သန်း၊ ဗိုလ်မှူးအောင်ဝင်း(တပ်မတော်-လေ၊ ငြိမ်း)-ဒေါ်ညိုညိုငွေး၊ ဦးအောင်ဘန်း(ပွင့်ဦးထမင်းဆိုင်)-ဒေါ်သန္တာဦးတို့၏မိခင်၊ မခင်စန်းဝေ၊ မခင်ခိုင်ဇာသိန်း၊ မခင်ဥမ္မာသိန်း၊ မသက်ထား ဆွေ၊ မောင်ထက်အောင်ရှိုင်း၊ မအေးမြတ်သူအောင်၊ မဝင်းနုနုကျော်၊ မသက်ဆုဝင်း၊ မဖူးဝေအောင်၊ အောင်စိုးမြတ်မှူးတို့၏အဘွား၊ မစုပြည့်စုံကျော်၏အဘေးသည် ၂၄-၅-၂၀၁၅ရက်(တနင်္ဂနွေနေ့)ည ၁၀း၃၀နာရီတွင် သုံးပင်ကွင်းရပ်၊ ဗိုလ်အောင်ကျော်လမ်း၊ အမှတ် ၃၈ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၅-၂၀၁၅ရက်(အင်္ဂါနေ့)မွန်းလွဲ ၂နာရီတွင် ကြက်တွန်ရိုးတရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးအောင်လွင်
### အသက်(၅၇)နှစ်

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ ပညာလမ်း၊ အမှတ် ၈၅၇နေ ဦးဘဆွေ-(ဒေါ်နှင်းတင်)တို့၏သား၊ ဆင်ဖြူကျွန်းမြို့နေ (ဦးအေးသိန်း)-ဒေါ်ကြည်အောင်တို့၏သားသမက်၊ မောင်စျာန်ရနိုင်၊ မောင်ဝေယံထူးတို့၏ဖခင်၊ ဒေါ်ခင်နွယ်နွယ်ဇင်၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်သန်းလှဝေ၊ ဦးကျော်ရွှေ-ဒေါ်အေးအေးတို့၏မောင်သည် ၂၅-၅-၂၀၁၅ရက် မွန်းလွဲ ၂း၁၀နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၅-၂၀၁၅ရက် ညနေ ၅း၃၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကွယ်လွန်သူအားရည်စူး၍ ၃၁-၅-၂၀၁၅ရက် နံနက် ၇ နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
## ဒေါ်ခင်လေးဆွေ
### အသက်(၄၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ သူရ ၅လမ်း၊ အမှတ် (၁၆၉/ခ)နေ ဦးတင့်ဆွေ-ဒေါ်ခင်လှတို့၏ပဥ္စမမြောက်သမီး၊ လှိုင်မြို့ နယ်၊ (၆)ရပ်ကွက်၊ သုခရိပ်သာ ၅၂လမ်း၊ အမှတ်၅နေ (ဦးမျိုးတင့်)-ဒေါ်ထွေးတင် တို့၏သမီးချွေးမ၊ ဦးစိုးနိုင်-ဒေါ်အရီတို့၏ တူမ၊ ဦးနေမျိုးဦး၏ ချစ်လှစွာသောဇနီး၊ ဦးရဲထွန်း(မြင့်ဆောက်လုပ်ရေး)-ဒေါ်မြင့်မြင့်ဆွေ(ခေတ္တ-မလေးရှား)၊ ဦးကျော်ကျော်(ဟေမဝန်ဈေး)-ဒေါ်မာမာဆွေ၊ ဒေါ်တင်တင်ဆွေ(ခေတ္တ-မလေးရှား)၊ (ဦးခင်မောင်လွင်)-ဒေါ်ခင်ခင်ဆွေ(ခေတ္တ-မလေးရှား)တို့၏ညီမ၊ (ဦးမျိုးနိုင်)-ဒေါ်မင်းမင်းဆွေ၊ဒေါ်စန္ဒာဆွေ၊ ဦးဇော်ဇော်အောင်(ခေတ္တ-မလေးရှား)၊ ဒေါ်ယုယုဆွေ(ခေတ္တ-မလေးရှား)တို့၏ အစ်မ၊ (ဦးသန့်ဇင်ဦး)၊ ဦးထွန်းဇော်ဦး-ဒေါ်မိမိ၊ ဦးကောင်းမြတ်ရှိန်-ဒေါ်သင်းသင်းတို့၏ညီမ၊ တူ၊တူမ ၁၅ယောက်တို့၏ အဒေါ်၊ မြေး ငါးယောက်တို့၏ အဘွားသည် ၂၄-၅-၂၀၁၅ရက် (တနင်္ဂနွေနေ့) ညနေ ၃း၀၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၅-၂၀၁၅ရက်(ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအား ရည်စူး၍ ၃၀-၅-၂၀၁၅ရက်(စနေနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ငွေးရီ (ကညွတ်ကွင်း)
### အသက် (၉၂)နှစ်

ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း-ဒေါ်ခင်လေးသက်တို့၏ မိခင်ဖြစ်သူ ဒေါ်ငွေးရီသည် ၂၃-၅-၂၀၁၅ရက် ည ၉ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ**
**ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ငွေးရီ (ကညွတ်ကွင်း)
### အသက် (၉၂)နှစ်

ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း-ဒေါ်ခင်လေးသက်တို့၏ မိခင်ကြီး ဒေါ်ငွေးရီ(ကညွတ်ကွင်း)သည် ၂၃-၅-၂၀၁၅ရက် (စနေနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာအောင်ထွဋ်နှင့်ဇနီး ဒုတိယဝန်ကြီးဒေါက်တာသက်သက်ဇင်**
**ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ငွေးရီ (ကညွတ်ကွင်း)
### အသက် (၉၂)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ကညွတ်ကွင်းမြို့နေ ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း-ဒေါ်ခင်လေးသက်တို့၏မိခင်ကြီး ဒေါ်ငွေးရီသည် ၂၃-၅-၂၀၁၅ရက် ည ၉ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယဝန်ကြီး ဦးတင်ငွေနှင့်ဇနီး ဒေါ်ခင်မြချစ် မိသားစု**
**မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ငွေးရီ (ကညွတ်ကွင်း)
### အသက် (၉၂)နှစ်

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း-ဒေါ်ခင်လေးသက်တို့၏မိခင်ကြီး ဒေါ်ငွေးရီသည် ၂၃-၅-၂၀၁၅ရက် ည ၉ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယဝန်ကြီးဦးဇော်ဝင်းနှင့် ဇနီး ဒေါ်ခင်လေးမြင့်**
**မိသားစု**
**အားကစားဝန်ကြီးဌာန**

**အမည်ပြောင်း**

မြောက်ဦးမြို့၊ ညောင်ပင်ဈေးရပ်ကွက်၊ ရုံးကြီးလမ်းနေ ဦးထွန်းအောင်ကျော်၏သမီး မဖြူဖြူအေး ၁၁/မဥန(နိုင်)၀၆၇၀၂၇အား မချိုဇင်သွဲ့ဟု ပြောင်းလဲခေါ်ပါရန်။

**မချိုဇင်သွဲ့**

**ယနေ့ မာတိကာ**


**အာဒိုဂန်သည် တူရကီကို အဓိကအင်အားကြီး ကာကွယ်ရေးအင်အားစု နိုင်ငံအဖြစ် ပြောင်းလဲ**
စာမျက်နှာ » ၄

**မြေနှင့် မြေအန္တရာယ် အကြောင်း သိကောင်းစရာ**
ဆောင်းပါး စာမျက်နှာ » ၆

**တာမွေအဝိုင်း၌ လေးလမ်းသွား ခုံးကျော်တံတား တည်ဆောက်မည်**
စာမျက်နှာ » ၁၄




သဲနုန်းများပို့ချမှုကြောင့် တိမ်ကောလာသည့် မိတ္ထီလာ(မြောက်)ကန်ကြီးကို စက်ယန္တရားများဖြင့် ပြန်လည်တူးဖော်သွားမည်ဖြစ်သည်။ (သတင်း၊ စာမျက်နှာ-၉)

# ဆီးဂိမ်းပြိုင်ပွဲဝင်မည့် မြန်မာခြင်းလုံးအဖွဲ့

သတင်း-ညီမြတ်သော်တာ
ဓာတ်ပုံ-ဖိုးသော်ဇင်

ရန်ကုန် မေ ၂၇

(၂၈) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် အားကစားနည်း ၃၆ မျိုး ထည့်သွင်းကျင်းပမည်ဖြစ်ပြီး မြန်မာ့ရိုးရာအားကစားနည်းဖြစ်သည့် ခြင်းလုံးပြိုင်ပွဲကို ပိုက်ကျော်ခြင်း ပြိုင်ပွဲနှင့်အတူ ကျင်းပမည်ဖြစ်သည်။



မြန်မာခြင်းလုံးကစားသမားများ လေ့ကျင့်နေစဉ်။

ဆီးဂိမ်းပြိုင်ပွဲတွင် ခြင်းလုံးပြိုင်ပွဲ၌ ရွှေတံဆိပ်လေးခု ချီးမြှင့်မည်ဖြစ်ပြီး အခြေခံအဆင့် မျိုးကွဲပြိုင်ပွဲ (Event-1)၊ အခြေခံအဆင့် မျိုးတူပြိုင်ပွဲ (Event -2)၊ အခြေခံအဆင့် အတွဲပြိုင်ပွဲ (Event -3)၊ ဒုတိယအဆင့် မျိုးကွဲပြိုင်ပွဲ (Event-4)တို့ ပါဝင်မည်ဖြစ်သည်။ အိမ်ရှင် စင်ကာပူနိုင်ငံ၏ ကန့်သတ်ချက်အရ ပြိုင်ပွဲဝင် တစ်နိုင်ငံလျှင် ပြိုင်ပွဲအမျိုးအစား နှစ်မျိုးသာ ယှဉ်ပြိုင်ခွင့်ရရှိရာ မြန်မာအသင်းမှာ Event -2 ပြိုင်ပွဲနှင့် Event -4 ပြိုင်ပွဲတို့ကို ယှဉ်ပြိုင်မည်ဖြစ်သည်။ ခြင်းလုံးပြိုင်ပွဲကို ဇွန် ၆ ရက်နှင့် ၇ ရက်တို့တွင် ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းမှာ ဇွန် ၆ ရက်တွင် Event-4 ပြိုင်ပွဲ၊ ဇွန် ၇ ရက်တွင် Event -2

*စာမျက်နှာ ၈ ကော်လံ ၁* ❐

# ရခိုင်တိုင်းရင်းသူအလှမယ် ဇွန်သံစဉ် နိုင်ငံတကာပြိုင်ပွဲ၌ သရဖူဆွတ်ခူး

**ရန်ကုန် မေ ၂၇**



တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့၌ ယနေ့ကျင်းပသည့် Luxury Brand Model Awards ပြိုင်ပွဲ၌ မြန်မာနိုင်ငံ ကိုယ်စားပြု အလှမယ် ရခိုင်တိုင်းရင်းသူ ဇွန်သံစဉ်က သရဖူဆွတ်ခူး ရရှိခဲ့ကြောင်း သိရသည်။

ဇွန်သံစဉ် အနေဖြင့် LBMA ၏ 2015 ခုနှစ် Winner ဆုအပြင် Beauty Model Award ဆုကိုပါ ဆွတ်ခူးနိုင်ခဲ့ပြီး ပြိုင်ပွဲတွင် ဒီဇိုင်နာ မပို့ တီထွင်ချုပ်လုပ်ထားသည့် ပုဂံရိုးရာဝတ်စုံနှင့် ဒီဇိုင်နာမျိုးမင်းစိုး တီထွင်ချုပ်လုပ်ထားသော မြန်မာမှု ခေတ်သုံးခေတ်လက်ရာ ဝတ်စုံများနှင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။

*စာမျက်နှာ ၃ ကော်လံ ၅* ❋







မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS